# ကြေးမုံ

**The Mirror Daily**

Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 1 May 2020 ၉၉၉၉


# နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ရေး စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက်)**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

ယနေ့ကျရောက်သည့် အလုပ်သမားနေ့အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အလုပ်သမားထုတစ်ရပ်လုံးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ COVID-19 ကပ်ရောဂါကြောင့် တွေ့ကြုံရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုလည်း ပြည်သူများနှင့်အတူ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁၉ ရာစုအတွင်း ကမ္ဘာတစ်လွှားမှ ဖိနှိပ်ခံအလုပ်သမားများသည် ရသင့်ရထိုက်သည့် အခွင့်အရေးများရရှိရေးအတွက် အခက်အခဲများကြားမှ နည်းလမ်းမျိုးစုံဖြင့် တောင်းဆိုခဲ့ကြသည့် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုသောအားဖြင့် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**






Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေး

နေပြည်တော် ဧပြီ ၃၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍


## ၂၀၂၀ ပြည့်နှစ် အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။

# ကြေးမုံ

## အလုပ်သမားဂုဏ်ရည်နှင့် ကြိုးစားမှုကိုဂုဏ်ပြု

မေလ ၁ ရက်နေ့သည် ကမ္ဘာ့အလုပ်သမားနေ့ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ကာယလုပ်သား၊ ဉာဏလုပ်သား အားလုံးတို့၏ အပင်ပန်းအဆင်းရဲခံ စွမ်းဆောင်ကြသည့်ဂုဏ်ရည်နှင့် ကြိုးစားအားထုတ်ခဲ့မှုများကို အသိအမှတ်ပြုသောအားဖြင့် ကမ္ဘာ့အလုပ်သမားနေ့ဟု အသိအမှတ်ပြု ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။ အလုပ်သမားဟူသည် မိမိအသက်မွေးမှုအတွက် ကာယအား၊ ဉာဏအားကို အသုံးပြု၍ အလုပ်လုပ်နေကြသူများဖြစ်သည်။

မိမိတို့ဘဝရှင်သန်ရပ်တည်ရေးအတွက် အလုပ်လုပ်ကြသူများဖြစ်ကြသော်လည်း မိမိတို့တိုင်းပြည်ကုန်ထုတ်စွမ်းအား တိုးတက်ရေးကိုရှေးရှု၍ အလုပ်ရှင်လည်း စီးပွားဥစ္စာဖြစ်ထွန်း၊ မိမိတို့လည်း လုပ်ခလစာရရှိအောင် ခွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်နေကြသူများ ဖြစ်သည်။ တိုးတက်သည့်နိုင်ငံဖြစ်စေ၊ မတိုးတက်သည့်နိုင်ငံဖြစ်စေ နိုင်ငံ့ကြီးပွားရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး၊ နိုင်ငံရေးဆိုင်ရာတို့တွင် အလုပ်သမားများ၏ အခန်းကဏ္ဍသည် အစဉ်အဆက်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အရင်းရှင်နယ်ချဲ့ခေတ်က အလုပ်သမားများ ရသင့်ရထိုက်သောအခွင့်အရေးများမရရှိခြင်း၊ မတရားဖိနှိပ်မှုတို့ကို ခံရခြင်းတို့ကြောင့် အရင်းရှင်နယ်ချဲ့ခေါင်းပုံဖြတ်မှုစနစ်ကို တွန်းလှန်ခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးသည် နယ်ချဲ့စနစ်ဆိုးကို မီးမောင်းထိုးပြခဲ့သည့် အလုပ်သမားလှုပ်ရှားမှု၊ အလုပ်သမားအရေးတော်ပုံကြီးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အလုပ်သမားအရေးတော်ပုံများ ရှိခဲ့ကြသည်။ မတရားဖိနှိပ်ခိုင်းစေမှုများ၊ လုပ်ခလစာနည်းပါးမှုတို့ကို ဖော်ထုတ်၍ အလုပ်သမားများ၏ အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ခဲ့သည်။

မျက်မှောက်ကာလ အထူးသဖြင့် ဒီမိုကရေစီခေတ်ကာလတွင် အလုပ်သမားများ၏ အခွင့်အရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်များမှာ ခေတ်နှင့်လျော်ညီစွာ အစဉ်အမြဲတိုးတက်ရရှိလာခဲ့သည်။ အလုပ်သမားများ၏ ရပိုင်ခွင့်၊ ခံစားခွင့်များကို အစိုးရတို့က အစဉ်အမြဲဖြည့်ဆည်းပေးနိုင်ခဲ့သည်။ အလုပ်သမားတို့သည် ကုန်ထုတ်စွမ်းအားမြင့်မားတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ အလုပ်သမားအခြေခံလူတန်းစားများသည် သင့်တင့်လျောက်ပတ်သော လူမှုစီးပွားဘဝဖွံ့ဖြိုးမှုများကို ရရှိပိုင်ဆိုင်နိုင်ကြသလို နိုင်ငံ့စီးပွားနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း တစ်စတစ်စတိုးတက်လာခဲ့သည်။

ကာယ၊ ဉာဏစွမ်းအားကို ကိုယ်ခန္ဓာဖြင့် အရင်းစိုက်ရာမှ စက်မှုနှင့် နည်းပညာ တီထွင်နိုင်မှုစွမ်းပကားများဖြင့် ကာယ၊ ဉာဏအလုပ်သမားစွမ်းအားများ တိုးတက်လာအောင်၊ ကုန်ထုတ်လုပ်မှုနှင့် စွမ်းဆောင်မှုမြင့်မားလာအောင် ကြိုးပမ်းအားထုတ်နိုင်သည့်အတွက် အလုပ်သမားများ၏ဘဝနှင့် နိုင်ငံ၏အခြေအနေတို့ မြင့်မားတိုးတက်ဖွံ့ဖြိုးသည့်ဘက်သို့ ရောက်ရှိလာခဲ့သည်။ မျက်မှောက်ခေတ်ကာလ အလုပ်သမားများသည် တစ်ချိန်သောကာလကကဲ့သို့ နိမ့်ကျသည့်ဘဝများမဟုတ်တော့ဘဲ အများတန်းတူ ညီတူညီမျှ တင့်တယ်သောဘဝများသို့ ရောက်ရှိလာခဲ့သည်။

မျက်မှောက်ကာလတွင် တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် ကိုဗစ်–၁၉ ရောဂါဘေးကြောင့် အလုပ်သမားများ၏ ဘဝအခြေအနေများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ခေတ္တခဏ တုံ့ဆိုင်းနှေးကွေးမှုများရှိနေသော်လည်း နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးဖြည့်ဆည်းအားပေးမှုများနှင့် ရေရှည်ပြန်လည်လည်ပတ်ရပ်တည်နိုင်ရေး အစီအမံများဖြင့် ဆောင်ရွက်နေမှုကြောင့် များမကြာမီကာလများတွင် အလုပ်သမားများနှင့် ကုန်ထုတ်လုပ်ငန်းများ ပြန်လည်ရှင်သန်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ထားကြသည်။

ယနေ့ကမ္ဘာပေါ်တွင် အခြေအနေအရပ်ရပ်တို့ကြောင့် ကြုံတွေ့လာရသော စိန်ခေါ်မှုများကို ကာယ၊ ဉာဏအလုပ်သမားများ၏ စွမ်းပကားများဖြင့် ရုန်းကန်နိုးထ ပြန်လည်ရှင်သန်လာအောင် စွမ်းဆောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြပါသည်။ ထို့ကြောင့် ကိုဗစ်–၁၉ ရောဂါအလွန်ကာလတွင် နိုင်ငံတိုင်း နိုင်ငံတိုင်း၊ ဒေသတိုင်း ဒေသတိုင်း၌ အခြေခံအလုပ်သမားများနှင့် ကာယ၊ ဉာဏလုပ်အားရှင်များ၏ အစွမ်းကုန်ကြိုးပမ်းအားထုတ် လုပ်ဆောင်မှုများကြောင့် မူလအခြေအနေထက် သာလွန်တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ ကာယ၊ ဉာဏအလုပ်သမားများသည် ခေတ်အဆက်ဆက်ဖြစ်ပျက်ခဲ့ကြသော လှိုင်းကြီးလေထန် လောကမုန်တိုင်းဒဏ်များကို ပါဝင်တွန်းလှန်ဖယ်ရှားနိုင်ခဲ့ကြပြီး နိုင်ငံပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အစွမ်းကုန်ပါဝင်ထမ်းရွက်ကြမည့်သူများ၊ ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြ၍ ပြည်သူ ပြည်သား အလုပ်သမားများ၏ ဂုဏ်ရည်နှင့် ကြိုးစားအားထုတ်မှုကို ကမ္ဘာ့အလုပ်သမားနေ့တွင် အထူးတလည် မှတ်တမ်းတင် လေးစားဂုဏ်ပြု အသိအမှတ်ပြုလိုက်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ “စောစောရှာ” Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက်ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀–၄–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၄,၀၁၆ | ၄၀,၁၆၀,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၄,၁၂၆ | ၁၅,၅၀၇,၀၅၀ |
| MCB | ၈,၂၀၀ | ၈,၁၀၀ | ၇၀၅ | ၅,၃၆၉,၅၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၅၀၀ | ၁,၇၆၅ | ၃၉,၁၁၃,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၄၂ | ၆၆၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၃၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၀/၄၅၅ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၃၀/၄၅၀ | ကျပ် | ၄၉၅/၅၀၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၁၀ | ကျပ် | ၃၄၀/၃၅၀ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀/၄၇၀ | ကျပ် | ၄၇၅/၄၈၅ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၄၅/၃၅၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၅၅/၃၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၀.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၂.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၅၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၄.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၈၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၀.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၇.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

**❋ နိုင်ငံတော်အစိုးရမှ**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်းရာကျော်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆက်ဆံရေးကောင်းမွန်ပြီး တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရေး၊ ပြည်တွင်း၊ ပြည်ပ၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင် ရရှိစေရေးနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထုယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးနိုင်ရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု လေ့ကျင့်သင်ကြားပေးရေး၊ အလုပ်သမားများအတွက် လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် လူမှုဖူလုံရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ရောဂါရရှိခံစားရမှု လျော့နည်းကျဆင်းရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို လွတ်လပ်ပြီး တရားမျှတမှုရှိသော သုံးပွင့်ဆိုင်စနစ်ဖြင့် ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရေးတို့အတွက် ဥပဒေများပြဋ္ဌာန်းပြီး စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူဝါဒပိုင်းနှင့် လက်တွေ့ကျင့်သုံးမှုပိုင်းတွင် လူမှုရေးတွေ့ဆုံဆွေးနွေးမှုများ အားကောင်းရန်ဆောင်ရွက်ခြင်း၊ ကောင်းမွန်သောဥပဒေမူဘောင်များနှင့် အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးခြင်းတို့ဖြင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

စတုတ္ထစက်မှုတော်လှန်ရေး (Industrial Revolution 4.0) ခေတ်ကာလတွင် အလုပ်သမားများ၏ကျွမ်းကျင်မှုအရေးပါလာသောကြောင့် မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ဖွဲ့စည်းခဲ့ပါသည်။

NSSA ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက အလုပ်အကိုင် (၅၂) မျိုးအတွက် ကျွမ်းကျင်မှု “စံ” များရေးဆွဲသတ်မှတ်ထားပါသည်။ NSSA အသိအမှတ်ပြုကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနများတွင် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသောကြောင့် အလုပ်ရှင်များအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လည်း အလေးထားတိုက်တွန်းလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးတို့အပြင် အခြေခံလိုအပ်ချက်များကို ပြည့်မီစေရန် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီ အနည်းဆုံးအခကြေးငွေကို တတိယအကြိမ် ပြင်ဆင်သတ်မှတ်နိုင်ရေး အမျိုးသားကော်မတီက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များရယူကာ သုံးပွင့်ဆိုင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်စေရန် Decent Work Country Programme–DWCP (2018–2021) ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီဖွဲ့စည်း၍ အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုရရှိခံစားနိုင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ရေးအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလထိ လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်သည့် အာမခံအလုပ်သမားအင်အား ၁ ဒသမ ၄၆ သန်းကျော်ရှိပြီဖြစ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ စီမံခန့်ခွဲမှုကဏ္ဍပြုပြင်ပြောင်းလဲခြင်း၊ ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းတို့ကို ILO နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီထောက်ပံ့မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

COVID–19 ကပ်ရောဂါနှင့် အထွေထွေရိုက်ခတ်မှုကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအာမခံကြေး ထည့်ဝင်ထားသည့် အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဖိုး၊ ခရီးစရိတ်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှ တစ်နှစ်အထိ တိုးမြှင့်ခံစားနိုင်ရန် စီမံဆောင်ရွက်ထားပါသည်။ မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံကို COVID–19 ရန်ပုံငွေထူထောင်ရာတွင် ထည့်သွင်းမတည်ခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူတစ်ရပ်လုံးအနေဖြင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အထူးသဖြင့် COVID–19 ကပ်ရောဂါ ရိုက်ခတ်မှုကြောင့် လတ်တလောဖြစ်ပေါ်နေသည့် အခက်အခဲအကျပ်အတည်းများကို အစိုးရ၊ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းစဉ်များကိုချမှတ်ပြီး လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် အလုပ်သမားအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည် မိမိအဖွဲ့အစည်း၊ မိမိအသိုက်အဝန်း၊ မိမိအဖွဲ့ဝင်များ၏ အကျိုးစီးပွားများကို ဖော်ဆောင်ပေးရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေး၊ နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် ဥပဒေနှင့်မညီသည့် ဆူပူမှု၊ ဆန္ဒပြမှုများ ဖြစ်ပွားစေရန် ဘေးကသွေးထိုးလှုံ့ဆော်မှုများ ဝင်ရောက်လာတတ်သည်ကိုလည်း အထူးသတိပြုကြရန် လိုအပ်မည်ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားထု၏အင်အားသည် အဓိကကျသကဲ့သို့ အလုပ်အကိုင်များ ဖန်တီးပေးသည့် အလုပ်ရှင်များသည်လည်း အလုပ်သမားများအတွက် မရှိမဖြစ်သော မိတ်ဖက်ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းစေနိုင်သကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူဖြစ်စေပါသည်။ ထို့ပြင် လုပ်ငန်းခွင်ဘေးကင်းလုံခြုံပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လုပ်သားအရင်းအမြစ် ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးနိုင်မှသာ ဈေးကွက်စီးပွားရေးအတွက် တည်ငြိမ်သည့် အခြေအနေကောင်းများရရှိပြီး အားကောင်းသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့မှသာ အလုပ်သမားထုအတွက်လည်း ရေရှည်တည်တံ့သည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာကာ မိမိတို့၏ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး ထိုက်သင့်သည့် ဝင်ငွေကောင်းများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

အလုပ်သမားများ လုပ်သလောက် အကျိုးခံစားခွင့်ရရှိ၍ သင့်တင့်သည့်

**❍ COVID-19 ကပ်ရောဂါနှင့် အထွေထွေရိုက်ခတ်မှုကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအာမခံကြေး ထည့်ဝင်ထားသည့် အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဖိုး၊ ခရီးစရိတ်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှ တစ်နှစ်အထိ တိုးမြှင့်ခံစားနိုင်ရန် စီမံဆောင်ရွက်ထား**

**❍ မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ၅၀ ဘီလီယံကို COVID-19 ရန်ပုံငွေထူထောင်ရာတွင် ထည့်သွင်းမတည်ခဲ့**

အလုပ်ရှင်၊ အလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ အားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် သတိ၊ ဝီရိယ၊ ပညာ အားကိုး၍ ပူးပေါင်းရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါသည်။ COVID–19 ကပ်ရောဂါဆိုးကြီးကို ကျော်လွှားနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံးက တုံ့ပြန်ဆောင်ရွက်နေသည့်အချိန်တွင် အလုပ်သမားများ၏ တက်ကြွစွာပူးပေါင်းပါဝင် လုပ်ဆောင်မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

အလုပ်သမားများအနေဖြင့် ပြင်ဆင်ပြဋ္ဌာန်းထားသည့် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အဖွဲ့အစည်းဝင်အလုပ်သမားများ ကိုယ်တိုင်

လူနေမှုဘဝပိုင်ဆိုင်ကာ နောင်ရေးအတွက် ပူပန်စရာမလိုသည့် အဆင့်မျိုး ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ကြိုးစားဖော်ဆောင်ပေးသွားမည် ဖြစ်ပါသည်။ စီးပွားရေးမိတ်ဖက်များအဖြစ် အပြန်အလှန်အကျိုးပြုနေသည့် အလုပ်သမားများနှင့် အလုပ်ရှင်များသည်လည်း နိုင်ငံတော်အစိုးရနှင့်အတူ ဟန်ချက်ညီပူးပေါင်း၍ ရင်ဆိုင်ကြုံတွေ့နေရသည့် အတားအဆီးအခက်အခဲများကို မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုဖြင့် ကျော်ဖြတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်တည်ဆောက်ရေးတို့တွင် တစ်တပ်တစ်အား ပါဝင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**❖ တောင်သူလယ်သမားမှ**

ကောက်ခံသည့်အတိုးနှုန်းများကို အောက်ဖော်ပြပါအတိုင်း လျှော့ချပြင်ဆင်ကောက်ခံသွားမည်ဖြစ်ပါသည် –

| စဉ် | ချေးငွေအမျိုးအစား | လက်ရှိအတိုးနှုန်း (၁ နှစ်) | ပြင်ဆင်သည့်အတိုးနှုန်း (၁ နှစ်) |
|---|---|---|---|
| (က) | စိုက်ပျိုးစရိတ်ချေးငွေ | ၇ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း |
| (ခ) | JICA, Two Step Loan | ၆.၅ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း |
| (ဂ) | MEB, Two Step Loan | ၈ ရာခိုင်နှုန်း | ၆.၅ ရာခိုင်နှုန်း |

၄။ တောင်သူများ၏ စုဆောင်းအပ်နှံငွေအပေါ် ပေးမည့်အတိုးနှုန်းကိုလည်း ထုတ်ချေးငွေအပေါ် အတိုးနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန် လက်ရှိအတိုးနှုန်း ၁ နှစ် ၆.၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်မည်ဖြစ်ပါသည်။

၅။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးငွေနှင့် စုဆောင်းအပ်ငွေတို့အပေါ် ပြင်ဆင်သတ်မှတ်သည့်အတိုးနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးစဉ်။

☆ ကျန်းမာရေးဌာနဘက်က မည်မျှကြိုးစားကြိုးစား၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင် ပူးပေါင်းဆောင်ရွက်မှ ဖြစ်မည်ဆိုသည်ကို နားလည်ရန် အင်မတန်အရေးကြီး

☆ ယခုအချိန်တွင် ပြည်သူများအနေဖြင့် များစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက မည်သူမဆိုဖြစ်နိုင်သည်၊ ယင်းရောဂါကို ရနိုင်သည်ဆိုသည့်စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်

❍ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါ်ငွေးငွေး တင်က (COVID–19) ရောဂါရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများနှင့် ဆက်စပ်သောပစ္စည်းများ ထောက်ပံ့ရေး၊ (COVID–19) ရောဂါရှာဖွေနိုင်သော စမ်းသပ်မှုအရေအတွက် ပိုမိုတိုးမြှင့်နိုင်ရေး နည်းလမ်းများ၊ ရောဂါဗေဒဆရာဝန်များ၏ ဇီဝလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ရောဂါရှာဖွေရေးအတွက် ရယူရသည့် နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်များ နည်းစနစ်မှန်စွာရယူခြင်း၊ ထုပ်ပိုးခြင်း၊ ပေးပို့သယ်ဆောင်ခြင်းကိစ္စရပ်များကို လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာလှက(COVID–19) ရောဂါ ကုသရေးအတွက် ဆေးရုံများပြင်ဆင်ထားရှိမှု၊ ရောဂါကူးစက်မှု ကာကွယ်ထိန်း ချုပ်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေမှု၊ (COVID–19)ရောဂါလူနာများအား ကုသစောင့်ရှောက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး တွဲဖက်ကုသရေးတာဝန်ခံ၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါ်မိုးမိုးစမ်းက (COVID–19) ရောဂါ၏ ရောဂါလက္ခဏာ ပြောင်းလဲလာမှု၊ ရောဂါကူးစက်နိုင်သည့် အခြေအနေများ၊ (COVID–19) ရောဂါမပြန့်ပွားစေရန် ဆောင်ရွက်နေမှု၊ ပြည်သူ လူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များ လိုက်နာမှု၊ လက်ရှိအခြေအနေတွင် ဆေးရုံများ၌ (COVID–19) လူနာများအား နိုင်နိုင်နင်းနင်း ကုသပေးနိုင်မှု၊ နိုင်ငံတကာတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ဆရာဝန်များနှင့် အတွေ့အကြုံများဖလှယ်ပြီး (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်နေမှုတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုအနေဖြင့် (COVID–19) ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာပြီး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ မိမိကိုယ်ကို ကာကွယ် ရန်နှင့် မိမိကတစ်ဆင့် တခြားသူအား မကူးစက်စေရေး သတိပြုကြရန်နှင့် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြား ရာတွင် မိမိတို့နိုင်ငံသည် ချမ်းသာသည့် နိုင်ငံမဟုတ်သော်လည်း တတ်နိုင်သမျှ အကောင်းဆုံးကုသမှုပေးနေပါကြောင်း၊ ရောဂါပြင်းထန်သည်ဖြစ်စေ၊ မပြင်းထန် သည်ဖြစ်စေ ဆေးရုံတွင် ခေါ်ယူကုသပေးနေပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဘက်က များစွာကြိုးစားရပါကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင် ရွက်မှုသည် အင်မတန်မှလိုအပ်ပါကြောင်း၊ ရှိသမျှအရင်းအမြစ်များဖြင့် နိုင်ငံတော် က တာဝန်ယူမည်ဟု အစကတည်းက ဆုံးဖြတ်ထားပါကြောင်း။

**ပြည်သူများ ပူးပေါင်းဆောင်ရွက်စေလို**

ကျန်းမာရေးဌာနဘက်က မည်မျှကြိုးစားကြိုးစား၊ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင် ပူးပေါင်းဆောင်ရွက်မှ ဖြစ်မည်ဆိုသည်ကို နားလည်ရန် အင်မတန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ အလုပ်များ၊ ကျန်းမာရေးဌာနအသီးသီး၏ အလုပ်များကို ပံ့ပိုးပေးရန် ကြိုးစား ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့ ရုန်းကန်ရချိန်တွင် ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ လူများစွာ ရောဂါဖြစ်လာလျှင် နိုင်ငံတော် တွင်ရှိသည့် ကျန်းမာရေးအရင်းအမြစ်များဖြင့် ယင်းစိန်ခေါ်မှုကြီးကို ရင်ဆိုင် ကျော်လွှားနိုင်ရန် များစွာရုန်းကန်ရမည် ဖြစ်ပါကြောင်း။

ယခုဆိုလျှင် ထိုင်းနိုင်ငံဘက်မှ အလုပ်သမားများ ပြန်လည်ဝင်ရောက်လာရန် ပြင်ဆင်နေကြပြီ ဖြစ်ပါကြောင်း၊ မေ ၃၀ ရက်နောက်ပိုင်းအထိ စောင့်ဆိုင်းရန် တရားဝင်ပန်ကြားထားပါကြောင်း၊ ဝင်ရောက်လာမည့် လူဦးရေ အင်မတန်များ ပြားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးသတင်းများအရ လူဦးရေတစ်သိန်းကျော် နိုင်သည်ဟု သိရှိရပါကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများဖြစ်ပါက တရားဝင်သွားရောက်သည်ဖြစ်စေ၊ တရားမဝင် သွားရောက်သည်ဖြစ်စေ ပြန်လည်လက်ခံမည်ဖြစ်ပါကြောင်း။

ယခုအချိန်တွင် ပြည်သူများအနေဖြင့် များစွာပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက မည်သူမဆိုဖြစ်နိုင်သည်၊ ယင်းရောဂါကို ရနိုင်သည် ဆိုသည့် စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားလုံးက သွေးစည်းရန်၊ စည်းလုံးညီညွတ်ရန်၊ ကိုယ်ချင်းစာစိတ်ရှိရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကိုလည်း များစွာဂုဏ်ယူပါကြောင်း၊ ယနေ့ဆိုလျှင်(COVID–19) ရောဂါရင်ဆိုင်ရေး၊ ကျော်လွှားရေး၊ ယင်းစိန်ခေါ်မှုကို အနိုင်ယူရေးအတွက် ပူးပေါင်း ဆောင်ရွက်နေ သည့်အတွက် မိမိတို့အနေဖြင့် များစွာအားတက်ပါကြောင်း၊ ကျေးဇူးတင်သင့် တင်ထိုက်သူကို ကျေးဇူးတင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်း၊ (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် ပါဝင်သူအားလုံးကို ပြည်သူ များကိုယ်စား၊ နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့်တာဝန်များကို ထမ်းဆောင်ပေးသည့်အတွက်လည်း ကျေးဇူး တင်ပါကြောင်း။

ပြည်သူများသည်သာ အဓိကဖြစ်ပါကြောင်း၊ ၅၅ သန်းသော ပြည်သူ များ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် (COVID–19) ရောဂါ စိန်ခေါ်မှုကြီးကို ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက မည်မျှကြိုးစား ကြိုးစား၊ ဝန်ကြီးဌာနက လုပ်ဆောင်ရုံဖြင့် မပြီးပါကြောင်း၊ နိုင်ငံတော်ကလည်း ရှိသမျှအရင်းအမြစ်များကို မည်မျှထုတ်ပြီးသုံးသုံး မပြီးပါကြောင်း၊ ပြည်သူများ ပါဝင်ပြီး တစ်ဦးချင်းတစ်ဦးချင်းက တာဝန်သိစိတ်ဖြင့် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအားလုံး အောင်မြင်ပါစေ။ ပြည်သူ လူထုကို ကျန်းမာရေးစောင့်ရှောက်ပေးသည့် ကုသိုလ်ကောင်းမှုများအတွက်လည်း များစွာ ခံစား၊ စံစားရပါစေ။ နှစ်သစ်တွင်လည်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဧပြီ ၃၀**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန (ASEAN Institute for Peace and Reconciliation–ASEAN IPR)တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင် ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံငြိမ်းချမ်း ရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive-director/ နှင့် https://asean.org/ opportunities/ vacancies-asec/တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၥ်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*







အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❒ ကျောဖုံးမှ

လွှတ်တော်အစည်းအဝေးတွင် လက်ရှိကာလအတွင်း မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းစဉ်များကို အချိန်ကာလတိုအတွင်း အဆင်ပြေချောမွေ့စွာ ပြီးစီးရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှု ခံယူနိုင်ရေးနှင့် သွားလာနေထိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလမတိုင်မီ ကြိုတင်၍ COVID-19 ရောဂါ ရှိ/ မရှိ စစ်ဆေးပေးနိုင်ရေးအတွက် အစည်းအဝေးတက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နေပြည်တော်သို့ မေ ၉ ရက် ထက်မစောဘဲ ၁၀ ရက်ထက် နောက်မကျစေဘဲ လာရောက်ကြရန် ပြင်ဆင်ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒနယ်မြေအသီးသီးမှ အစည်းအဝေး တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ အချိန်မီလာရောက်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ထားပါကြောင်း၊ ယခုကျင်းပမည့် လွှတ်တော်များ၏ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လုံခြုံရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီနာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၁၆)ကြိမ်မြောက် လွှတ်တော် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် စတင်ကျင်းပရန် လျာထားခဲ့သော်လည်း COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင် လွှတ်တော်အစည်းအဝေး ခေါ်ယူဆောင်ရွက်ပေးရမည့် လုပ်ငန်းကိစ္စရပ်များအတွက် ကန့်သတ်ကာလ အခြေအနေအရ လွှတ်တော်အစည်းအဝေးကို ခေါ်ယူပေးရခြင်းဖြစ်ပါကြောင်း၊ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုအန္တရာယ် ကာကွယ်၊ ထိန်းချုပ်ရေးအတွက် သင့်လျော်ကောင်းမွန်သည့် အစီအစဉ်များဖြင့် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးနည်းလမ်းများကို ဝိုင်းဝန်းအကြံပေးကြရန်နှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယက က လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## တိုင်းဒေသကြီး / ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ အင်းတော်မြို့နယ်များ၌ နေအိမ် ၁၈ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညို၊ ကြို့ပင်ကောက်၊ အုတ်ဖိုမြို့နယ်များ၌ နေအိမ် ၁၃ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၉ လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး ဆော၊ တောင်တွင်းကြီးမြို့နယ်များ၌ နေအိမ် ၁၇ လုံး၊ ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်၊ ပန်းတနော်၊





မော်လမြိုင်ကျွန်းနှင့် မြန်အောင်မြို့နယ်များ၌ နေအိမ် ၁၁ လုံး၊ ဘာသာရေးအဆောက်အအုံ တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်အလုံး ၂၀၊ ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

ထို့အတူ ဧပြီ ၉ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၂၂၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ နှစ်လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၄၁၇၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၇၅ လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၂၂၃ ဒသမ ၆ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပိုင် မော်တော်ယာဉ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၃၀

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့တွင် ကျင်းပရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံး စုံညီစွာတက်ရောက်ကြပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးကြသည်။

### အမြန်ဆုံးဆောင်ရွက်သွားမည်

စုံစမ်းစစ်ဆေးရေးကော်မတီက လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရေးကိုသဘောတူကြပြီး စုံစမ်းစစ်ဆေးရေးကော်မတီ၏ မြေပြင်ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများကိုလည်း အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အလုပ်သမားနေ့ ဂုဏ်ပြုဆောင်းပါး

# အလုပ်သမားကြီးများ ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် မေလ ၁ ရက်နေ့သည် ကမ္ဘာ့အလုပ်သမားနေ့ ဖြစ်သည်။ တိုင်းပြည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်း ဖြစ်သည်။ နေ့စဉ် ရှစ်နာရီ အလုပ်လုပ်ရန်၊ ရှစ်နာရီ အပန်းဖြေရန်နှင့် ရှစ်နာရီ အနားယူခွင့်ရရှိရန် တောင်းဆိုသည့် အလုပ်သမားသမဂ္ဂများ၏ လှုပ်ရှားမှုမှစတင်ခဲ့ခြင်း ဖြစ်သည်။

အမှန်တော့နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ကာယ၊ ဉာဏလုပ်သားကြီးများအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ စင်စစ်အားဖြင့် ကာယ၊ ဉာဏလုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဖော်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ကာယ၊ ဉာဏလုပ်သားကြီးများ ကျန်းမာပျော်ရွှင်ရေး၊ သက်သာချောင်ချိရေးတို့အတွက် တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏလုပ်သားကြီးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ ထိုက်သင့်သော လုပ်ခလစာခံစားခွင့်ရရှိစေရန်၊ လုပ်သားကြီးများအတွက် လူမှုဖူလုံရေးဆောင်ရွက်ပေးနိုင်ရန်၊ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်ဆက်ဆံရေးကောင်းမွန်စေရန်နှင့် အပြန်အလှန်အကျိုးပြုနိုင်ရန်ဆိုသော ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မေလ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အလုပ်သမားနေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

ထိုနေ့တွင် ကာယ၊ ဉာဏလုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်ရန်မလိုဘဲ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြသည်။ အလုပ်နားသော်လည်း ထိုနေ့အတွက် လုပ်ခလစာအပြည့်အဝရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည် ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိနေပြီ ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

**သမိုင်းကြောင်း**

လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမား အလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ်နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သော လုပ်ခလစာမရရှိခဲ့ချေ။ အကျိုးဆက်အနေဖြင့် အလုပ်သမားများ၏လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်လွန်ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန်လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူ လိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ ပြုလုပ်သည့်ဆန္ဒပြပွဲတွင် အမေရိကန် အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ရှစ်နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုတောင်းဆိုချက်သည် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင် စတင်သက်ရောက်ခဲ့သည်။ ၁၈၈၉ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် နိုင်ငံပေါင်း ၂၀ မှ ဆိုရှယ်လစ်နှင့် လေဘာပါတီ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သော ညီလာခံက ချီကာဂိုတောင်းဆိုချက်ကို အကြောင်းပြု၍ နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့ (May Day) အဖြစ် သတ်မှတ်ခဲ့သည်။

**သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းရှိအလုပ်သမားများနှင့် ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရန် တစိုက်မတ်မတ် ဆောင်ရွက်လျက် ရှိသည်။ အထူးသဖြင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာအလုပ်ရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစ၍ အာဆီယံအသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာခံစားခွင့်များ ပိုမိုရရှိလာပြီဖြစ်သည်။

ထို့အပြင် အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားများပူးပေါင်းကာ သင်တန်းကျောင်းများ ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရပိုင်ခွင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရန် မြန်မာအလုပ်သမားများ အများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ကာ ဖြေရှင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်းတွင် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလျက်ရှိသည်။

ကာယ၊ ဉာဏလုပ်သားကြီးများ၏ ကျွမ်းကျင်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ရက်အတွက် အနည်းဆုံးလုပ်ခလစာကိုလည်း သတ်မှတ်နိုင်ခဲ့သည်။ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား သုံးပွင့်ဆိုင် ဆွေးနွေးမှုများ၏ ရလဒ်ပင်ဖြစ်သည်။ ထို့အပြင် အလုပ်သမားများကို အကာအကွယ်ပေးမည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏ စွမ်းအားများဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ လုပ်သားကြီးများအတွက် အားတက်ဖွယ်ရာပင် ဖြစ်သည်။

**ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းဝေးကြပါစေ**

ဆိုရလျှင် နှစ်စဉ် မေလ ၁ ရက်နေ့သည် ကမ္ဘာ့အလုပ်သမားနေ့ပင် ဖြစ်သည်။ အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်စွမ်းအားများပင် ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင် အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သော လုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ သို့မှသာလျှင် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

သို့သော် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းထားရသည်။ တချို့သော စက်ရုံ၊ အလုပ်ရုံများမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်လည်ပတ်နေသော်လည်း အလုပ်သမားကြီးများသည် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရမည်ကို စိုးရိမ်ပူပန်နေသဖြင့် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်စွမ်း မရှိကြပေ။ သို့သော် မိသားစုစားဝတ်နေရေးအတွက် ပြင်ပသို့ထွက်၍ အလုပ်လုပ်ကြရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ အလုပ်သမားကြီးများအနေဖြင့် ထိုသို့အလုပ်လုပ်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ကူးစက်မှုအန္တရာယ်မှ ကင်းဝေးပြီး မိသားစုနှင့် တိုင်းပြည်အကျိုးကို ကိုယ်ရောစိတ်ပါ ကျန်းမာ၊ ချမ်းသာစွာဖြင့် သယ်ပိုးဆောင်ရွက်သွားနိုင်ကြပါစေ။ ။

> **ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေး အာမခံချက်ရှိနေအောင် အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သော လုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင် ဖြစ်သည်။ သို့မှသာလျှင် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်**

# မွန်ပြည်နယ်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများဖြစ်ပေါ်နေချိန် မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများသည် မိုးစပါးအတွက် မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ နွေစပါးများကို ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကြိတ်ခွဲခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုမှ ဖားအောက်ကျေးရွာ၊ ကျားဘိုကျေးရွာနှင့် ရိုးဂိုးကျေးရွာရှိ မြေဧက ၇၀၀ ကို မြေသားပြုပြင်ခြင်းနှင့် မြေဧက ၂၇၇ ဧကကို စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ မုဒုံမြို့နယ် သမဝါယမအသင်းစုနှင့် ဗညားမွန်လယ်ယာဝန်ဆောင် သမဝါယမအသင်းမှ ထုံမံကျေးရွာနှင့် ကမာဝက်ကျေးရွာရှိ မြေဧက ၅၄၇ ဧကကို မြေသားပြုပြင်ခြင်း၊ ချောင်းဆုံမြို့နယ် သမဝါယမအသင်းစုမှ ကုလားတို့ကျေးရွာ၊ နတ်မှော်ကျေးရွာ၊ ဟသ်ာကျွန်းကျေးရွာနှင့် မရမ်းကျေးရွာရှိ မြေဧက ၃၅၀ ကို မြေသားပြုပြင်ခြင်း၊ ကျိုက်မရောမြို့နယ် သမဝါယမအသင်းစုမှ ကျုံစိန်ကျေးရွာ၊ ခရုံကျေးရွာ၊ ကျုံမနင်းကျေးရွာ၊ ကျိုက်ပရံကျေးရွာ၊ ကျခတ်ကုန်းကျေးရွာရှိ မြေဧက ၃၁၀ ကို မြေသားပြုပြင်ခြင်း၊ သံဖြူဇရပ်မြို့နယ် သမဝါယမအသင်းစုမှ မင်းလှမြို့နယ်ရှိ လယ်ဧက၁၀၈၀ကို စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ ရေးမြို့နယ် သမဝါယမအသင်းစုနှင့် ရွှေစင်မြေမွေး/ ထွေမှ ပလိုင်ကီးကျေးရွာ၊ အဘော်ကျေးရွာ၊ အစင်ကျေးရွာ၊ ဇီးဖြူသောင်ကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ရှိ မြေဧက ၅၁၆ ဧကကို ဧကကွက်ဖော်မြေသားပြုပြင်ခြင်းနှင့် လယ်ဧက ၁၉၈ ဧကကို စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ ပေါင်မြို့နယ် သမဝါယမအသင်းစု၊ ချမ်းမြေ့သာယာ လယ်/ ထွေနှင့် သိဒ္ဓိအောင် လယ်/ ထွေမှ ရင်းငြိမ်ကျေးရွာနှင့် ဝဲပတန်ကျေးရွာရှိ မြေဧက၅၇၀ ကိုမြေသားပြုပြင်ခြင်း၊ လယ်ဧက ၂၀၀၀ ကို စပါးရိတ်သိမ်းခြွေလှေ့ခြင်း၊ ကျိုက်ထိုမြို့နယ် ထွန်းရတနာလယ်ယာဝန်ဆောင်မှု သမဝါယမအသင်းမှ ကော့ထင်းကျေးရွာနှင့် ဘိုးရာကြီးကျေးရွာရှိမြေဧက ၃၀၀ ကို မြေသားပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ခေတ္တရွှေ့ဆိုင်းကြောင်းနှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပေး

လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကြောင့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ကို မေလတွင် ပြန်လည်စတင်ရန်လျာထားခဲ့သော်လည်း လက်ရှိ ရောဂါကူးစက်မှုအခြေအနေကြောင့် ထပ်မံရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို အသိပေးအပ်ပါသည်။

ကာကွယ်ဆေးထိုးစုရပ်များမှတစ်ဆင့် ကာကွယ်ဆေးလာထိုးသော ကလေးငယ်များ၊ ကလေး အုပ်ထိန်းသူ/မိဘများနှင့် ကျန်းမာရေးဝန်ထမ်းများကို ရောဂါမကူးစက်စေရန် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို မေလတွင် မထိုးသေးဘဲ ထပ်မံရွှေ့ဆိုင်းရခြင်း ဖြစ်ပါသည်။

ဆေးရုံများတွင် ထိုးနှံပေးလျက်ရှိသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး(မွေးကင်းစ)၊ ဘီစီဂျီကာကွယ်ဆေး (မွေးကင်းစ)နှင့် မေးခိုင်-ဆုံဆို့ ကာကွယ်ဆေး (ကိုယ်ဝန်ဆောင်)များကို ဆက်လက်ထိုးနှံပေးပါမည်။ ထို့အပြင် ဆေးရုံတက်ကုသမှုခံယူပြီး ဆေးရုံဆင်းမည့်ကလေးများကိုလည်း အကြိမ်ပြည့်ရန် လိုအပ်သော ကာကွယ်ဆေးများကို ထိုးနှံပေးပါမည်။

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ကြိုတင်အသိပေး၍ အမြန်ဆုံး ပြန်လည်စတင်သွားမည်ဖြစ်ရာ ပြန်လည်စတင်မည့်အချိန်တွင် မိဘပြည်သူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို တိကျစွာလိုက်နာ၍ မိမိကလေးများကို မပျက်မကွက် ကာကွယ်ဆေးထိုး / တိုက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးရဲမင်းဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၉၃၁ | ၁၅၀ |

| ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|
| ၂၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၀၇၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ – ၁၇ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၆ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၅၀ | ၆ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၄-၂၀၂၀ ရက် ည (၈:၀၀) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ


| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၀၆၇၉၄၆ | ၁၄၇၄၈၀ | ၆၂၁၆၁ |
| စပိန် | ၂၃၉၆၃၉ | ၁၃၇၉၈၄ | ၂၄၅၄၃ |
| အီတလီ | ၂၀၃၅၉၁ | ၇၁၂၅၂ | ၂၇၆၈၂ |
| ပြင်သစ် | ၁၆၆၄၂၀ | ၄၈၂၂၈ | ၂၄၀၈၇ |
| ဗြိတိန် | ၁၆၅၂၂၁ | စိစစ်ဆဲ | ၂၆၀၉၇ |
| ဂျာမနီ | ၁၆၁၉၈၅ | ၁၂၃၅၀၀ | ၆၅၀၄ |
| တူရကီ | ၁၁၇၅၈၉ | ၄၄၀၄၀ | ၃၀၈၁ |
| ရုရှား | ၁၀၆၄၉၈ | ၁၁၆၁၉ | ၁၀၇၃ |
| အီရန် | ၉၄၆၄၀ | ၇၅၁၀၃ | ၆၀၂၈ |
| တရုတ် | ၈၂၈၆၂ | ၇၇၆၁၀ | ၄၆၃၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၆၁၆၉ | ၁၁၈၈ | ၁၄ |
| အင်ဒိုနီးရှား | ၁၀၁၁၈ | ၁၅၂၂ | ၇၉၂ |
| ဖိလစ်ပိုင် | ၈၄၈၈ | ၁၀၄၃ | ၅၆၈ |
| မလေးရှား | ၆၀၀၂ | ၄၁၇၁ | ၁၀၂ |
| ထိုင်း | ၂၉၅၄ | ၂၆၈၄ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၅၀ | ၂၈ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၈ | ၀ |

COVID- 19
ရောဂါ
ကာကွယ်ဖို့
မိမိမှစ၍
စည်းကမ်းများကို
လိုက်နာစို့

facebook



## အချက်အလက်များခိုးယူခြင်းနှင့် စပမ်မေးလ်ပို့ခြင်း မပြုလုပ်ရ

ကျွန်ုပ်တို့၏ အဖွဲ့ဝင် (member) များ လက်ခံခြင်းမရှိဘဲ စီးပွားရေးအရ အရောင်းအဝယ်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ၎င်းတို့အား ဆက်သွယ်ခြင်း မပြုလုပ်ရန် သင့်အား တားမြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## မူဆယ်ခရိုင်သို့ ငွေကျပ်သိန်း ၄၈၀ ခန့်တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြု ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း



**မူဆယ် ဧပြီ ၃၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့သို့ တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ ဆုန်ချင်လင့်ဖောင်ဒေးရှင်း၊ မိဆုန်ဖောင်ဒေးရှင်းနှင့် ရွှေလီ Blue Sky လူမှုကူညီရေးအသင်းတို့က ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌အသုံးပြုရန် ငွေကျပ်သိန်း ၄၈၀ ခန့်တန်ဖိုးရှိ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုပစ္စည်းများကို ယမန်နေ့ မွန်းလွဲပိုင်းက မူဆယ်မြို့ နှစ်နိုင်ငံ ဝင်၊ ထွက်ဂိတ်၌ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်းမှုများတွင် နှာခေါင်းစည်းအခု ၆၆၀၀၀ နှင့် ပိုးသတ်ဆေးဘူး ၃၄၈၀ စုစုပေါင်း မြန်မာငွေကျပ်သိန်း ၄၈၀ ခန့် တန်ဖိုးရှိပြီး ဆုန်ချင်လင့်ဖောင်ဒေးရှင်း၊ မိဆုန်ဖောင်ဒေးရှင်းနှင့် ရွှေလီ Blue Sky လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတို့က လာရောက်ပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်တို့အပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့လည်း နှာခေါင်းစည်း ၁၅ သေတ္တာ လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုင်းဘညဏ်(ကွတ်ခိုင်)

## မောက်မယ်မြို့၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းများအား သင်တန်းပေး

**မောက်မယ် ဧပြီ ၃၀**
ရှမ်းပြည်နယ်(တောင်ပိုင်း)မောက်မယ်မြို့နယ်၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီး ဌာနတို့ ပူးပေါင်းပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်းများအား ရပ်ရွာအခြေပြု အသိပညာပေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက မောက်မယ်မြို့ နမ့်ယွမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြမြသန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ အသွားအလာကန့်သတ်ခြင်း နေရာပြင်ဆင်ထားရှိမှု လိုအပ်ချက်နှင့် လိုက်နာရန်စည်းကမ်းများ၊ သတ်မှတ်နေရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း ၂၁ ရက်နှင့် အိမ်တွင်နေထိုင်ခြင်း ခုနစ်ရက် လိုက်နာရန် စည်းကမ်းချက်များ၊ လက်ဆေးနည်းသရုပ်ပြခြင်း၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံပြည့်ဝတ်နည်း၊ ချွတ်နည်းကိုလက်တွေ့သရုပ်ပြသင်ကြားခြင်း၊ နှာခေါင်းစည်းတပ်နည်း၊ ဈေးရောင်းချသူနှင့် ဈေးဝယ်သူလိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပို့ချပေးခဲ့သည်။

ထိုသင်တန်းသို့ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

❖



## မတ္တရာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မတ္တရာ ဧပြီ ၃၀**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ထိန်းချုပ်ရေးအတွက် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော အဝတ်နှာခေါင်းစည်းများနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇နာရီက မြို့မဈေးနှင့် ယာယီပွဲကျဈေးတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ အဝတ်နှာခေါင်းစည်းများနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများပူးပေါင်း၍ မတ္တရာမြို့မဈေး၊ ယာယီပွဲကျဈေးနှင့် အမှတ်(၃)ရပ်ကွက် ပွဲကျဈေးများတွင် အဖွဲ့ငယ်များခွဲ၍ ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဖြန့်ဝေရာတွင် အဝတ်နှာခေါင်းစည်းအခု ၁၅၀၀ အား ဖြန့်ဝေခဲ့ပြီး ယနေ့အထိ တိုင်းဒေသကြီး စည်ပင်ကော်မတီမှ ဖြန့်ဝေသည့် အဝတ်နှာခေါင်းစည်း အခု ၅၅၀၀၊ မတ္တရာမြို့ လူငယ်ဒီဗိုင်နာအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းသည့် အဝတ်နှာခေါင်းစည်း အခု ၃၅၀၀ စုစုပေါင်း အခု ၉၀၀၀ အား ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဆက်လက်၍ ဖြန့်ဝေပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

## ပေါင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစေရေး ကျေးရွာများသို့ ရေဖြန့်ဝေ

**ပေါင် ဧပြီ ၃၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေ ရှားပါးလျက်ရှိသော သပြေကုန်းကျေးရွာအား အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက ဧပြီလ နောက်ဆုံးရက်သတ္တပတ်အတွင်း ရေဂါလန် ၁၆၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ထန်းပင်ချောင်ကြီးကျေးရွာ၊ တပ်မှူးချောင်ကျေးရွာနှင့် ဘိုင်လောင်းကျေးရွာတို့ကို ရေဂါလန် ၃၂၀၀ အား ဖြန့်ဝေ ပေးပြီးဖြစ်ကြောင်း သိရသည်။

မိုးဝင်း (ကျေးလက်)

## မင်းတပ်မြို့၌ ကိုဗစ်-၁၉ စောင့်ကြည့်လူနာများထားရှိသည့် နေရာများ၌ ကလိုရင်းပိုးသတ်ဆေးဖျန်း

**မင်းတပ် ဧပြီ ၃၀**
ချင်းပြည်နယ် မင်းတပ်မြို့ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်လူနာများ ထားရှိသည့်နေရာများနှင့် မြို့မဈေးရှိ ဈေးဆိုင်ခန်းများ၌ မင်းတပ်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းတွင် ကလိုရင်းပိုးသတ်ဆေးဖျန်းကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်လူနာများထားရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းအမှတ်(၁)နှင့် မင်းတပ်မြို့ မြို့မဈေးဆိုင်ခန်းများနှင့် ဟင်းသီးဟင်းရွက်ဆိုင်တန်းများ၊ အသား၊ ငါးဈေးတန်းများနှင့် အများပြည်သူ အသွားအလာများသည့်နေရာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများက မိဘပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကင်းဝေးစေရန်ရည်ရွယ်၍ ဖျန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ခွီရှိန်းမောင်း(ပြန်/ဆက်)

## ချောင်းဦးမြို့နယ် ရွှေမြင့်မိုရ်အထွေထွေကု စက္ခုဒါနမျက်စိဆေးရုံ၌ ကန့်သတ်စောင့်ကြည့်နေရာ ပြုလုပ်ရန်စီစဉ်

**ချောင်းဦး ဧပြီ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ဒေသတွင်းကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် ခင်မွန်ကျေးရွာ ရွှေမြင့်မိုရ်အထွေထွေကု-စက္ခုဒါန မျက်စိဆေးရုံ၌ ကန့်သတ်စောင့်ကြည့်နေရာပြုလုပ်ရန် ယနေ့ နံနက် ၉ နာရီက ရွှေမြင့်မိုရ်ဆရာတော် ဦးဝိသုတနှင့် တာဝန်ရှိသူများသည် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာများသို့ ပြည်ပနိုင်ငံအသီးသီးမှ ပြန်လည်ရောက်ရှိလာသူများ၊ တိုင်းဒေသကြီးနှင့် အခြားပြည်နယ်များမှ ပြန်လည်ရောက်ရှိလာသူများကို ကိုဗစ်-၁၉ ရောဂါ ဒေသတွင်းကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် ရွှေမြင့်မိုရ် အထွေထွေကု-စက္ခုဒါန မျက်စိဆေးရုံ၌ စောင့်ကြည့်လူနာ ၁၅ ဦး ထားရှိမည်ဖြစ်ကြောင်း သိရသည်။

အိအိအောင်(ချောင်းဦး)

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများလွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## စားသုံးသူရေးရာဦးစီးဌာနရုံး ဆောက်လုပ်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဂန့်ဂေါ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အမှတ်(၁)ရပ်ကွက်ရှိ ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံးကို ဖေဖော်ဝါရီ ၁၈ ရက်မှစတင်ကာ ဌာနခွင့်ပြုရန်ပုံငွေ ကျပ် ၉၅ သန်းဖြင့် (၅၀ x ၃၅ x ၂၄) ပေ အာရ်စီနှစ်ထပ်ဆောင်အား Yaw Brothers Co.,Ltd. က တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံး အာရ်စီနှစ်ထပ်ဆောင်ဆောက်လုပ်နေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများက သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး၊ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးအတွက်



ယနေ့ နံနက် ၁၀ နာရီက သွားရောက်စစ်ဆေးရာ ဆောက်လုပ်ရေးတာဝန်ခံက ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထင်အောင်နိုင်(ပြန်/ဆက်)

## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သန့်ရှင်းသောသောက်သုံးရေ လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ယခုလို ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလ၌ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရန်နှင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေရန်အတွက် နှစ်စဉ်နှစ်တိုင်း ရေလှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ စက်ကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀၊ ဖက်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ အား စနစ်တကျခွဲဝေ လှူဒါန်းပေးခဲ့သည်။

ထို့အပြင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ရေရှားပါးသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသော သောက်သုံးရေများ အလှည့်ကျ ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဧပြီ ၂ ရက်မှ ၂၉ ရက်အထိ ရေဂါလန် စုစုပေါင်း ၁၀၈၀၀၀ လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ရှမ်းပြည်နယ်အတွင်းရှိ အထောက်အကူပြုသမဝါယမအသင်းများက တောင်သူများအား လယ်ယာသုံးပစ္စည်းများ အရစ်ကျရောင်းချပေးလျက်ရှိ

**တောင်ကြီး ဧပြီ ၃၀**

ရှမ်းပြည်နယ်အတွင်းရှိ အထောက်အကူပြု သမဝါယမအသင်းများက တောင်သူများကို လယ်ယာသုံးပစ္စည်းများအား အရစ်ကျရောင်းချပေးလျက်ရှိပြီး စိုက်ပျိုးရေးရာသီ ရောက်လာချိန်တွင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၃၀ ရက်အထိ ရှမ်းပြည်နယ်အတွင်း ဧကပေါင်း ၁၇၆၈ ဧကကို မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမ အသင်းသား တောင်သူများသာမက အခြားတောင်သူများကိုလည်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှ သိရသည်။



ထို့အပြင် ပြည်နယ်အတွင်းရှိ သမဝါယမအသင်း အဆင့်ဆင့်မှ အသင်းသားတောင်သူများသို့ လယ်ယာသုံးပစ္စည်းများ အရစ်ကျရောင်းချပေးလျက်ရှိရာ အသင်းသား ၄၇၄၃ ဦးထံသို့ လယ်ယာသုံးစက် ၅၃၈၅ စီး ရောင်းချပေးခဲ့ရာ ယခုအချိန်တွင် အသင်းသား ၃၉၀၄ ဦးက လယ်ယာသုံး စက်ကိရိယာ ၄၁၀၈ စီးအား အသင်းသားလက်ဝယ်အပိုင်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် အဆိုပါအသင်းသားများက မိမိတို့သမဝါယမအသင်းသား တောင်သူများအား ချိုသာသောဈေးနှုန်းများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး အသင်းသားများအနေဖြင့် လိုအပ်ပါက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ ဦးသန်းဇော်ဝင်း ဖုန်း-၀၉-၈၅၂၇၅၈၂၃၃ သို့လည်းကောင်း၊ ပင်းတယမြို့နယ်တွင် ဦးကျော်သန်း ဖုန်း-၀၉-၇၆၂၂၆၅၃၂၂ သို့လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်တွင် ဦးစိုင်းဆာလူ ဖုန်း-၀၉-၉၇၅၈၆၆၂၁၁ သို့လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ်တွင် ဒေါ်နန်းခမ်းထွေး ဖုန်း- ၀၉-၄၀၃၇၃၅၉၅၂ သို့လည်းကောင်း ဆက်သွယ် ဝယ်ယူနိုင်ကြောင်း ပြည်နယ်သမဝါယမ ဦးစီးဌာနမှ သိရသည်။ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နေသော တောင်သူများ မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်းနှင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများ ဖွဲ့စည်း၍ လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အေးအေးစိုး(ပြန်/ဆက်)**

## မိုင်းယောင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မိုင်းယောင်း ဧပြီ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပိုးသတ်ဆေးဖျန်းခြင်းကို ဒုတိယနေ့အဖြစ် ယနေ့တွင် မြို့နယ်ကြက်ခြေနီအသင်းမှ မော်တော်ယာဉ်နှစ်စီးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၊ မြို့တွင်းဗလမင်းထင်လမ်းမကြီးတစ်လျှောက်၊ တပ်တွင်း အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်အတွင်းရှိ လမ်းများ၊ လမ်းကြားများကို ပိုးသတ်ဆေးဖျန်းစက်ဖြင့် လိုက်လံဖျန်းပေးခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့်ကာလ မိမိနေအိမ်တွင် နေထိုင်စဉ်အတွင်း ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရောဂါကာကွယ်ရန် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ဈေးဆိုင်များ၊ ဈေးများ၊ ဈေးဝယ်သူများနှင့် ဈေးကြီးကြပ် ရေးကော်မတီများ လိုက်နာရမည့်အချက်များ၊ အဝတ်ဖြင့် ပြုလုပ်သော နှာခေါင်းစည်းနှင့်ပတ်သက်၍ သိကောင်းစရာများ၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းအမျိုးမျိုး အသုံးပြုခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း အသိပေးပြောကြားခဲ့သည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦးနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်နန်းဆေးတို့က ကြီးကြပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)





# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသော မုန်တိုင်းနှင့်စပ်လျဉ်းသည့် အသိပေးချက်


(က) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် (နောက် ၂၄ နာရီအတွင်း) (၁.၅.၂၀၂၀) ရက်ခန့်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ (နောက် ၇၂ နာရီအတွင်း) (၃.၅.၂၀၂၀)ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အဆိုပါမုန်တိုင်းငယ်သည် ကနဦးတွင် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်သို့ကွေ့ကာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည်ဟု ထုတ်ပြန်ပေးထားပါသည်။


(ခ) မိုးလေဝသခန့်မှန်းရေးမော်ဒယ်များ၏ (၃၀-၄-၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၀:၃၀)နာရီအချိန်ကို အခြေခံသည့် ခန့်မှန်းချက်များတွင် မုန်တိုင်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-


- အိန္ဒိယမိုးလေဝသဌာန၏ Global Forecasting System (GFS) Model ၏ ခန့်မှန်းချက်တွင် (၁၀.၅.၂၀၂၀)ရက်နေ့၌ မုန်တိုင်းမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။
- အမေရိကန်နိုင်ငံ၊ National Ocean and Atmospheric Administration (NOAA)/NWS/NCEP ၏ Global Forecasting System (GFS) Model ၏ခန့်မှန်းချက်တွင် (၇.၅.၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် ညနေ(၀၆:၃၀) နာရီအချိန်ခန့်တွင် မုန်တိုင်းငယ်အဆင့်ဖြင့် ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်နိုင်ပြီး ညသန်းခေါင်ယံအချိန်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်ဝင်ရောက်နိုင်သည်ကို တွေ့ရပါသည်။
- မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Weather Research and Forecast (WRF) Model ၏ ခန့်မှန်းချက်တွင် (၈-၅-၂၀၂၀) ရက်နေ့၌ မုန်တိုင်းမှာ ပင်လယ်ပြင်၌သာလျှင် တည်ရှိနေပြီး၊ အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားလာကြောင်း တွေ့ရပါသည်။
- Joint Typhoon Warning Center (JTWC) ၏ မုန်တိုင်းများအခြေအနေနှင့်ပတ်သက်၍ ခန့်မှန်းချက်များတွင် လက်ရှိအချိန်အထိ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်သည့် အခြေအနေကိုဖော်ပြထားခြင်း မရှိသေးကြောင်းတွေ့ရပါသည်။
- European Center for Medium Range Weather Forecast (ECMWF) Model ၏ ခန့်မှန်းချက်တွင် (၆-၅-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် ညနေ (၀၆:၃၀)နာရီအချိန်၌ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကိုမုန်တိုင်းငယ်အဆင့်ဖြင့်ဖြတ်ကျော်နိုင်ကြောင်း တွေ့ရပါသည်။
- NAVGEM (Navy Global Environmental Model)၏ ခန့်မှန်းချက်တွင်(၇-၅-၂၀၂၀) ရက်နေ့၌ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်ကမ်းခြေကြားသို့ ဝင်ရောက်နိုင်ကြောင်းတွေ့ရပါသည်။









မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြေပြင်မိုးလေဝသအခြေအနေများ၊ အထက်လေထုအခြေအနေများ၊ သင်္ချာပုံစံပြု မိုးလေဝသခန့်မှန်းချက်များ၊ ဂြိုဟ်တုဓာတ်ပုံများ၊ ရေဒါပုံရိပ်များနှင့် မုန်တိုင်းခန့်မှန်းခြင်းနည်းစနစ်များအပြင် ဒေသတွင်း အမျိုးသားမိုးလေဝသဌာနများ၏ ခန့်မှန်းချက်များကိုပါရယူပြီး မုန်တိုင်းခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။ ယခုအခါ မေလဆန်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသည့် မုန်တိုင်းနှင့်ပတ်သက်၍ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်သည့်အချိန်မှ မုန်တိုင်းအဖြစ်ရောက်ရှိပြီး မုန်တိုင်းကမ်းခြေကို ဖြတ်ကျော်သည့်အချိန်အထိ (၂၄/၇) စောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းသတင်း/သတိပေးချက်များကို မိဘပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် မုန်တိုင်းနှင့်ပတ်သက်၍ နေ့စဉ်ဖြစ်ပေါ် ပြောင်းလဲနေသည့် အခြေအနေများကိုပါ ထုတ်ပြန်ပေးသွားမည်ဖြစ်သည့်အတွက် မုန်တိုင်းနှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန် အသိပေးအပ်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပုသိမ် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများ ကြိုတင်စုဆောင်းထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများအခြေအနေ၊ မုန်တိုင်းပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးက "ဘေးအန္တရာယ်မဖြစ်ခင် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားတာရှိသလို ဖြစ်လာမယ်ဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ ကူညီဆောင်ရွက်ရမယ့် အခန်းကဏ္ဍတွေကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါတယ်။ ပြည်သူတွေသိရှိနိုင်ဖို့ ဟောပြောပွဲတွေ၊ သင်တန်းတွေ၊ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်၊ ဓာတ်တိုက်လေ့ကျင့်ပါတယ်။ ဒါ့အပြင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနဲ့ ချိတ်ဆက်ပြီး သဘာဝဘေးဖြစ်နိုင်ခြေရှိတဲ့နေရာတွေကို ရွေးချယ်ကွင်းဆင်းဆောင်ရွက်တာတွေလည်း ရှိပါတယ်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားတဲ့သတင်းတွေကိုလည်း အဆက်မပြတ်နားထောင်ပြီး ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ကယ်ဆယ်ရေးပစ္စည်းလျော့နည်းတာတွေကို ဖြည့်ဆည်းဖို့ ရုံးချုပ်ကိုတင်ပြထားတာတွေလည်း ရှိပါတယ်။

ကိုဗစ် - ၁၉ ရောဂါ ဖြစ်နေတဲ့အချိန်မှာ မုန်တိုင်းဖြစ်လာခဲ့မယ်ဆိုရင်လည်း ယာယီခိုလှုံရာစခန်းတွေမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ သတိပေးထုတ်ပြန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# အရေးပေါ်အခြေအနေ သက်တမ်းတိုးခြင်း ရှိ၊ မရှိ ကူးစက်ရောဂါပညာရှင်များနှင့် တိုင်ပင်မည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဆို

**တိုကျို မေ ၁၀**

အချို့နိုင်ငံများက တင်းကျပ်သော အသွားအလာကန့်သတ်မှုများ စတင်ဖြေလျှော့နေစဉ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများထိန်းချုပ်မည့် အရေးပေါ်အခြေအနေ သက်တမ်းတိုးခြင်းရှိ၊ မရှိကို ကူးစက်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများနှင့် တိုင်ပင်မည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ယနေ့ ပြောကြားလိုက်သည်။

ရှင်ဇိုအာဘေးက တစ်တိုင်းပြည်လုံး အရေးပေါ်အခြေအနေကို ဧပြီ ၁၆ ရက်မှ မေ ၆ ရက်အထိ ကြေညာခဲ့သည်။ လက်ရှိ အရေးပေါ်အခြေအနေ ကြေညာချက်သည် မေ ၆ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်ပြီး ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စမ်းသပ်မှု နည်းပါးခြင်းသည် ရောဂါကူးစက်သူ အရေအတွက်ကိုပါ လျော့နည်းစေသည်ဆိုသည့် ထင်မြင်ယူဆမှုများလည်း ရှိနေဆဲဖြစ်သည်။

"ပညာရှင်တွေရဲ့ ဆန်းစစ်မှုတွေ၊ အမြင်တွေနဲ့ အတူ သူတို့နဲ့ တိုင်ပင်ပြီး နောက်ဆုံးမိနစ်မတိုင်မီ ကျွန်တော် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ချင်ပါတယ်" ဟု အရေးပေါ်အခြေအနေကြေညာမှု သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ ရှင်ဇိုအာဘေးက လွှတ်တော်၌ ပြောကြားခဲ့သည်။



ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၁၃၉၂၉ ဦးနှင့် သေဆုံးသူ ၄၁၅ ဦးရှိရာ အမေရိကန်နိုင်ငံ၊ ဥရောပတိုက်တို့ရှိ ကူးစက်လူနာနှင့် သေဆုံးသူ အရေအတွက်ထက် နည်းပါးနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား - သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး

# ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၀၉၉ ဦးတွေ့ရှိ

**မော်စကို ဧပြီ ၃၀**

ရုရှားနိုင်ငံက တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၀၉၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၀၆၄၉၈ ဦး ရှိလာပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြသည်။

**၁၀၁ ဦး ထပ်မံ သေဆုံး**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၁၀၁ ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၁၀၇၃ ဦးရှိကြောင်း၊ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၃၃ ဦးရှိသဖြင့် ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၆၁၉ ဦးရှိကြောင်း ရုရှားနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ရေးဗဟိုဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုအများဆုံးဒေသဖြစ်သည့် မော်စကိုမြို့တွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၉၃ ဦးတွေ့ရှိခဲ့သဖြင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၃၇၃၉ ဦး ဖြစ်သည်။

**ပြည်သူ ၂၀၈၂၃၆ ဦး ဆေးစစ်ပြီး**

ရုရှားနိုင်ငံ၏ စားသုံးသူ အခွင့်အရေးနှင့် လူသားတို့၏ ကျန်းမာပျော်ရွှင်မှု စောင့်ကြည့်ရေးအဖွဲ့က ဧပြီ ၂၉ ရက်အထိ ပြည်သူ ၂၀၈၂၃၆ ဦးကို ဆေးစစ်ပြီးဖြစ်ကြောင်း ယနေ့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ကိုးကား - ဆင်ပ်ဟွာ
ဘာသာပြန် - အောင်ဇော်လင်း

# အီရန်ကို လက်နက်ဝယ်ယူခွင့်မပြုဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို ပြော

**ဝါရှင်တန် ဧပြီ ၃၀**

အောက်တိုဘာလအတွင်း ကုလသမဂ္ဂအဖွဲ့၏ အရေးယူမှု သက်တမ်းကုန်ဆုံးလျှင် သမားရိုးကျလက်နက်များ မဝယ်ယူနိုင်ရန် အီရန်နိုင်ငံကို အမေရိကန်နိုင်ငံက တားဆီးမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အီရန်နိုင်ငံကို သမားရိုးကျလက်နက်တွေ ဝယ်ယူခွင့်ပြုမှာ မဟုတ်ပါဘူး" ဟု ဝါရှင်တန်မြို့တော်၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပွန်ပီယိုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အောက်တိုဘာလ ၂၃ ရက်တွင် သက်တမ်းကုန်တော့မည့် အီရန်နိုင်ငံသို့ သမားရိုးကျလက်နက်များ မရောင်းချရေး ပိတ်ပင်သည့် အမိန့်မှာ အရေးယူမှုဖြေလျှော့ရေး အလဲအလှယ်အနေဖြင့် အီရန်နိုင်ငံအား နျူကလီးယားလက်နက်များ မထုတ်လုပ်နိုင်ရန်ရည်ရွယ်သော ၂၀၁၅ ခုနှစ် နိုင်ငံစုံသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် သမ္မတ ဒေါ်နယ်ထရမ့်က နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ခဲ့ရာ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာမနီနှင့် ရုရှားနိုင်ငံတို့နှင့် ရရှိခဲ့သည့် အဆိုပါသဘောတူညီချက်အရ ပိတ်ပင်ထားသော နျူကလီးယား အစီအစဉ်များကို အီရန်နိုင်ငံက ပြန်လည်စတင်ခဲ့သည်။ တရုတ်နှင့် ရုရှားတို့က ကုန်သွယ်မှုပိတ်ပင်ချက်အရ တားမြစ်ထားသော လက်နက်များ အီရန်နိုင်ငံသို့ ရောင်းချလိုသည်ဟု ပွန်ပီယိုက ပြောကြားခဲ့သည်။

သဘောတူညီချက်အရ ကုလသမဂ္ဂ၏ အရေးယူမှုများ သက်တမ်းတိုးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော ဥရောပသုံးနိုင်ငံနှင့် လက်တွဲဆောင်ရွက်နေကြောင်း သူက ဆိုသည်။

ကိုးကား - ယူပီအိုင်
ဘာသာပြန် - ကျော်ထိုက်စိုး



# အင်ဒိုနီးရှားနိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိလာ

**ဂျကာတာ ဧပြီ ၃၀**

အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၀၁၁၈ ဦးရှိလာကြောင်း အင်ဒိုနီးရှားအစိုးရက ယနေ့ကြေညာသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၇၉၂ ဦးရှိလာခဲ့ပြီး အရှေ့တောင်အာရှတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာကြောင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အင်ဒိုနီးရှားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အာ့ခ်မက် ယူရီယံတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော လူနာ ၁၃၁ ဦးသည် ၂၄ နာရီအတွင်း ပြန်လည်ကျန်းမာလာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၅၂၂ ဦးရှိလာကြောင်း ယူရီယံတိုက ထပ်မံပြောကြားသည်။

လောလောဆယ် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည်ဟု သံသယရှိသူပေါင်း ၂၁၈၂၇ ဦး ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

လူဦးရေသန်း ၁၀ ကျော်နေထိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၃၇၁ ဦးသေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်း သေဆုံးမှုအများဆုံးနေရာ ဖြစ်လာခဲ့သည်။ ထို့အတူ အရှေ့ဂျာဗားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၉၆ ဦး၊ အနောက်ဂျာဗားတွင် ၈၃ ဦး၊ အလယ်ဂျာဗားတွင် ၅၉ ဦး၊ ဘန်တင်ပြည်နယ်တွင် ၄၁ ဦးနှင့် တောင်ဆူလာဝေစီပြည်နယ်တွင် ၃၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ပ်ဟွာ
ဘာသာပြန် - ဂျေတီ

# ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများအတွက် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဖုန်းလိုင်းဖွင့်လှစ်

**ဗန်ကောက် ဧပြီ ၃၀**

ထိုင်းနိုင်ငံရှိ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားများအတွက် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကျန်းမာရေး အချက်အလက်များကို မျှဝေပေးမည့် အရေးပေါ်တယ်လီဖုန်းလိုင်းတစ်ခုကို သက်ဆိုင်ရာနိုင်ငံများ၏ ဘာသာစကားများဖြင့် ထိုင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထူထောင်ခဲ့ကြောင်း သိရသည်။

**စစ်ဆေးတွေ့ရှိ**

ထိုင်းနိုင်ငံတောင်ပိုင်း ဆုန်ကလာပြည်နယ်တွင် ရွှေ့ပြောင်းလုပ်သား ၄၂ ဦး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"မေ ၁ ရက်မှ စတင်ပြီး မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယား ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်းကို ခေါ်ဆိုကာ ကိုရိုနာဗိုင်းရပ်စ် ဆိုင်ရာ ကျန်းမာရေး ညွှန်ကြားချက်တွေကို သက်ဆိုင်ရာ ဘာသာစကားတွေနဲ့ ရယူနိုင်ပါတယ်"ဟု ထိုင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ရောဂါထိန်းချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူး Dr. Suwannachai Wattanaying-charoenchal က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။



**ချီးကျူးပြောဆို**

ထိုင်းနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဆောင်ရွက်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေါက်တာ ဒန်နီယယ် ကားတက်စ်က ချီးကျူးပြောဆိုခဲ့သည်။ "ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်နိုင်ဖို့ အခွင့်အလမ်းတွေများပါတယ်။ သူတို့ဟာ အလုပ်ခွင်တွေမှာ ခပ်ခွာခွာ နေထိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ယခုကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်ဖုန်းလိုင်း ဖွင့်လှစ်ပေးတာဟာ ရောဂါထိန်းချုပ်ရေးမှာ အထောက်အကူပြုပါတယ်"ဟု ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ပ်ဟွာ
ဘာသာပြန် - စိုးသူရ

# ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ လူနာသစ်မရှိဟု တောင်ကိုရီးယားသမ္မတ ပြောကြား

**ဆိုးလ် ဧပြီ ၃၀**

ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာသစ်များမရှိကြောင်း တောင်ကိုရီးယားနိုင်ငံက ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ လွန်ခဲ့သည့် ရက်ပေါင်း ၇၀ ခန့်က နိုင်ငံအတွင်း၌ အဆိုပါရောဂါကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မရှိတော့ကြောင်း ပထမဆုံးအကြိမ် မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။

ကျန်းမာရေးအာဏာပိုင်များက ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူတစ်ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၂၄၇ ဦးဖြစ်ကြောင်း ထုတ်ပြန်သည်။ ဖေဖော်ဝါရီ ၁၈ ရက်က ပထမဆုံး ဗိုင်းရပ်စ်ကူးစက်မှုကို တွေ့ရှိခဲ့ပြီးချိန်မှစ၍ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက် ခံရသူပေါင်း ၁၀၇၆၅ ဦးရှိသည်။

ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်စစ်ဆေးမှုကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်း၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူနှင့် ထိတွေ့ခဲ့သူများကို ခြေရာခံရှာဖွေခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းစသည့် စည်းကမ်းများကို ကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းမတိုင်မီက တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ခဏတာ ရှိနေခဲ့သည်။

တစ်စတစ်စ လျော့နည်းလာနေသည့် ဗိုင်းရပ်စ်ကူးစက်မှုများနှင့်အတူ တောင်ကိုရီးယားနိုင်ငံသည် အမျိုးသားရွေးကောက်ပွဲကို ဧပြီ ၁၅ ရက်တွင် ကျင်းပခဲ့ရာ ကမ္ဘာ့ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ဗိုင်းရပ်စ် ကူးစက်မှုများ ဖြစ်ပွားချိန်တွင် ရွေးကောက်ပွဲ ပထမဆုံးကျင်းပခဲ့သည့် နိုင်ငံများတွင် ပါဝင်ခဲ့သည်။ မဲဆန္ဒရှင်များအား နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်စေခြင်း အပါအဝင် ဗိုင်းရပ်စ်အန္တရာယ်ကင်းဝေးရေး အစီအမံများစွာဖြင့် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

၎င်းရွေးကောက်ပွဲသည် မျိုးဆက်တစ်ဆက်အတွင်း မဲပေးသူအများဆုံး လာရောက်မဲပေးသည့် ရွေးကောက်ပွဲဖြစ်ခဲ့ပြီး သမ္မတ မွန်ဂျေအင်း၏ ဒီမိုကရက်တစ်ပါတီသည် ပါလီမန်တွင် နေရာအများစု အနိုင်ရရှိခဲ့သည်။ ထိုရွေးကောက်ပွဲတွင် တာဝန်ရှိသူများ၏ ကိုရိုနာဗိုင်းရပ်စ်ပြဿနာ ကိုင်တွယ်ပုံကိုလည်း လူအများက အသိအမှတ်ပြုခဲ့ကြသည်။

၇၂ ရက်အတွင်း ပထမဆုံး အကြိမ်အဖြစ် ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအသစ် မရှိတော့ကြောင်း သမ္မတ မွန်ဂျေအင်းက ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားခဲ့သည်။ မဲရုံများ၌ ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသူ တစ်ဦးမျှ မရှိကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရသူ မရှိခြင်းသည် တောင်ကိုရီးယားနိုင်ငံနှင့် ပြည်သူများ၏ စွမ်းပကားဖြစ်ကြောင်း သမ္မတက ဖေ့စ်ဘွတ်တွင် ရေးသားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - အောင်ဇော်လင်း**



## ကိုဗစ်-၁၉ ဆိုးကျိုးခံစားနေရသည့် ကလေးငယ်များအတွက် ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာသန်းဘတ်က ကန်ဒေါ်လာ တစ်သိန်းလှူဒါန်း



**စတော့ဟုမ်း ဧပြီ ၃၀**

ဆွီဒင်လူမျိုး ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဂရီတာ သန်းဘတ်သည် ကိုရိုနာဗိုင်းရပ်စ်၏ဆိုးကျိုးများကို ရင်ဆိုင်နေရသော ကလေးငယ်များအား ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပြီး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) သို့ အမေရိကန်ဒေါ်လာ တစ်သိန်းကို ယနေ့ လှူဒါန်းခဲ့သည်။

ဂရီတာ သန်းဘတ်က အဆိုပါလှူဒါန်းငွေကို ဒိန်းမတ်ဖောင်ဒေးရှင်းတစ်ခုမှ ရာသီဥတုအရေးလှုပ်ရှားမှုအတွက် ဆုကြေးငွေအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြီးသည် ရာသီဥတုအရေးကဲ့သို့ ကလေးငယ်များအပါအဝင် လူသားတိုင်းရင်ဆိုင်နေရသည့် အခက်အခဲအကျပ်အတည်းတစ်ခုဖြစ်သည်ဟု ယူနီဆက်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် သန်းဘတ်က ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ ကလေးငယ်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်နှင့် ပညာဆက်လက်သင်ယူနိုင်ရေးအတွက် ယူနီဆက်ကို ကူညီထောက်ပံ့ပေးရန် လိုအပ်ကြောင်း ကမ္ဘာ့နိုင်ငံများသို့ ဂရီတာ သန်းဘတ်က တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ ဒိန်းမတ်ဆင်းရဲမှုတိုက်ဖျက်ရေး အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးအတွက် ယူနီဆက်သို့ အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်းခဲ့သည်။

အဆိုပါရန်ပုံငွေများကို ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလာမှုများ ပိတ်ပင်ခြင်း၊ စာသင်ကျောင်းများပိတ်ထားရခြင်းစသည့် ဆိုးကျိုးများကို ရင်ဆိုင်နေရသည့် ကလေးငယ်များအတွက် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ယူနီဆက်က ဆိုသည်။ ကပ်ရောဂါဆိုးကြောင့် ကလေးငယ်အများစုမှာ အစာရေစာပြတ်လပ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးမှု၊ အကြမ်းဖက်ခံရမှုနှင့် ပညာသင်ယူမှုအခွင့်အရေး ဆုံးရှုံးမှုစသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

**ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-အောင်ကျော်ကျော်**

## အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၀၀၀ ကျော်ရှိလာ

**တီဟီရန် ဧပြီ ၃၀**

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း လူနာ ၇၁ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၆၀၂၈ ဦးရှိလာကြောင်း အီရန် ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ကြေညာသည်။

ထို့အပြင် အီရန်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၈၃ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၉၃၆၄၀ ရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်ဌာန အကြီးအကဲ ကီယာနဉ့်ရှ်ဂျဟန်ပူရ်က အတည်ပြုပြောကြားသည်။

သို့သော် အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လူနာ ၇၅၁၀၃ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်နေကောင်းလာပြီး လူနာ ၂၉၇၆ ဦးသည် အရေးပေါ် အနေအထားတွင် ရှိနေကြကြောင်း ဂျဟန်ပူရ်က ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က နိုင်ငံ၏အလယ်ပိုင်း ကောမ်မြို့တွင် ပထမဆုံးကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာတစ်ဦးကို စမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကတည်းက လူ ၄၆၃၂၉၅ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင် ဖြစ်ကြောင်းသိရသည်။

**ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ**



## ဘင်္ဂလားဒေ့ရှ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၄ ဦး ထပ်မံ စမ်းသပ်တွေ့ရှိ

**ဒါကာ ဧပြီ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ယမန်နေ့က စမ်းသပ်တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၁ ဦးထက် အနည်းငယ်ကျဆင်းလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီး ယင်းရောဂါကြောင့် လူနာ ငါးဦး ထပ်မံသေဆုံးခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာဆူလ်တနာက ပြောကြားသည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၆၇ ဦးရှိပြီး ယင်းရောဂါကြောင့် အသက် သေဆုံးသွားသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အပါအဝင် လူနာ ၁၆၈ ဦးသေဆုံးခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ် အစိုးရသည် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးအတွက် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ၂၄ နာရီအတွင်း လူ ၄၉၆၅ ဦးတို့၏ နမူနာများကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူလူနာ ၁၀ ဦး ထပ်မံကျန်းမာလာခဲ့ပြီး ဆေးရုံမှပြန်ဆင်းခဲ့ကြရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ပေါင်း ၁၆၀ ရှိလာကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ စီးပွားရေးကျဆင်းမှုကို ဟန်ချက်ညီအောင် ဘယ်လိုထိန်းမလဲ

## အလင်းသစ်

**ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လာမှုဟာ လေးလကျော်ကာလအတွင်း ရောက်ရှိလို့နေပြီဖြစ်ပါတယ်။ အဲဒီအချိန်အတွင်းမှာ ကမ္ဘာ့နိုင်ငံအသီးသီးက အစိုးရတွေအနေနဲ့ ဗိုင်းရပ်စ်ကူးစက်မှုတွေကို ထိန်းချုပ်နေရသလို ဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ လျော့နည်းသွားအောင်လည်း စီမံခန့်ခွဲမှုတွေ ပြုလုပ်နေရတာဖြစ်ပါတယ်။**

ဒါကြောင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါရဲ့ ဖြစ်ပေါ်ခဲ့တဲ့ ကုန်ကျစရိတ်တွေကို လျှော့ချဖို့နဲ့ အသွားအလာကန့်သတ်မှုတွေကို ဖြေလျှော့ပေးဖို့ ကမ္ဘာတစ်ဝန်းကနိုင်ငံတွေအပေါ် ဖိအားတွေတိုးလာနေချိန်မှာပဲ အမေရိကန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံတို့ကလာတဲ့ ဝမ်းနည်းဖွယ်ကောင်းတဲ့ သတင်းတွေနဲ့အတူ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဆိုးရွားလှတဲ့ စီးပွားရေးသက်ရောက်မှုတွေကလည်း ပိုမိုကြီးမားလာလျက်ရှိနေပါတယ်။

### ဟန်ချက်ညီအောင်ထိန်းနေ

ကန့်သတ်ချက်တွေကို လျင်မြန်စွာ ဖြေလျှော့ပေးခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ရဲ့ ဒုတိယလှိုင်းကို ဖြစ်ပေါ်စေလိမ့်မယ်ဆိုတဲ့ သတိပေးချက်ကို ဆန့်ကျင်ပြီး ကမ္ဘာတစ်ဝန်းက နိုင်ငံတွေအနေနဲ့ ရာစုနှစ်တစ်ခုအတွင်းမှာ ဆိုးရွားတဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ကျဆင်းမှုအပေါ် ဟန်ချက်ညီအောင်ထိန်းနေကြရတာဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၂၀၀၀၀ ကျော်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘာလုံးဆိုင်ရာအလုပ်သမားအင်အားရဲ့ ထက်ဝက်ဟာ သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးမှုနဲ့ ရင်ဆိုင်နေရတယ်လို့ ကုလသမဂ္ဂအဖွဲ့က သတိပေးထားသလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့်ဖြစ်ပေါ်လာတဲ့ စီးပွားရေး အထိနာမှုဟာ နေ့စဉ်နဲ့အမျှမြင့်တက်လာတဲ့ အပြင် ဆယ်စုနှစ်တစ်ခုကြာဖြစ်တည်ခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာလည်း သိသိသာသာကျဆင်းနိုင်ဖွယ်ရှိတယ်လို့ အမေရိကန်နိုင်ငံက ကြေညာခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကြောင့် အခုနှစ်ရဲ့ ပထမသုံးလတာကာလအတွင်း စီးပွားရေးရုတ်တရက်ကျဆင်းမှု ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့တယ်လို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးအကျပ်အတည်းနောက်ပိုင်းမှာ အကြီးမားဆုံးသော စီးပွားရေးကျဆင်းမှုလည်း ဖြစ်တယ်လို့ ဆိုပါတယ်။

### ကျော်လွန်သွားခဲ့ပြီဖြစ်

အမေရိကန်နိုင်ငံအနေနဲ့ လက်ရှိမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူဦးရေ တစ်သန်းကျော်ခဲ့ပြီး သေဆုံးသူအရေအတွက်ဟာလည်း ၆၂၀၀၀ ကျော်ရှိသွားပြီလို့ တရားဝင်သတင်းထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအရေအတွက်ဟာ ကမ္ဘာ့နိုင်ငံတွေထဲမှာ သေဆုံးမှုအမြင့်မားဆုံးအရေအတွက်ဖြစ်ပြီး ဗီယက်နမ်စစ်ပွဲအတွင်းမှာ သေဆုံးခဲ့ရတဲ့ အမေရိကန်နိုင်ငံသားတွေရဲ့အရေအတွက်ကို ကျော်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ နိုဝင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ဖို့ တောင်းဆိုထားပြီး ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို ဖြေလျှော့ပေးဖို့ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို တွန်းအားပေးလျက်ရှိနေပါတယ်။

**ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ ရိုက်ခတ်မှုကြောင့် အခုနှစ်ရဲ့ ပထမသုံးလတာကာလအတွင်း စီးပွားရေးရုတ်တရက်ကျဆင်းမှု ၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့တယ်လို့ တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့ စီးပွားရေးအကျပ်အတည်းနောက်ပိုင်းမှာ အကြီးမားဆုံးသော စီးပွားရေးကျဆင်းမှုလည်းဖြစ်**




အမေရိကန်နိုင်ငံတင်မဟုတ်ဘဲ ဥရောပရဲ့ အင်အားကြီးဂျာမနီနိုင်ငံမှာလည်း ၁၉၄၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ ဖက်ဒရယ်သမ္မတနိုင်ငံရဲ့ သမိုင်းကြောင်းမှာ ဆိုးရွားတဲ့စီးပွားရေးကျဆင်းမှုနဲ့ လက်ရှိအချိန်မှာ ကြုံတွေ့ခံစားရလိမ့်မယ်လို့ ဂျာမနီနိုင်ငံ ကျန်းမာရေးဝန်ကြီး ပီတာအယ်လ်မေယီယာကသတိပေးပြောကြားခဲ့ပါတယ်။

### မဖြစ်မနေလုပ်ဆောင်ရမှာဖြစ်

ဂျာမနီနိုင်ငံဟာ နိုင်ငံရဲ့ကန့်သတ်ထိန်းချုပ်မှုတွေ ဖြေလျှော့ပေးလျက်ရှိတဲ့ ဥရောပတစ်ဝန်းက နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပြီး ဧပြီ ၂၉ ရက်ကစပြီး မြို့တော်ဘာလင်မှာ ဈေးဆိုင်တွေကို ဝင်ရောက်မယ်ဆိုရင် နှာခေါင်းစည်းတွေဝတ်ဆင်ရမယ့်စည်းမျဉ်းကို လိုက်နာရမှာဖြစ်ပါတယ်။ ဘတ်စ်ကားတွေ၊ ရထားတွေနဲ့ ဓာတ်ရထားတွေကို စီးနင်းလိုက်ပါတဲ့ အချိန်မှာလည်း နှာခေါင်းနဲ့ ပါးစပ် ကာကွယ်ခြင်းကိုတော့ မဖြစ်မနေလုပ်ဆောင်ရမှာဖြစ်ပါတယ်။

အခြားသော ဥရောပနိုင်ငံတွေဖြစ်တဲ့ အီတလီ၊ စပိန်နဲ့ ပြင်သစ်တို့ဟာလည်း ကိုဗစ်-၁၉ ကပ်ရောဂါကို ဆိုးဆိုးရွားရွားခံစားနေရတဲ့ နိုင်ငံတွေဖြစ်ပြီး လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် လူဦးရေ ၂၀၀၀၀ ကျော်စီ သေဆုံးခဲ့ရပြီးလည်းဖြစ်ပါတယ်။ ဒါပေမယ့် နေ့စဉ်သေဆုံးသူအရေအတွက်ဟာ လျော့နည်းလာဖို့အလားအလာရှိနေပြီး အီတလီ၊ စပိန်နဲ့ ပြင်သစ်နိုင်ငံတို့ဟာ ခရီးသွားလာခွင့်ကန့်သတ်မှုတွေကို ဖြေလျှော့ပေးနိုင်မယ့် နည်းလမ်းတွေအတွက် အစီအစဉ်ရေးဆွဲလျက်ရှိပါတယ်။

ဗြိတိန်နိုင်ငံကတော့ ဥရောပနိုင်ငံတွေထဲမှာ ကိုဗစ်-၁၉ ရောဂါ စတုတ္ထမြောက်အများဆုံးခံစားရတဲ့ နိုင်ငံဖြစ်ပြီး လူဦးရေ ၂၆၀၀၀ ကျော်သေဆုံးခဲ့ရတဲ့အပြင် အသွားအလာကန့်သတ်မှုတွေ ဖြေလျှော့ပေးမယ့် အစီအစဉ်ဟာ ဝေးကွာနေဆဲအခြေအနေမှာပဲ ရှိနေဆဲဖြစ်ပါတယ်။

လွတ်လပ်သောစီးပွားရေးနယ်ပယ်မှာ အလုပ်လုပ်ကိုင်နေကြတဲ့ အလုပ်သမားအင်အားရဲ့ လေးပုံသုံးပုံဟာ သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ပျက်စီးမှုကို ရုတ်တရက်ဖြစ်ပေါ်စေတဲ့အန္တရာယ်နဲ့ ရင်ဆိုင်နေရပြီး အဲဒီအရေအတွက်ဟာ ကမ္ဘာ့အလုပ်သမားအင်အားရဲ့ထက်ဝက်ဖြစ်တဲ့ ၁ ဒသမ ၆ ဘီလီယံခန့် ဖြစ်တယ်လို့ ကမ္ဘာ့အလုပ်သမားအဖွဲ့အစည်းက ဧပြီ ၂၉ ရက်မှာ ပြောကြားခဲ့ပါတယ်။

### ရင်ဆိုင်ကြုံတွေ့နေရ

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဟာ စီးပွားရေးအစိတ်အပိုင်းအားလုံးကို ထိခိုက်စေလျက်ရှိပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါရိုက်ခတ်မှုအများဆုံးနယ်ပယ်တွေထဲက တစ်ခုကတော့ လေယာဉ်ထုတ်လုပ်တဲ့စက်ရုံတွေဖြစ်ပြီး ကမ္ဘာတစ်ဝန်း ခရီးသွားလာခွင့်ပိတ်ပင်မှုနဲ့ နယ်စပ်ဒေသတွေကို ပိတ်ထားမှုရဲ့ဆိုးကျိုးတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။

အမေရိကန် လေယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုဖြစ်တဲ့ ဘိုးရင်းကုမ္ပဏီကလည်း ကုမ္ပဏီရဲ့ အလုပ်သမားအင်အားကို ၁၀ ရာခိုင်နှုန်းအထိ လျှော့ချဖို့နဲ့ လေယာဉ်ထုတ်လုပ်မှုတွေကိုလည်း လျှော့ချဖို့အစီအစဉ်တွေကို ကြေညာခဲ့ပြီး ဥရောပရဲ့ လေယာဉ်အဓိကထုတ်လုပ်တဲ့ အဲဘတ်စ်ကုမ္ပဏီကလည်း ကြီးမားတဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။

### စီးပွားရေးထိခိုက်မှုတွေရှိနေဆဲ

ကမ္ဘာတစ်ဝန်းမှာ ကူးစက်ဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်နိုင်ငံဟာ အလုပ်လက်မဲ့ဦးရေ ၂၆ ဒသမ ၄ သန်းအထိ ရှိလာခဲ့ပြီး အဲဒီပမာဏဟာ အမေရိကန်နိုင်ငံ အလုပ်သမားအင်အားရဲ့ ၁၅ ရာခိုင်နှုန်းကျော်ရှိနေတာလည်းဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုဟာ အဆိုးဆုံးအခြေအနေကို ကျော်လွန်ခဲ့ပြီလို့ သမ္မတဒေါ်နယ်ထရမ့်က ဧပြီ ၁၈ ရက်မှာ ပြောကြားခဲ့ပေမယ့် ကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုတွေ များပြားလာမှုတွေနဲ့အတူ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးကိုလည်း ထိခိုက်မှုတွေ ရှိနေဆဲပဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံဟာ ကန့်သတ်ချက်တွေ ဖြေလျှော့ပေးမယ်ဆိုတဲ့ လမ်းညွှန်ချက်တွေ ကြေညာခဲ့ပြီး ပြည်နယ်တချို့မှာလည်း စီးပွားရေးလုပ်ငန်းတွေ ပြန်လည်စတင်ဖို့ ဆောက်ရွက်လျက်ရှိတဲ့အတွက် နိုင်ငံရဲ့ စီးပွားရေး ဆောလျင်စွာပြန်လည်ဦးမော့လာစေရေးကိုလည်း သမ္မတဒေါ်နယ်ထရမ့်က မျှော်လင့်ထားတာဖြစ်ပါတယ်။

ကိုးကား-အေအက်ဖ်ပီ

# ဒုတိယသမ္မတ မိုက်ပန့်စ် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ မေရိုဆေးရုံသို့ သွားရောက်ခဲ့



**ဝါရှင်တန် ဧပြီ ၃၀**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်သည် ဧပြီ ၂၈ ရက်တွင် မင်နီဆိုတာပြည်နယ် ရိုချက်စတာမြို့ရှိ မေရိုဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနေသောလူနာများကို အားပေးစကား ပြောကြားခဲ့သည်။ သို့သော် ဒုတိယသမ္မတ မိုက်ပန့်က နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ ဆေးရုံအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့သည်ဟု အဆိုပါဆေးရုံ၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

မင်နီဆိုတာပြည်နယ်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများ၌ နှာခေါင်းစည်းများ ဝတ်ဆင်ထားမှသာ သွားလာခွင့်ရှိသည်ဟု ဧပြီ ၁၃ ရက်တွင် ကြေညာခဲ့သည်။

ဆေးရုံသို့ မိုက်ပန့်စ် ရောက်ရှိလာချိန်တွင် ဆေးရုံမှ တာဝန်ရှိသူများက နှာခေါင်းစည်းဝတ်ဆင်ရန် ပြောကြားခဲ့သော်လည်း ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် အတူလိုက်ပါလာသော တာဝန်ရှိသူအားလုံးက နှာခေါင်းစည်းများဝတ်ဆင်ခဲ့ကြပြီး မိုက်ပန့်စ်က နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ ဆေးရုံအတွင်းရှိ သွေးလှူဌာနသို့ သွားခဲ့ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မိုက်ပန့်စ်အား ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။

မိုက်ပန့်စ်အနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ မေရိုဆေးရုံသို့ သွားခဲ့ခြင်းသည် အမှားတစ်ခုကျူးလွန်ခဲ့ခြင်းမဟုတ်ပါကြောင်း မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရှိသူ ကေတီမေလာက ဧပြီ ၂၉ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် မိုက်ပန့်စ်က ရောဂါကူးစက်မှုကို ကာကွယ်သည့်အနေဖြင့် ဆေးရုံအတွင်းရှိ ဆရာဝန်များနှင့် တာဝန်ရှိသူများအား နှုတ်ဆက်ရာတွင် လက်ဆွဲနှုတ်ဆက်ခြင်းမပြုဘဲ တံတောင်ဆစ်ဖြင့်တိုက်ပြီး နှုတ်ဆက်သည့်နည်းလမ်းကို ကျင့်သုံးခဲ့သည်ဟု ကေတီမေလာက ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မိုက်ပန့်စ်က မီဒီယာသို့ပြောကြားရာတွင် ၎င်းအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုရှိ၊ မရှိ စစ်ဆေးမှုခံယူပြီးဖြစ်သည့်အတွက် နှာခေါင်းစည်းဝတ်ဆင်စရာ မလိုအပ်ကြောင်း ပြောကြားခဲ့သည်။

ကိုးကား-စီအင်န်အင်န်

ဘာသာပြန်-အောင်ကျော်ကျော်

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၃၀**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်အတွင်း ရာမောင်တံတားအနီး၌ ဇက်ကူးရန် စောင့်ဆိုင်းလျက်ရှိသော ယာဉ်မောင်းတစ်ဦးသည် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ရှိ ဆေးလိပ်ဖိုတစ်ခုမှ ဆေးပေါ့လိပ်များအား ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ရန်အတွက် ယာဉ်မောင်း ဦးသိန်းနိုင်စိုးသည် ဟီးနိုးအမျိုးအစား ၁၂ ဘီးယာဉ်အား မောင်းနှင်၍ ယာဉ်နောက်လိုက်ဖြစ်သူ ဦးသန်းဇော်နှင့်အတူ ထွက်ခွာခဲ့ရာ ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် မင်းပြားမြို့ ရာမောင်တံတားအနီးသို့ ရောက်ရှိခဲ့ပြီး ဇက်ကူးရန်စောင့်ဆိုင်းခဲ့ကြောင်း၊ ယင်းသို့စောင့်ဆိုင်းနေစဉ် အနောက်ဘက်ရှိ တောင်ကုန်းမှ တိုက်ပွဲဖြစ်ပွားသံများကြားသဖြင့် ကားအောက်သို့ ဝင်ရောက်ပုန်းအောင်းနေခဲ့ကြောင်း၊ အသံများငြိမ်သွားချိန်တွင် အပြင်သို့ထွက်၍ ကားဘေး၌ထိုင်နေစဉ် ယာဉ်မောင်း ဦးသိန်းနိုင်စိုး၏ လက်မောင်းအား လက်နက်ငယ်ကျည်ထိမှန်ခဲ့ပြီး ယာဉ်အား ဆက်လက်မောင်းနှင်နိုင်ခြင်းမရှိသဖြင့် ယာဉ်နောက်လိုက် ဦးသန်းဇော်အား စစ်တွေမြို့သို့ ဆက်လက်မောင်းနှင်စေခဲ့ကြောင်း၊ ယောချောင်းတံတားသို့အရောက်တွင် တံတားလုံခြုံရေးအဖွဲ့များသို့ သတင်းပို့ခဲ့ရာ လိုအပ်သည့် ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ပြီး အမ်းမြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကာ ခွဲစိတ်ဆောင်၌ ခွဲစိတ်ပါရဂူဖြင့် အနီးကပ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စိုးရိမ်ဖွယ်ရာ မရှိကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရာမောင်တံတားအနီးတွင် လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် မကြာခဏပြုလုပ်လျက်ရှိပြီး ဧပြီ ၂၀ ရက် ညနေပိုင်းတွင်လည်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်မြို့သို့ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား မင်းပြားမြို့နယ် ရာမောင်ဇက်ဆိပ်အနီး၌ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အရပ်သားဝန်ထမ်း ၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁ ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်အပါအဝင် အခြားအကြမ်းဖက်လုပ်ရပ်များကိုလည်း လုပ်ဆောင်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပလက်ဝဒေသခံများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများသယ်ဆောင်လာသည့် လုပ်ငန်းယာဉ်များနှင့် WFP မှ မော်တော်ယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဧပြီ ၃၀**

ချင်းပြည်နယ် ပလက်ဝဒေသရှိ ဒေသခံပြည်သူများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် WFP မှ ထောက်ပံ့သော ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်မှ ထောက်ပံ့လှူဒါန်းသော စားသောက်ဖွယ်ရာ ပစ္စည်းများအား ရာသီဥတုဆိုးရွားမှုကြောင့် လမ်းပျက်စီးမှုများနှင့် AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ဟန့်တားမှုများကြားမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးစားအားထုတ်၍ ဧပြီ ၂၉ ရက် ညနေပိုင်းတွင် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။







ထိုသို့ပို့ဆောင်ရာတွင် လမ်းကြောင်းအခြေအနေနှင့် လုံခြုံရေးအခြေအနေအရ လုပ်ငန်းယာဉ် ၃၁ စီးက ရှေ့မှ စတင်ထွက်ခွာခဲ့ပြီး WFP မှ ခြောက်ဘီးယာဉ်ငါးစီးက နောက်မှ ကပ်လျက်လိုက်ပါကာ ယာဉ်ပေါ်လိုက် လုံခြုံရေးအဖွဲ့များ၊ လမ်းလုံခြုံရေးအဖွဲ့များဖြင့် လုံခြုံရေးဆောင်ရွက်၍ ထွက်ခွာခဲ့ကြောင်း၊ ယင်းသို့ထွက်ခွာခဲ့ရာ ဆမီးမြို့၏ အနောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူများက နောက်မှလိုက်ပါလာသည့် WFP မှ မော်တော်ယာဉ်များကိုသာ ဦးတည်ပစ်မှတ်ထားရွေးချယ်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် လမ်းလုံခြုံရေးဆောင်ရွက်နေသည့် အဖွဲ့များနှင့် ယာဉ်ပေါ်ပါ လုံခြုံရေးအဖွဲ့များက ပြန်လည်ပစ်ခတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ရကြောင်း။

အဆိုပါ နှောင့်ယှက်ပစ်ခတ်မှုကြောင့် WFP မှ ယာဉ်မောင်း ပခုက္ကူမြို့နေ ဦးဝင်းကိုအောင်၏ မျက်နှာတွင် မော်တော်ယာဉ်လေကာမှန်စ ထိမှန်၍ ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး ၎င်းမောင်းနှင်သည့် ခြောက်ဘီးယာဉ်၏ ဆီတိုင်ကီနှင့် ရှေ့လေကာမှန် လက်နက်ငယ်ကျည်ထိမှန်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် အခြားမော်တော်ယာဉ် လေးစီးတွင်လည်း ရှေ့/နောက်လေကာမှန်များ၊ တံခါးများ၊ ဘီးများနှင့် ကိုယ်ထည်များ လက်နက်ငယ်ထိမှန်ပျက်စီးခဲ့ကြောင်း။

ယင်းသို့ မော်တော်ယာဉ်များ ထိမှန်ပျက်စီးခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံ ကာကွယ်ခဲ့မှုများကြောင့် အဆိုပါထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများကို ယနေ့ညနေ ၄ နာရီခွဲခန့်တွင် ပလက်ဝနယ်မြေခံတပ်ဌာနချုပ်ဝန်းကျင်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် WFP မှ ယာဉ်မောင်း ဦးဝင်းကိုအောင်အား ယာဉ်ပေါ်တွင်လိုက်ပါလာသည့် လုံခြုံရေးအဖွဲ့မှ ဆေးမှူးဖြင့် လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပလက်ဝနယ်မြေ တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့် ရိက္ခာများကို ပလက်ဝ ဒေသခံများ လက်ဝယ်သို့ အရောက်ပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## အင်္ဂပူ၌ ခြောက်ဘီးယာဉ် တောင်ကမ်းပါးဝင်တိုက်ပြီး တိမ်းမှောက်ခဲ့ရာ လေးဦးသေဆုံး

**အင်္ဂပူ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကုန်းပြင်အုပ်စုရှိ ငထူကြော၌ ဧပြီ ၂၉ ရက် ညက ယာဉ်တိမ်းမှောက်မှုကြောင့် လူလေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွင်းကောက်မြောက်အုပ်စု တလုတ်ကုန်းကျေးရွာမှ ကုန်းပြင်အုပ်စု ငထူကြောသို့ ဝါးများတင်ဆောင်ရန် ဦးသန်းမင်းထိုက် မောင်းနှင်လာသည့်ယာဉ်သည် မြန်အောင်တိုးချဲ့သစ်တောကြိုးဝိုင်းအကွက် အမှတ်(၇၂) အရောက်တွင် မိုးရွာသွန်းမှုကြောင့် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းရှိ တောင်ကမ်းပါးအား ဝင်တိုက်မိပြီး တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူများမှာ အနီးရှိ အနက် ပေ ၅၀ ရှိ ချောက်အတွင်းသို့ ကျခဲ့သည်။ ယာဉ်ပေါ်ပါလာသူများအနက် ခင်မောင်မြင့်၊ ရင်ထွေး၊ ဟန်ဇော်ထက်နှင့် သန်းထွန်းဦးတို့ လေးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း၊ ရဲထက်အောင်ပါ သုံးဦးတို့တွင် ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် ယာဉ်မောင်းသန်းမင်းထိုက်အား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ရောဦးသာ**

## ဖားကန့်၌ ရေမဆေးကျောက်ရှာဖွေသူ ကျောက်ခဲထိမှန်၍ သေဆုံး

**ဖားကန့် ဧပြီ ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရှမ်းစုကျေးရွာအနီးရှိ ရတနာရောင်ခြည်ကုမ္ပဏီ လုပ်ကွက်ဟောင်း မြေစာပုံတွင် ယနေ့ နံနက်ပိုင်းက ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ကျောက်ခဲထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုပ်ကွက်ဟောင်း စွန့်ပစ်မြေစာပုံ၏ အမြင့်ပေ ၅၀၀ ခန့်မှ မြေစာများ ပြိုကျမှုကြောင့် မြေစာပုံအောက်ခြေတွင် ရေမဆေးကျောက် ရှာဖွေနေသော ရှမ်းစုကျေးရွာတွင် နေထိုင်သည့် ဦးအလီအောင်မျိုးရမ်၏ ဦးခေါင်းအား ကျောက်ခဲထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ဧပြီ ၄ ရက်ကလည်း ဖားပြင်ကျေးရွာမှ ရေမဆေးကျောက်ရှာသူတစ်ဦး ကျောက်ခဲထိမှန်သေဆုံးမှုဖြစ်ပွားခဲ့ရာ တစ်လအတွင်း နှစ်ကြိမ်မြောက် မြေစာပုံတွင် ကျောက်ခဲထိမှန်သေဆုံးမှုဖြစ်သည်။

**တာလင်းမောင်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မေ ၂ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ယွန်းယွန်းနှင့် အုပ်စိုးခန့်တို့ ပါဝင်သည့် မြန်မာလူမျိုးတို့၏ ရိုးရာကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပရခြင်း သမိုင်းကြောင်းကို သရုပ်ဖော်ထားသည့် “ကဆုန်ညောင်ရေသွန်းပွဲတော်” မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန်အလို့ငှာ ကမ္ဘာပေါ်ရှိထူးခြားသောငှက်အမျိုးအစားအချို့အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “ထူးခြားငှက်များအကြောင်း တစေ့တစောင်း” သုတဆောင်းပါး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရာတွင် ပေါ့ဆမီးဖြစ်သော ဆေးလိပ်မီးကအစ သတိပြုဆင်ခြင်ရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့် “ညီပု” နှစ်မျက်နှာကာတွန်း၊ အထွန်းတို့သူငယ်ချင်းတစ်စု၏ ကြွက်ပေါက်ကလေးများကို ဒုက္ခရောက်မိစေခဲ့ရာက နောင်တွင် မိမိ၏ ပျော်ရွှင်မှုအတွက် သူတစ်ပါးအပေါ် ဒုက္ခမရောက်မိစေရန် သတိပြုနေထိုင်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာနေဦးမောင် (ပခုက္ကူ)၏ “အပျော်မလုပ်တော့ပါ” ဝတ္ထုတို့ အပါအဝင် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။ **သတင်းစဉ်**

## စည်ပင်သာယာရဲတပ်ဖွဲ့ဝင် တစ်ဦးအား ရိုက်နှက်ပြီး ဖုန်းနှင့် ဆိုင်ကယ် လုယက်ခဲ့သူများအား ဖမ်းဆီးရမိ

**မန္တလေး ဧပြီ ၃၀**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၎ွှေဝါလမ်းနှင့် လမ်း ၆၀ ထောင့် စည်ပင်သာယာရဲတပ်ဖွဲ့ဝင်းအနီးတွင် ဧပြီ ၂၆ ရက်က စည်ပင်သာယာရဲတပ်ဖွဲ့ဝင်တစ်ဦး ရိုက်နှိုက်ခံရပြီး ဖုန်းနှင့်ဆိုင်ကယ် လုယက်ခံရမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းမြရွှေပြည်ကားကြီးဝင်း ရဲကင်းမှ ရဲတပ်သား ကျော်သူဝင်းသည် မြို့သစ် (၁)ရပ်ကွက် လမ်း ၆၀ ၎ွှေဝါလမ်းထောင့်အရောက် ည ၈ နာရီ မိနစ် ၅၀ ခန့်တွင် ဆိုင်ကယ်ရပ်ကာ ဖုန်းပြောစဉ် ဦးခေါင်းအား တုတ်ဖြင့်ရိုက်နှက်၍ ၎င်းပိုင်ဖုန်းနှင့် ဆိုင်ကယ်တို့အား လုယက်ခံရသဖြင့် ဧပြီ ၂၆ ရက်တွင် အမှတ်(၁၁)နယ်မြေရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အဆိုပါအမှုအား တိုင်းမှူခင်းအကူဌာနစိတ် တာဝန်ခံရဲအုပ် ဝင်းကျော်ဦးနှင့် ပူးပေါင်းအဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သော ကျော်ရဲအောင်၊ မင်းထက်သာ၊ ကျော်ဝင်းသူ၊ မင်းထက်နှင့် သက်ပိုင်ဝင်း စုစုပေါင်း ငါးဦးတို့အား လုယက်ရိုက်နှက်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများနှင့်အတူ လုယူခဲ့သည့် ဆိုင်ကယ်နှင့် ဖုန်းတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မန်းကိုယ်ပွား**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၀ – ၄ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာ (၂၉) ဦး ဓာတ်ခွဲနမူနာများတွင်-

- COVID-19 ရောဂါပိုး မတွေ့ရှိပါ။(ဓာတ်ခွဲအတည်ပြု လူနာသစ် မရှိပါ။)

၂။ သို့ဖြစ်ပါ၍ (၂၀-၄-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၅၀)ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၂၀-၄-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case)များအနက် ဓာတ်ခွဲနမူနာများ၌ (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case -22)ထပ်မံတွေ့ရှိရသဖြင့် ယနေ့အထိ ဓာတ်ခွဲနမူနာများ၌ (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူစုစုပေါင်း (၂၈) ဦးရှိပြီးဖြစ်ပါသည်။

၄။ (၂၀-၄-၂၀၂၀) ရက်နေ့တွင် ရောဂါပိုးကင်းစင်သွားသူ (၁) ဦး (Case -1) အား ဆေးရုံမှ ထပ်မံဆင်းခွင့်ပြုခဲ့၍ ယနေ့အထိ ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း (၁၇)ဦးရှိပြီးဖြစ်ပြီး ၎င်းတို့အား နေအိမ်တွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိလျက်ရှိပါသည်။

၅။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦးရှိပြီ ဖြစ်ပါသည်။

၆။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၁၂၇) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် ဆေးကုသမှု ပေးလျက်ရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသခန်းတွင် ကုသမှုခံယူနေသူ (၂)ဦးရှိပါသည်။

၇။ (၂၉-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၀-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၀)ဦး ရှိပါသည်။

၈။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ စောင့်ကြည့်လူနာများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေများ ထပ်မံရရှိပါက ဆက်လက် သတင်းထုတ်ပြန်မည်ဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက် (၂၀ – ၄ – ၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီ**

| | |
|---|---|
| (၂၀-၄-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ခင်ဦးမြို့၌ လူစုလူဝေးမဖြစ်စေရေး လျှပ်စစ်ဓာတ်အားခများ လှည့်လည်ကောက်ယူ

**ခင်ဦး ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ မြို့မိမြို့ဖအဖွဲ့နှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာတို့၏ အစီအစဉ်ဖြင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များ ပူးပေါင်းပြီး ဧပြီ ၂၀ ရက် နံနက် ၉ နာရီက လျှပ်စစ်ဓာတ်အားခများကို ရပ်ကွက်အတွင်း လှည့်လည်ကောက်ယူလျက်ရှိသည်။




ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားခများကို ရပ်ကွက်အတွင်း ကောက်ခံပေးရခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဓာတ်အားခပေးဆောင်ရာတွင် လူစုလူဝေးမဖြစ်စေလိုခြင်း၊ အချိန်ကုန်သက်သာစေခြင်း၊ အိမ်အပြင် ထွက်စရာမလိုဘဲ အိမ်အရောက် ကောက်ခံပေးသည့်အတွက် အဆင်ပြေပြီး ရောဂါကာကွယ်ရာ ရောက်နိုင်ကြောင်း၊ ရပ်ကွက်အတွင်း လှည့်လည်ကောက်ခံခြင်းအစီအစဉ်ကို ကိုဗစ်-၁၉ ကာလပြီးဆုံးချိန်အထိ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းအောင်က ပြောသည်။

**စိုးဝေအောင်(ခင်ဦး)**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဧပြီ ၂၀**

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ်-၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်လင်မြို့၌ ပျံကျဈေး စနစ်တကျ ဖွင့်လှစ်ရောင်းချလျက်ရှိ

**လှိုင်လင် ဧပြီ ၂၀**

လှိုင်လင်မြို့နယ် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လှိုင်လင်မြို့မဈေးနှင့် ပျံကျဈေးများအား ဧပြီ ၁၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ လူစုလူဝေးမဖြစ်စေရေးအတွက် ဈေးရောင်းချရာတွင် နေ့စဉ် နံနက် ၅ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက သိရသည်။

ထို့ပြင် ဈေးရောင်း/ဈေးဝယ်သူများအား အဆင်ပြေပြေနှင့် စနစ်တကျ ဝယ်ယူစေရန်အတွက် ဈေးအဝင်အထွက်ပေါက်များတွင် တာဝန်ကျဝန်ထမ်းများက စောင့်ကြည့်စစ်ဆေးကာ နှာခေါင်းစည်းများ စနစ်တကျ တပ်စေခြင်း၊ ဈေးဝယ်ခွင့်ကတ် ပါ၊ မပါ စစ်ဆေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်ဆေးဘေစင်များထား၍ လက်ဆေးစေခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့လယ်ကျောင်းဝင်းအတွင်း ဖွင့်လှစ်ပေးထားသော ယာယီပျံကျဈေး၌ ဈေးရောင်းချသူများ အဆင်ပြေစွာ ရောင်းချနိုင်စေရန်ရည်ရွယ်၍ ထီးများကို M ပိုက်ဆံနှင့် အော်ရီဒူးက ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။

**သတင်း – ဝင်းမင်းသန့်(ပြန်/ဆက်)၊**
**ဓာတ်ပုံ – ချစ်စံအိမ်**





## ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် ကန့်သတ်စောင့်ကြည့်ရေးစခန်း ကြိုတင်ပြင်ဆင်ထားရှိ

**လှိုင်းဘွဲ ဧပြီ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မြန်မာရွှေ့ပြောင်းလုပ်သားများ မေလ ပထမပတ်မှစတင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည့်အတွက် ပြန်လည်ဝင်ရောက်လာသူများတွင် လှိုင်းဘွဲ မြို့နယ်ရှိ ဒေသခံပြည်သူများ ပါဝင်လာပါက ၂၁ ရက် ကန့်သတ် စောင့်ကြည့်ရန်အတွက် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း ငါးခု ကြိုတင်ထားရှိပြီးဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်း ထံမှ သိရသည်။

စီစဉ်ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာ အထကခွဲ(လှိုင်းဘွဲ)၊ အထက(ဒိုင်းပြ)၊ အထက(ရွှေဂွန်း)၊ အထက (ပိုင်ကျုံ)နှင့် သီတဂူအာရောဂျဒါနဆေးရုံ(မြိုင်ကြီးငူ)တို့ဖြစ်ပြီး စုစုပေါင်းလူဦးရေ ၃၀၀ ခန့် ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိသည်။

အဆိုပါ စောင့်ကြည့်ရေးစခန်းတွင် နေထိုင်သူများအနေဖြင့် လက်ကို မကြာခဏဆေးကြောရန်၊ နှာခေါင်းစည်းများ တပ်ဆင်ရန်၊ တစ်ဦးနှင့် တစ်ဦး ခြောက်ပေအကွာ နေထိုင်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် အသိပေးပြောကြားခြင်းများကို ဌာနဆိုင်ရာများက တာဝန်ခွဲ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မဒ္ဒစီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ယနေ့ နံနက်ပိုင်းက အလှူငွေနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ အလှူရှင်အသီးသီး၏ လှူဒါန်းမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က လက်ခံရယူပေးသည်။

အဆိုပါလှူဒါန်းမှုများတွင် မီးလင်းချိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ် ၄၃၁၈၄၇၆ တန်ဖိုးရှိတစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၄၆၀၊ ကာကွယ်ရေးမျက်မှန် အခု ၃၀၀၊ Azithromycin ဆေးဘူး ၆၀၆၄ ဘူး၊ နှာခေါင်းစည်းအခု ၈၀၀၀၊ ပိုးသတ်ဆေးရည် 25 kg ၅၀၀ ပုံး၊ (ဦးအောင်မြင့်)–ဒေါ်ကြည်အေး၊ ဦးသိန်းနိုင်–ဒေါ်အေးအေး၊ ဦးကျော်မင်း–ဒေါ်သီသီလွင် (ရွှေပြည်နန်းမိသားစု)က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအတွက် မတ် ၃၀ ရက်မှ မေ ၃၀ ရက်အထိ ငွေကျပ်သိန်း ၁၀၀၀ နှင့် ညီမျှသော စားနပ်ရိက္ခာများ၊ Yangon Metropolitatan Development Public Co.,Ltd. ဥက္ကဋ္ဌ ဒေါ်မေမေသွယ်နှင့် ဝန်ထမ်းများက ဖောင်ကြီး Medical Center ရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ကျွေးမွေးစရိတ်အလှူငွေကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း။

Fujian General Chamder of Commerce in Myanmar က အလှူငွေကျပ်သိန်း ၆၈၀ တန်ဖိုးရှိ ဆန်တန် ၅၀ နှင့် နှာခေါင်းစည်း အခု ၁၀၀၀၀၀၊ ချယ်ရီမေတ္တာဖောင်ဒေးရှင်းက ငွေကျပ် ၁၅၅ သိန်းတန်ဖိုးရှိ Ventilator



တစ်စုံ၊ ငွေကျပ် ၅၂၅၆၀၀၀ တန်ဖိုးရှိ Patient Monitor တစ်စုံ၊ စောင့်ကြည့် လူနာ ၆၀၀၀ အတွက် စားစရိတ် အလှူငွေ ကျပ်သိန်း ၃၀၀၊ ဟာဂျီဦးမြင့်စိန် – ဟာဂျီဒေါ်မာလာဝင်း(ဗဟိုပိုက်ဆိုင်၊ Leo Group Myanmar)က ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၁၀၀၀၀၀၊ Myanmar Taipei University of Business EMBA Social Club က ငွေကျပ် ၂၃၂ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၉၀၀ ကို လည်းကောင်း။

ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ငွေကျပ် ၁၈၅၈၆၀၀၀ တန်းဖိုးရှိ ပစ္စည်းများ၊ San Ngew Yaung Co., Ltd. က အလှူငွေကျပ်သိန်း ၁၀၀ နှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်းအခု ၁၅၀၀၀၊ ဦးအောင်ဝင်း(Yaung Ni Oo Automobile Co., Ltd.)က ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ Ventilator တစ်စုံ၊ မြန်မာနိုင်ငံ စက်မှုထုတ်ကုန်များအသင်းက အလှူငွေကျပ်သိန်း ၁၅၀၊ Eslite Garment Co., Ltd. က ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၈၀၀၊ ဦးသိန်းဟန် (Focus Gems & Jewellery Co., Ltd.)က ငွေကျပ် ၁၀၆ သိန်းတန်ဖိုးရှိတစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၅၀၀၊ GAC Motor Myanmar၊ Lyan Shan Engineering Services Co., Ltd. က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၀၊ နှာခေါင်းစည်း အခု ၁၀၀၀၀၊ Hand santinizer (20 liter) ၁၀ ဘူး၊ Automobile Association of Myanmar (AMM)အသင်းက အလှူငွေကျပ် သိန်း ၉၀ ကို လည်းကောင်း။

လှိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းနှင့် လှိုင်မြို့နယ် ပြည်သူ ပြည်သားများက အလှူငွေကျပ် ၆၂ သိန်း၊ ပိုးသတ်ဆေးပုံးကြီး လေးပုံး၊ SURGITOL တစ်ပုံး၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၀၊ မျက်နှာဖုံး အခု ၁၀၀၊ Hand Spray တစ်လီတာ ခြောက်ဘူး၊ ၁၉၇၀–၁၉၇၄ ခုနှစ် ဓာတုဗေဒ ကျောင်းသူ ကျောင်းသားများ (ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)က အလှူငွေကျပ် ၅၅ သိန်း၊ ဂျပန်နိုင်ငံမှ (အီမအိဂုမိ) အထိမ်းအမှတ်ပညာသင်ဆုရ မြန်မာကျောင်းသူကျောင်းသားများက စုပေါင်းအလှူငွေ ၅၄ သိန်း၊ ဒေါက်တာအောင်သိန်း (Nibban Electronics)က ငွေကျပ် ၄၅၈၀၀၀၀ တန်ဖိုးရှိ air con 1.5 HP ၁၀ လုံးနှင့် Water Dispenser ၁၀ လုံး၊ ဦးစိုင်းစိုးမြင့် (VAZ Communications Co.,Ltd.) က ငွေကျပ် ၂၄ သိန်း တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၀၀၊ ဦးဝင်းလွင်–ဒေါ်လီဖန်းမိသားစုက အလှူငွေကျပ်သိန်း ၂၀၊ Prakash Kumar@ Myint Han(NKS Myanmar Group Co.,Ltd.)က အလှူငွေကျပ် ၁၀ သိန်း၊ ဦးခင်အောင်၊ ဦးအောင်မြတ်ထွန်းနှင့် ဂျပန်ရောက် မြန်မာစေတနာရှင်များက အလှူငွေကျပ် ကိုးသိန်းတို့ကို လည်းကောင်း လာရောက်လှူဒါန်းကြရာ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၉၀၀၊ ပစ္စည်းစုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၇၂၈၃၄၇၆ ကျပ်၊ (ငွေသား+ပစ္စည်း) စုစုပေါင်းတန်ဖိုးငွေကျပ် ၅၇၇၂ ၈၃၄၇၆ ကျပ်တို့ဖြစ်သည်။

**မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးဆောင်ရွက်ပေးနေသည့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရေဝတီဖောင်ဒေးရှင်းက ထပ်မံဂုဏ်ပြုချီးမြှင့်

**ရန်ကုန် မေ ၁၀**

ရေဝတီဖောင်ဒေးရှင်းသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ထပ်မံဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ရေဝတီဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါစတင်ချိန်မှစ၍ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်နေသည့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဓာတ်ခွဲနမူနာ (Swap Test) ရယူပေးသော ဓာတ်ခွဲမှူး(Laboratory Technician) များအတွက် ငွေကျပ် သိန်း ၁၀၀၊ ဓာတ်ခွဲစစ်ဆေးမှုများကို နေ့ညမရွေး အပင်ပန်းခံကာ စစ်ဆေးပေးလျက်ရှိသော အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)မှ ဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၁၀၀ နှင့် ကိုဗစ်–၁၉ ရောဂါပိုးကူးစက်ခံထားရ၍ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရသော ကျန်းမာရေးဝန်ထမ်းများအား စောင့်ရှောက်ကုသရာတွင် အသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါပိုးကူးစက်ခံထားရသူများကို စောင့်ရှောက်ကုသပေးနေသော တောင်ဥက္ကလာပအထူးကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၁၀၀၊ ကလေးမြို့ တိုင်းရင်းဆေးရုံကြီးနှင့် တီးတိန်ပြည်သူ့ဆေးရုံတို့မှ ဆရာဝန်များအတွက် ငွေကျပ်သိန်း ၁၀၀၊ ကိုဗစ်–၁၉ ရောဂါကြောင့် အသက်ဆုံးရှုံးခဲ့သည့် ပေါက်ခေါင်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး၏ မိသားစုအတွက် စာနာပံ့ပိုးငွေကျပ်သိန်း ၅၀ တို့ကို လှူဒါန်းခဲ့ပြီး လှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ရှိကြောင်း သိရသည်။



### လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိ

ရေဝတီဖောင်ဒေးရှင်းသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ခံရသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် Max Hotels Group၊ နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်တို့နှင့် ပူးပေါင်း၍ အစားအသောက်များ လိုအပ်သလို ပေးပို့လှူဒါန်းလျက်ရှိသလို နေရေးထိုင်ရေး အခက်အခဲကြုံနေသည့် ဝေဘာဂီအထူးကုဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ရေဝတီဘဏ်သင်တန်းကျောင်းတွင်ထားရှိကာ နေထိုင်စားသောက်သွားလာရေးနှင့် အခြား လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိသည်။ ရေဝတီဖောင်ဒေးရှင်း၊ AYA Bank၊ Max Myanmar Group ကုမ္ပဏီသည် ကိုဗစ်–၁၉ ရောဂါကုသနေသည့် ဆေးရုံကြီးများအတွက် အလှူငွေလှူဒါန်းခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံထားရှိပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ငွေကျပ်သိန်း ၄၇၀၀ ဝန်းကျင်တန်ဖိုးရှိ ဆန်အိတ် ၁၇၅၀၀ တို့ကို သက်ဆိုင်ရာအစိုးရအဖွဲ့များမှတစ်ဆင့် လှူဒါန်းခြင်း၊ ကန့်သတ်စောင့်ကြည့်စင်တာငါးခုမှ စောင့်ကြည့်ခံရသူများ၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်သွားလာရေးနှင့် အစားအသောက်ကျွေးမွေးမှုအတွက် ငွေကျပ်သိန်း ၃၀၀၀ ဝန်းကျင်အပါအဝင် မေ ၃၀ ရက်အထိ ငွေကျပ်သိန်း ၁၆၀၀၀ ဝန်းကျင် လှူဒါန်းထားပြီးဖြစ်သည်။

**သတင်း–ဖိုးသော်ဇင်**
**ဓာတ်ပုံ–ကိုမိုး**

# COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
    - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
    - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
    - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
    - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
    - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
    - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
    - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
    - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
    - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့် နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
    - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဧရာဝတီတိုင်းဒေသကြီးရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကမ္ဘောဇဘဏ် လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ပုသိမ်မြို့ တိုင်းဒေသကြီးအစိုးရရုံး၌ ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူသည်။

ကမ္ဘောဇဘဏ်သည် ဧပြီ ၁၃ ရက်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများအတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိ ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့လှူဒါန်းပေးအပ်ပြီး ဖြန့်ဝေလျက်ရှိသည်။ ချင်း၊ ကယား နှင့် ရခိုင်ပြည်နယ်တို့ရှိ ကန့်သတ်စောင့်ကြည့်ခံရသည့် ပြည်သူများ အနက် နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန် အတွက် ပြည်နယ်တစ်ခုလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ငွေကျပ်သိန်း ၉၀၀ ကိုလည်း ကမ္ဘောဇဘဏ်က ဧပြီလ နောက်ဆုံးပတ်အတွင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန် အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော် တန်ဖိုးရှိကာကွယ်၊ကုသရေးအထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက စင်းလုံးငှားလေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့်ပူးပေါင်း၍ လှူဒါန်း ငွေကျပ်သိန်း ၂၀၀၀ မ,တည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထား၍ နိုင်ငံတွင်း အရေးပေါ်လိုအပ်သောနေရာများသို့ဖြန့်ဝေလှူဒါန်းခြင်း၊ ဒေသအသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် ပြည်သူများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းခြောက်မျိုးကို နေရာအရောက် လှူဒါန်းလျက်ရှိသည်။ **ကိုကျော်**






## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော် ဧပြီ ၃၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၇၈ မြို့နယ်ရှိ နေရာ ၁၆၅ နေရာများတွင် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေး ၆၃၇ ဒသမ ၅ ဂါလန်၊ ရေ ၂၅၅၀၀ ဂါလန် သုံးစွဲခဲ့ပြီး အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ ခိုင်နှင်းဝေ ပရဟိတလူငယ်များအသင်းတို့က ပူးပေါင်း၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ခြေ ၂၄၀၀ အား စားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက ပထမအသုတ်အနေဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်ဒဂုံမြို့နယ်မှာ အခြေခံလူတန်းစားတွေများတော့ သူတို့ရဲ့လိုအပ်ချက်တွေကို ဘယ်လောက်ဖြည့်ဆည်းပေးနိုင်မလဲဆိုပြီး ဆောင်ရွက်ပေးတာပါ။ နောက်တစ်ခုက ခိုင်နှင်းဝေ ပရဟိတအဖွဲ့နဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်က ပြောသည်။

**အိမ်ထောင်စု ၂၄၀၀**

မြို့နယ်အတွင်းရှိ ၁၀၄၊ ၁၀၅ နှင့် ၁၀၆ ရပ်ကွက်တို့မှ အိမ်ထောင်စု ၂၄၀၀ အတွက် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ဆား၊ ငါးပိထောင်း၊ မြေပဲ၊ ပုစွန်ခြောက်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို ပထမအသုတ်အနေဖြင့် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး



လာမည့် မေလတွင် အိမ်ထောင်စု ၅၀၀၀ အား ထပ်မံလှူဒါန်းရန် စီစဉ်ထားကြောင်းလည်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## ကိုဗစ်-၁၉ ရောဂါပိုး နှစ်ကြိမ်ဆက်တိုက် မတွေ့တော့သည့် Case-001 ဆေးရုံမှ ဆင်းခွင့်ရ

**တီးတိန် ဧပြီ ၃၀**

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံ၌ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသော ကိုဗစ်-၁၉ ရောဂါ Case-001 သည် ယနေ့ နံနက် ၁၁ နာရီက ၎င်းအား စောင့်ကြပ်ထားသည့် တီးတိန်မြို့နယ် သူနာပြုအဆောင်သစ်မှ ဆင်းခွင့်ရပြီဖြစ်ကြောင်း သိရသည်။

၎င်းဆေးရုံမှဆင်းစဉ် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပူဂင့်ကမ်းလျန်း၊ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုး၊ မြို့နယ်ဆေးရုံအုပ် ဒေါက်တာဇော်မြင့်နိုင်နှင့် ဆရာဝန် ဆရာမများ၊ တီးတိန်မြို့ လူငယ်အဖွဲ့များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်ကြသည်။ ၎င်းတည်းခိုမည့်အိမ်တွင် ကန့်သတ် စောင့်ကြည့်မှု ၁၄ ရက် ဆက်လက်ထားရှိဦးမည်ဖြစ်ကြောင်း သိရသည်။

**ဒိုင်းဒိမ့်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်း

**မန္တလေး ဧပြီ ၃၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များအား သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ တွေ့ဆုံရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ သတင်းမှန်ပြန်ကြားရေးနှင့် သတင်းမှားများ ဖြန့်ဝေသူများအား ရှာဖွေဖော်ထုတ်၍ သတင်းစောင့်ကြည့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တိုင်းဒေသကြီးအဆင့် စောင့်ကြည့်စစ်ဆေးကုသရေးကြီးကြပ်မှုကော်မတီ(SRT)ကို ဖွဲ့စည်းကာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပါကြောင်း။

ထို့ပြင် မန္တလေးမြို့သို့ ပြည်ပမှ ပြန်ဝင်လာသူများ၊ ပြည်တွင်းခရီးစဉ် ရန်ကုန်မြို့မှ ပြန်လည်ဝင်ရောက်သူများ၊ သင်္ကြန်ရုံးပိတ်ရက်အတွင်း နေရပ်သို့ ပြန်သွားကြပြီး ပြန်လည်ဝင်ရောက်လာသည့် ဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ Positive လူနာများနှင့် ထိတွေ့ခဲ့သူများကို ထားရှိရန်အတွက် ကန့်သတ်စောင့်ကြည့်ရေးစင်တာ ရှစ်ခု စီစဉ်ထားကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၆၅၉၉၂ ဦးအနက် နိုင်ငံတော်က ထောက်ပံ့သည့် ပစ္စည်း(၅)မျိုး၏ ကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၇၈၈၄ သန်းရှိပြီး အိမ်ထောင်စု (၁) စုချင်းစီအတွက် ခန့်မှန်းထောက်ပံ့ငွေကျပ် ၁၁၂၀၀ နှုန်း ကုန်ကျကြောင်း၊ ထပ်မံ၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထောက်ပံ့နိုင်ရန် စီမံချက်များရေးဆွဲ၍ စီစဉ်ဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ စက်ရုံ၊ အလုပ်ရုံပေါင်း ၈၁၃၁ ရုံ ရှိပြီး အဆိုပါစက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဧပြီ ၂၅ ရက်မှစတင်၍ စားသောက်ကုန် ထုတ်လုပ်သည့် စက်ရုံများကို ဦးစားပေးစစ်ဆေးခဲ့ရာ လက်ရှိတွင် ဧပြီ ၂၉ ရက် အထိ စက်ရုံ၊ အလုပ်ရုံပေါင်း ၃၃၉ ရုံ စစ်ဆေးပြီးဖြစ်ပါကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း လက်ရှိအချိန်အထိ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဒေသန္တရဆိုင်ရာ သတ်မှတ်ထားသည့် အမိန့်ညွှန်ကြားချက်များ ဖောက်ဖျက်ကျူးလွန်မှုကြောင့် အရေးယူခံရသည့်စာရင်းမှာ ၈၃ မှု ရှိခဲ့ကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး အတွင်း၌ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် အခြေခံလူတန်းစားများ တပ်ဆင်ရန် လျှော်ဖွပ်အသုံးပြုနိုင်သည့် နှာခေါင်းစည်း ၁၀ သိန်းကို တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ချုပ်လုပ်နေပြီး နှာခေါင်းစည်းတစ်ခုလျှင် ကျပ် ၁၅၀နှုန်းဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကာ အဆိုပါစက်ရုံ၊ အလုပ်ရုံများတွင် နီးကပ်စွာလုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်သားများအတွက် မျက်နှာကာရုံသည့်ပစ္စည်းအရေအတွက် ငါးသောင်းကို မှာယူထားကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းခဲ့ကြရာ မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ သတင်းမှန်ပြန်ကြားရေးနှင့် သတင်းမှားများ ဖြန့်ဝေသူများအား ရှာဖွေဖော်ထုတ်၍ သတင်းစောင့်ကြည့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသည့် မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။

**❂ ကိုရီးယားသမ္မတနိုင်ငံမှ**

အခြေအနေများစသည့် အချက်များအပေါ် အခြေခံလျက် ပျံသန်းပြေးဆွဲနိုင်မည့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်အား သက်ဆိုင်ရာနိုင်ငံများနှင့်ညှိနှိုင်း၍ စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

ကိုရီးယားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသား ၉၆ ဦးအား ပထမအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကိုရီးယားသမ္မတနိုင်ငံရှိ မြန်မာသံရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရတို့အကြား ညှိနှိုင်းမှုများပြုလုပ်၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံသား ၉၆ ဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များအား အဆင်ပြေချောမွေ့စွာဆောင်ရွက်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာသို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်အတွင်း သား၊ ငါးများနှင့် ဟင်းသီးဟင်းရွက်များကို အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ရောင်းချပေး

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီက ဦးဆောင်၍ နေအိမ်တွင်းနေထိုင်ရေး အစီအစဉ်တွင်ပါဝင်သော မြို့နယ်အတွင်းရှိ ဈေးဝယ်ပြည်သူများ အစားအသောက်အဆင်ပြေစေရေးနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၁ ရပ်ကွက်သို့ ဈေးကားများဖြင့် သား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥစသည့် သန့်ရှင်းလတ်ဆက်သော စားသောက်ကုန်များကို အိမ်တိုင်ရာရောက် မှာယူထားသော ပစ္စည်းများအား လှည့်လည်ပြီး လိုက်လံရောင်းချပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**ဖုန်းဆက်ပြီး မှာနိုင်**

"ဈေးဝယ်ပြည်သူတွေ အိမ်မှာနေရမယ့်ကာလဖြစ်တဲ့အတွက်ကြောင့် အိမ်မှာလည်းနေလို့ရအောင်၊ ဈေးသည်များ ဈေးအရောင်းအဝယ် မပျက်ရအောင်နှင့် နေ့စဉ်ချက်ပြုတ်စားသောက်ဖို့ ဈေးဝယ်ထွက်သူတွေ ရောဂါကူးစက်မှု မဖြစ်ပွားအောင် စီစဉ်တဲ့အနေနဲ့ မိမိအိမ်မှာနေပြီးတော့ ဈေးသက်သက်သာသာနဲ့ လိုအပ်တဲ့ သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို ဝယ်ယူနိုင်တယ်။ အဓိကကတော့ အိမ်ထဲမှာနေထိုင်တဲ့သူ ပိုများစေချင်ပြီး ဈေးကိုလာတဲ့ လူဦးရေ လျှော့ချချင်တဲ့အတွက်ကြောင့် ဒီအစီအစဉ်ကို ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဈေးဝယ်သူတွေအနေနဲ့ ဖုန်းဆက်ပြီး မှာနိုင်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းသန်းက ပြောသည်။

**စတင်ဆောင်ရွက်**


ထိုသို့ရောင်းချမှုအစီအစဉ်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ ဥက္ကဋ္ဌ ဦးသိန်းသန်း၊ အတွင်းရေးမှူး ဦးဝင်းနိုင်၊ စည်ပင်ဝန်ထမ်းများနှင့် ဈေးများတွင် ရောင်းချနေကြသည့် ဈေးသည်များ ပူးပေါင်းကာ ဧပြီ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၈)
# မဲစာရင်းပြုစုခြင်းနှင့် ဆန္ဒမဲပေးခြင်း



မောင်စာဂ

ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြုစုခြင်းနည်းလမ်း၊ ဆန္ဒမဲပေးခြင်းနည်းလမ်းများ သတ်မှတ်ထားရှိသည်။ အဓိကအချက်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိရေးနှင့် မဲစာရင်းတွင်ပါဝင်သူတိုင်း ဆန္ဒမဲပေးနိုင်ရေး ဖြစ်သည်။ မျှဝေပါရစေ။

### မဲစာရင်းပြုစုခြင်းနည်းလမ်း

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်မဲစာရင်း၌ ထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ၌ ဥပဒေပုဒ်မ ၁၄ (က) တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ နေထိုင်သူဖြစ်လျှင် ထည့်သွင်းရသည်။ နှစ်ကာလသတ်မှတ်ချက် မရှိပါ။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ပုံစံ (သန်းခေါင်စာရင်း) ရှိရမည်ဟုလည်း ပြဋ္ဌာန်းမထားပါ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟူ၍ နိုင်ငံတော်၏ အခြေခံမူတစ်ရပ်အဖြစ် လည်းကောင်း၊ ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟူ၍ နိုင်ငံသားများ၏ မူလအခွင့်အရေးအဖြစ်လည်းကောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်များအရ မဲစာရင်းပြုစုသည့်အခါ သက်ဆိုင်ရာမဲဆန္ဒနယ်၌ အခြေစိုက်နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၏မဲစာရင်းတွင် ထည့်သွင်းပြုစုရသည်။ ကျူးကျော်နေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများဟု အဆိုရှိသူများကိုလည်း ၎င်းတို့သည် မူရင်းအရပ်ဒေသမှ အပြီးအပိုင်ပြောင်းရွှေ့ရောက်ရှိလာပြီး အဆိုပါဒေသ၌ အခြေစိုက်နေထိုင်လျက်ရှိသူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၌ ထည့်သွင်းပြုစုရသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့၌ရောက်ရှိ၍ အသက်မွေးဝမ်းကျောင်းပြုနေကြသော ရွှေ့ပြောင်းလုပ်သားအများစုသည် မွေးဖွားရာဇာတိ မူရင်းဒေသများမှ အပြီးအပိုင်ရွှေ့ပြောင်းလာကြပြီး ၎င်းတို့ရောက်ရှိနေသော အရပ်ဒေသ၌ပင် အခြေစိုက်နေထိုင် လုပ်ကိုင် စားသောက်ကြသူများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့လက်ရှိအခြေစိုက်နေထိုင်လျက်ရှိသော မဲစာရင်း၌သာ ထည့်သွင်းပြုစုရသည်။ ထိုသူများသည် မူရင်းအရပ်ဒေသတွင် အခြေစိုက်နေထိုင်သူများ မဟုတ်ကြတော့သဖြင့် မူရင်းအရပ်ဒေသရှိ မဲစာရင်းတွင်လည်း ထည့်သွင်းပြုစု၍မရပါ။ မူရင်းဒေသသို့ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်ပါ။

### ဆန္ဒမဲပေးခြင်းနည်းလမ်းများ

ပထမနည်းလမ်းမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများသည် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်အတွင်းမှာပင် သက်ဆိုင်ရာမဲရုံသို့ ဆန္ဒမဲပေးသည့်နေ့ရက်တွင် ကိုယ်တိုင် သွားရောက်ဆန္ဒမဲပေးရသည်။

ဒုတိယနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါ စွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ မီးဖွားနေသူများ၊ ရဲအချုပ်ခန်းနှင့် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများအတွက် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက ၎င်းတို့ထံသွားရောက်ကာ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်းနည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်း ဖြစ်သည်။

တတိယနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မိမိနှင့်သက်ဆိုင်သည့်မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရန် ခိုင်လုံသော အထောက်အထား တင်ပြနိုင်သူများက ကြိုတင်မဲပေးလိုပါလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးသို့ ကိုယ်တိုင်သွားရောက်၍ သတ်မှတ်ထားချက်နှင့်အညီ ကြိုတင်မဲပေးခြင်း နည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်း ဖြစ်သည်။

စတုတ္ထနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ၎င်းတို့သည် မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေ၍ ကြိုတင်ဆန္ဒမဲပေးရန်တောင်းဆိုသည့် ပုံစံ (၁၅) ကို ဖြည့်စွက်ကာ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်း နည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်း ဖြစ်သည်။ သို့ရာတွင် ၎င်းမဲဆန္ဒရှင်များသည် ကြိုတင်မဲပေးရခြင်း မရှိခဲ့ကြောင်း ခိုင်လုံသော အထောက်အထားရယူပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မိမိ၏မဲဆန္ဒနယ်ရှိ မဲရုံများသို့ သွားရောက်၍ ကိုယ်တိုင်ဆန္ဒမဲပေးခြင်းလည်း ပြုနိုင်သည်။

ပဉ္စမနည်းလမ်းမှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ တွင် ပြဋ္ဌာန်းထားသော အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် ဆန္ဒမဲပေးနည်းဖြစ်သည်။ ဤနည်းလမ်းမှာထူးခြားသည်။ ဆိုခဲ့သည့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနည်းလမ်းများနှင့်သက်ဆိုင်သော မဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်များတွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပဉ္စမနည်းလမ်းနှင့် သက်ဆိုင်သော မဲဆန္ဒရှင်များသည်ကား မိမိတို့၏အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်များမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုဖြစ်စေ၊ မိမိလက်ရှိ ရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေသော မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုဖြစ်စေ မိမိအဆင်ပြေမှုအရ ရွေးချယ်၍ ဆန္ဒမဲပေးခွင့်ရှိကြသည်။

**ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်မဲစာရင်း၌ ထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ၌ ဥပဒေပုဒ်မ ၁၄ (က) တွင် ပြဋ္ဌာန်းထား...**

### မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များဟူသည်

မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များဆိုသည်မှာ အခြားဒေသရှိ စီမံကိန်း၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေး တစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များကို ဆိုလိုကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၂ (ဆ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယင်းတွင် မိမိတို့အခြေစိုက်နေထိုင်လျက်ရှိသော မူလအရပ်ဒေသမှ ပြောင်းရွှေ့သွားခြင်း မရှိဘဲ သွားရောက်လုပ်ကိုင်နေသည့် ယာယီရွှေ့ပြောင်းလုပ်သားများလည်း ပါဝင်သည်။

ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၄၅ (ခ) တွင်ပြဋ္ဌာန်းထားသည့်ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပုဒ်မ ၄၅ (ဂ) (ဃ) တွင် ပြဋ္ဌာန်းထားသည့် မဲစာရင်းပါရှိရာဒေသမှ ကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရသောနိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များမပါရှိကြောင်း၊ အဆိုပါ မဲဆန္ဒရှင်များမှအပဟူ၍ ဖော်ပြထားသည်။

### ပြင်ပရောက်မဲဆန္ဒရှင်များမဲပေးခွင့်မဆုံးရှုံးစေဖို့

ပဉ္စမနည်းလမ်းဖြင့် ဆန္ဒမဲပေးခြင်းနည်းလမ်းကို ပြဋ္ဌာန်းရခြင်းမှာ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးမည့်နေ့ရက်တွင် မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်သို့ပြန်လည်သွားရောက်ပြီး ဆန္ဒမဲပေးရန် အခက်အခဲများ ကြုံတွေ့ရတတ်သည်။ ထိုအခါများတွင် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဖြစ်သည်။

### ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သူများ

ရက်ပေါင်း ၁၈၀ သတ်မှတ်ထားခြင်းနှင့်စပ်လျဉ်း၍ မည်သို့သောမဲဆန္ဒရှင်များနှင့် သက်ဆိုင်ပါသနည်းဆိုသည့် အခြေခံအချက်ကို ဆန်းစစ်ကြည့်ရှုရန် လိုအပ်သည်။ ရွှေ့ပြောင်းလုပ်သားများအပါအဝင် မည်သည့်မဲဆန္ဒရှင်မဆို ၎င်းရောက်ရှိနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသော အရပ်ဒေသ၌ အခြေတကျနေထိုင်လျက်ရှိလျှင် ယင်းမဲဆန္ဒနယ်ရှိမဲစာရင်း၌ မဲစာရင်းပြုစုစဉ်က ပါရှိပြီးဖြစ်သဖြင့် ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စနှင့် မသက်ဆိုင်ပါ။

ရွှေ့ပြောင်းလုပ်သားများအပါအဝင် မည်သည့်မဲဆန္ဒရှင်မဆို ၎င်းရောက်ရှိနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသော အရပ်ဒေသ၌ အခြေတကျနေထိုင်လျက်မရှိလျှင်၊ ထို့ပြင် ၎င်း၏အခြေစိုက်နေထိုင်ရာ မူလအရပ်ဒေသသည် အခြားမဲဆန္ဒနယ်တစ်နယ်အတွင်းဖြစ်နေလျှင် အခြေစိုက်နေထိုင်လျက်ရှိသော မဲဆန္ဒနယ်ရှိ မဲစာရင်းတွင် ၎င်း၏အမည်ပါရှိမည်ဖြစ်သဖြင့် ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စနှင့် သက်ဆိုင်လာပါတော့သည်။

ဤအချက်နှစ်ချက်ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်မည်ဆိုပါက ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စသည် မဲစာရင်းပြုစုပြီးသည့် အချိန်၏ နောက်ပိုင်းကာလများတွင်သာ သက်ဆိုင်မှုပေါ်ပေါက်လာနိုင်ပါသည်။ ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သူမဲဆန္ဒရှင်များသည် အနည်းစုသာ တွေ့ရှိရပါမည်။ ယင်းအနည်းစုများထဲမှာပင် ရက်ပေါင်း ၁၈၀ မပြည့်မီသဖြင့် မဲပေးခြင်းမပြုနိုင်သူများလည်း တွေ့ရှိနေရသည်။

### ပြင်ပရောက်နေသူတိုင်းဆန္ဒမဲပေးနိုင်ရေး

မဲဆန္ဒနယ်ပြင်ပရောက်နေသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အဆိုပါ ရက်ပေါင်း ၁၈၀ သတ်မှတ်ထားခြင်းကို သင့်တော်မျှတသည့် ရက်ပေါင်း ၉၀ သို့ ပြင်ဆင်ခဲ့သည်။ ထိုသို့ပြင်ဆင်ခြင်းကြောင့် အောက်ဖော်ပြပါ ဆန္ဒမဲပေးရန် အခက်အခဲဖြစ်နေသူများအတွက် ကုစားနိုင်မည်ဟု ယုံကြည်သည်။

စာမျက်နှာ ၂၁ သို့ ○

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး ဆောင်ရွက်ထားမှု လှည့်လည်ကြည့်ရှုအားပေး

**မုံရွာ ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြို့တော်ခန်းမ၌ အလှူခံဌာန ဖွင့်လှစ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတွင်းဒေသ ရွှေလုပ်ငန်းရှင် ၁၃ ဦးတို့၏ ဒုတိယအကြိမ် အလှူငွေကျပ် ၂၇ သိန်းလှူဒါန်းမှု၊ သလ္လာရွှေရည် ရေနံချက်လုပ် ဖြန့်ဖြူးရောင်းဝယ်ရေး သမဝါယမအသင်းမှ လှူဒါန်းသော အလှူငွေကျပ် သိန်း ၇၀ တို့ကို အသီးသီး လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင်အသုံးပြုရန် တိုင်းဒေသကြီးအတွင်း နှာခေါင်းစည်းများ လုံလောက်စွာရရှိရေးအတွက် NanLu Garment & Distribution မှ အလှူရှင်၏ နှာခေါင်းစည်းများ ထုတ်လုပ်လှူဒါန်းနေမှု၊ မုံရွာမြို့ ဆေးရုံကြီးလမ်း အထက(၂)နံဘေးရှိ လူငယ်စင်တာတွင် ဖျားနာလူနာများအား ဆေးကုသမှုဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မုံရွာမြို့ ကန်သာယာပတ်လည်ရှိ ယာယီပျံကျဆေးဖွင့်လှစ်ထားရှိမှု အခြေအနေတို့ကို လှည့်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**





## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ယာယီဈေးရောင်းချသည့်နေရာ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဧပြီ ၃၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း တောင်ကြီးမြို့ရှိ မြို့မဈေးကြီးနှင့် ပျံကျဈေးများသည် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် လူစုလူဝေးရှောင်ရှားသောအားဖြင့် ဈေးများကိုပိတ်ထားသည့်အချိန်တွင် စားသုံးသူပြည်သူများနှင့် ဈေးရောင်းချသူများ အဆင်ပြေစေရန် သုံးပေခြား ယာယီဈေးရောင်းချနေသည့် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်း ရွာသစ်ကုန်းရှိ ပါမိုးနဲ၊ ရေအေးကွင်းရပ်ကွက်ရှိ ကမ္ဘောဇလမ်း၊ စဝ်စံထွန်းရပ်ကွက် အနောက်မြို့ပတ်လမ်း အရှေ့ဘက်ခြမ်းရှိ ပလက်ဖောင်းပေါ်နှင့် အဝေးပြေးကုန်းသာယာမီးပုံးပျံကွင်း အပြင်ဘက်နေရာသို့ ယမန်နေ့ ညနေ ၄ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပါမိုးနဲရေကန်ပျက်အတွင်း ဈေးခင်းကျင်းရောင်းချနိုင်ရန် အရန်အဖြစ်ထားရှိပြီး ဈေးရောင်းချသူများပါက ရေကန်ပျက်အတွင်း ဖွင့်လှစ်ပေးရန်နှင့်နည်းပါက မူလနေရာတွင် ရောင်းချနိုင်ကြောင်းနှင့် ရောဂါကာကွယ်မှုအနေဖြင့် ရေကန်ပျက်အတွင်း ရောင်းချပါက သုံးပေခြားစီနှင့် အဝင်အထွက်လမ်းများ စီစဉ်ဆောင်ရွက်ပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စဝ်စံထွန်းရပ်ကွက် အနောက်မြို့ပတ်လမ်းရှိ ပလက်ဖောင်းပေါ်တွင် ခင်းကျင်းရောင်းချသည့်ဈေး၊ အနောက်မြို့ပတ်လမ်း ချမ်းသာရပ်ကွက်ရှိ စည်ပင်သာယာရေးဌာနမှ ရေနုတ်မြောင်း တူးဖော်သည့်နေရာတွင် ခေတ်တိုင်မလွတ်သည့်နေရာများနှင့် အဝေးရာကုန်းသာယာမီးပုံးပျံကွင်းအပြင်ဘက်တွင် ခင်းကျင်းရောင်းချနေသော ယာယီဈေးသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖျားနာရောဂါကုဆေးခန်း ကြည့်ရှုအားပေး

**ပဲခူး ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့ နံနက် ၉ နာရီခွဲက ပဲခူးမြို့ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားရှိသော Community Fever Clinic, Bago ဖျားနာရောဂါကုဆေးခန်းသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မြန်မာနိုင်ငံဆရာဝန်အသင်း ပဲခူးတိုင်းဒေသကြီးအတွင်းရေးမှူး ဒေါက်တာနေမျိုးက ဖျားနာရောဂါကုဆေးခန်းအတွင်း ဆောင်ရွက်ထားရှိပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပြုနိုင်ရန် မျက်နှာစည်းအခု ၁၀၀ ပါ ပုံးတစ်ပုံးအား ဒေါက်တာနေမျိုးထံ ပေးအပ်ခဲ့သည်။

**တင်စိုး**
**(ပဲခူး)**



## မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အဝတ်ပိတ်စနှာခေါင်းစည်းများ ချုပ်လုပ်

**မြို့သစ် ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ ရပ်ကွက်/ကျေးရွာ ပရဟိတအမျိုးသမီးများက အဝတ်ပိတ်စ နှာခေါင်းစည်းများကို ယမန်နေ့ နံနက်ပိုင်းကစတင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလှိုင်နှင့် အဖွဲ့ဝင်များ၊ ပရဟိတအကျိုးဆောင်ရွက်မည့် အမျိုးသမီး ၃၂ ဦးက မြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကန့်သတ်စောင့်ကြည့်သူများ ထားရှိသည့် မြို့ပေါ် / ကျေးရွာ စာသင်ကျောင်းများရှိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများနှင့် နယ်စပ်မြို့များမှ ဝင်ရောက်လာသူများအား ဖြန့်ဝေပေးရန် အဝတ်ပိတ်စနှာခေါင်းစည်းများကို တစ်နေ့လျှင် အထည် ၂၀၀၀ ချုပ်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ အဝတ်ပိတ်စ နှာခေါင်းစည်းများ ချုပ်လုပ်နေမှုကို မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးကော်မတီအဖွဲ့များက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်**
**(မြို့သစ်)**

## ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မိုးနဲ ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ယာယီပျံကျဈေး၌ ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ကျိုင်းတောင်းမြို့အုပ်ချုပ်ရေးမှူး ဦးနန်းဝင်းနှင့်ဌာနဆိုင်ရာများ၊ မြို့ စည်ပင်သာယာရေးဌာန၊ နယ်မြေခံတပ်ရင်းများမှတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရွှေလူငယ်ပရဟိတအသင်းတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ဆင်ပေါင်ဝဲ မေ ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးကော်မတီအတွက် လှူဒါန်းသည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်တို့က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော အထောက်အကူပစ္စည်းများဖြစ်သည့် Surgical Gown ငါးစုံ၊ နှာခေါင်းစည်း အခု ၅၀၀၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီ သုံးဘူး၊ ရေမလိုလက်သန့်ဆေးရည် (၂၀လီတာ) နှစ်ပုံး ၊ အရက်ပြန် (၁၀၀မီလီ) ဘူး ၆၀၊ ကာဘော်လစ်ဆပ်ပြာ ၁၀ တောင့်၊ အပူချိန်တိုင်းကိရိယာ တစ်ခုတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိုးကိုကိုဇော်တို့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း (ပြန်/ဆက်)**

## ဆန်၊ ဆီ၊ ကြက်ဥ စသည့် စားသောက်ကုန်ပစ္စည်းများကို ကယားပြည်နယ်အစိုးရအဖွဲ့က ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့

**ရှားတော မေ ၃၀**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်လျက်ရှိရာ မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ရှားတောမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၉၉ ဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင် တို့က မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၉၉ ဦးတို့အတွက် ကယားပြည်နယ်အစိုးရအဖွဲ့က ကျန်းမာရေးဝန်ထမ်းတစ်ဦးလျှင် ဆန် ငါးပြည်၊ ဆီတစ်ပိဿာ၊ ကြက်ဥ ၁၀ လုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းအောင်(ပြန်/ဆက်)**



## ဘုတလင်မြို့ ပြည်သူ့အားကစားကွင်းရှိ ယာယီဈေးအတွင်း ပိုးသတ်ဆေးဖျန်း

**ဘုတလင် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူ့အားကစားကွင်းအတွင်း ဖွင့်လှစ်ထားသော ယာယီဈေးအတွင်းရှိ ဈေးဆိုင်နေရာများအား ယမန်နေ့ ညနေ ၃ နာရီက ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်ထံမှ သိရသည်။

ယာယီဈေးအတွင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခြောက်ပေအကွာအဝေးစီ စနစ်တကျ နေရာသတ်မှတ်ပေးထားသည့် သားငါးဆိုင်ခန်း၊ ကုန်စိမ်းဆိုင်ခန်း ၂၅၃ ခန်းနှင့် အများပြည်သူ ထိတွေ့ကိုင်တွယ်မှုများသည့် ဈေးဆိုင်စားပွဲများ၊ ပြည်သူ့အားကစားကွင်းရှိ အားကစားပစ္စည်းများကို ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြသည်။



ယာယီဈေးအတွင်း ပိုးသတ်ဆေးဖျန်းရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ ပိုးသတ်ဆေးဘူးကြီးများ ထောက်ပံ့ပေးထားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်၊ အမှုဆောင်အရာရှိ ဒေါ်ခိုင်ခိုင်စိုးနှင့် ကော်မတီဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ကြက်ခြေနီစေတနာလုပ်အားရှင်များအတွက် ရွှေသံလွင်ကုမ္ပဏီမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းနှင့် ဆေးဖျန်းပုံးများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲတွင် ရွှေသံလွင်ကုမ္ပဏီလီမိတက် ရွှေသံလွင်မီဒီယာမိသားစုက ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၅ စုံ၊ နှာခေါင်းစည်း ၂၅ ဘူး၊ ဆေးဖျန်းပုံး ၁၅ ပုံးတို့အား ရွှေသံလွင်ကုမ္ပဏီလီမိတက် တာဝန်ရှိသူတစ်ဦးက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) က ကိုဗစ်– ၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများလှူဒါန်းပေးခြင်းအတွက် ရွှေသံလွင်ကုမ္ပဏီလီမိတက်မိသားစုအား ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

❍ စာမျက်နှာ ၁၉ မှ

ပထမအချက်မှာ အဆိုပါ ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သော မဲဆန္ဒရှင်များသည် ရက်ပေါင်း ၁၈၀ မပြည့်ဘဲ ရက်ပေါင်း ၁၀၀၊ ၁၂၀၊ ၁၄၀၊ ၁၆၀၊ ၁၇၀ စသည်ဖြင့်သာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်နေပြီး မိမိတို့၏ အမြဲတမ်းနေရပ်သို့သွားရောက်ကာ ဆန္ဒမဲပေးရန် ခရီးလမ်းပန်း၊ ငွေကြေး စသည့် အခက်အခဲများကြုံရ၍ ဆန္ဒမဲပေးရန် အခက်အခဲရှိသူများ အဆင်ပြေသွားနိုင်ပါမည်။

ဒုတိယအချက်မှာ မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသော နိုင်ငံ့ဝန်ထမ်းများအနက် အချို့သောနိုင်ငံ့ဝန်ထမ်းများသည် တာဝန်အရ ထိုသို့ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြရသော်လည်း မိမိတို့၏ အမြဲတမ်းနေရပ် ပြောင်းရွှေ့ခြင်းမဟုတ်ကြသဖြင့် ၎င်းတို့၏မဲစာရင်းမှာလည်း အမြဲတမ်းနေရပ်ရှိ မဲစာရင်းမှာပင် ပါဝင်နေမည်။ ထိုအခါမျိုးတွင် ၎င်းနှင့်တကွ အတူလိုက်ပါနေထိုင်သော မိသားစုများသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့လည်း ပြန်လည်ဆန္ဒမဲပေးနိုင်ခြင်းမရှိ။ ရောက်ရှိတာဝန်ထမ်းနေရသော အရပ်ဒေသတွင်လည်း ရက်ပေါင်း ၁၈၀ မပြည့်မီသေးသဖြင့် ဆန္ဒမဲပေးခွင့်မရရှိ။ ယင်းအခြေအနေမျိုးတွင် ရက်ပေါင်း ၁၈၀ မှ ရက်ပေါင်း ၉၀ သို့ ဖြေလျှော့ပေးခြင်းဖြင့် ၎င်းတို့၏ ဆန္ဒမဲပေးခွင့် ဆုံးရှုံးရသည်များ လျော့နည်းသွားနိုင်ပါမည်။

တတိယအချက်မှာ အချို့သောမဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများနှင့် မဲဆန္ဒနယ် ပြင်ပရောက် သင်တန်းသားများသည် မိမိတို့၏မိသားစုများပါ လိုက်ပါ၍ အတူနေထိုင်ကြသည်များ ရှိသည်။ ထိုအခါမျိုးတွင် အဆိုပါကျောင်းသား၊ သင်တန်းသားများအတွက် သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်းဖြင့် မဲပေးပိုင်ခွင့်ရရှိနိုင်သော်လည်း ၎င်းနှင့်အတူလိုက်ပါနေထိုင်သည့် မိသားစုများသည် မူလနေထိုင်သော မဲဆန္ဒနယ်သို့ပြန်လည်သွားရောက်၍ ဆန္ဒမဲပေးရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် လက်ရှိရောက်ရှိနေထိုင်သော အရပ်ဒေသ၌လည်း ရက်ပေါင်း ၁၈၀ မပြည့်သဖြင့် ဆန္ဒမဲပေးခွင့်မရရှိ။ ယင်းအခြေနေမျိုးတွင် ရက်ပေါင်း ၁၈၀ မှ ရက်ပေါင်း ၉၀ သို့ ဖြေလျှော့ပေးခြင်းဖြင့် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးရသည်များ လျော့နည်းသွားနိုင်ပါမည်။

**မဲဆန္ဒရှင်ပြည်သူအားလုံးဥပဒေနှင့်အညီ အခွင့်အရေးရရှိစေရပါမည်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း နည်းလမ်းများ အဆင်ပြေချောမွေ့စေရေး ဦးတည်လျက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်တွင်ပါရှိသည့် ရက်ပေါင်း ၁၈၀ သတ်မှတ်ထားချက်ဖြစ်သည့် ဆန္ဒမဲပေးခြင်းနည်းလမ်းကို ရက်ပေါင်း ၉၀ ဟု ပြင်ဆင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတို့ အခွင့်အရေးမဆုံးရှုံးစေဖို့ ဥပဒေနှင့်အညီ တရားသဖြင့် မှန်ကန်မျှတမှုရှိစေရေး စီမံဆောင်ရွက်ခြင်း ဖြစ်သည်ဟု ယုံကြည်မိကြောင်းပါဗျာ။

- ❒ **ပြည့်စုံမှန်ကန်သောမဲစာရင်းမျိုး ပေါ်ထွက်လာနိုင်ပါစေ၊**
- ❒ **ဆန္ဒမဲပေးခွင့်ရှိသူတိုင်း နည်းလမ်းတကျ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- ❒ **ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ကြပါစေ။ ။**

# ကျောက်ပန်းတောင်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုနိုင်ရန်အတွက် Remote Controlled Trolley တစ်ခုကို ကျန်းမာရေးဌာနသို့လှူဒါန်း



**ကျောက်ပန်းတောင်း ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး၏ ဦးဆောင်မှုဖြင့် Electronic ဌာနနှင့် Mechanical ဌာနမှ ဆရာ ဆရာမများပူးပေါင်းပြုလုပ်သည့် Remote Controlled Trolley တစ်ခုကို ကန့်သတ်စောင့်ကြည့်စခန်းများတွင် အသုံးပြုနိုင်ရန်အတွက် ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဌာနတာဝန်ရှိ သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီတာဆွေ၏ ဦးဆောင်မှုဖြင့် Electronic ဌာနမှ ဆရာမဒေါ်ကေခိုင်ထွေးနှင့် ဆရာ ဦးကောင်းမြင့်ဝင်း၊ Mechanical ဌာနမှ ဆရာဦးချစ်စုံတို့ ပူးပေါင်း၍ ထမင်းဘူး ၂၀ နှင့် ရေသန့်ဘူးများ တင်ဆောင်၍ Remote Controlled ဖြင့် ခိုင်းစေနိုင်သည့် Remote Controlled Trolley တစ်ခုကို ကန့်သတ်စောင့်ကြည့်စခန်းတွင် လူဖြင့် စားသောက်ဖွယ်ရာများပို့စရာမလိုဘဲ အသုံးပြုနိုင်ရန်အတွက် ဖန်တီးပြုလုပ်ခဲ့ကြပြီး ကျန်းမာရေးဌာနသို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Remote Controlled Trolley ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် ကော်မတီဝင်များ ရှေ့မှောက်တွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီတာဆွေ၊ ဆရာဦးချစ်စုံနှင့် ဆရာမ ဒေါ်ကေခိုင်ထွေးတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံရှိ ကျန်းမာရေး ဝန်ထမ်းများအား စားသောက်ကုန်များထောက်ပံ့

**မယ်စဲ့ ဧပြီ ၃၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်နေသည့် မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအား ကယားပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့လူနာနှစ်ထပ်ဆောင်၌ ကျင်းပသည်။

လှူဒါန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်နှင့် ကော်မတီဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းများကို ရှေ့တန်းမှဆောင်ရွက်နေသည့် မြို့နယ်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း ၉၆ ဦးအတွက် တစ်ဦးလျှင် ဆန် ငါးပြည်၊ ဆီ ၉၀ ကျပ်သား (တစ်ဘူး)၊ ကြက်ဥ ၁၀ လုံးစီဖြင့် စုစုပေါင်း ဆန်အိတ် ၂၀၊ ဆီ ၉၆ ဘူး၊ ကြက်ဥ အလုံး ၉၆၀ တို့ကို ပေးအပ်လှူဒါန်းခြင်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖက မြို့နယ်ပြည်သူ့ဆေးရုံတွင်အသုံးပြုရန်အတွက် ချုံစုပ်စက် တစ်လုံး ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုင်းလျှမ်း(ပြန်/ဆက်)**

# ပြည်ခြားကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်

**ပလောက် ဧပြီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ပြည်ခြားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ပြည်သူအကျိုးပြု ကျန်းမာရေးကဏ္ဍအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ပိုးလောက်လမ်းမှအစ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါဆောင်ရွက်ရာတွင် ပြည်ခြားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမဒေါ်ဖြိုးလဲ့ရည်နှင့်အဖွဲ့သည် ပြည်ခြားကျေးရွာရှိ နေအိမ်များတွင် ရေကန်များ၊ ရေစည်များ၊ ပန်းအိုးများကိုပါ အဘိတ်ဆေးခတ်ပေးပြီး ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်ဦး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပြန်လည်အသုံးပြုနိုင်သောနှာခေါင်းစည်းများအား ပြည်သူများထံ အခမဲ့ဖြန့်ဝေနိုင်ရန် ချုပ်လုပ်လျက်ရှိ

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်း အခုရေ ၁၀ သိန်းကျော်အား ပြည်သူများထံ အခမဲ့ဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ အစီအစဉ်မှ ပြန်လည် လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်း အခုရေ ၅၀၀၀၀ ကို ဖြူဟွမ်စိုရ်လူမှုကူညီအသင်းက တာဝန်ယူ ချုပ်လုပ်ပေးလျက်ရှိကြောင်း ဖြူဟွမ်စိုရ် လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်တာက ပြောသည်။

**အခမဲ့ဖြန့်ဝေ**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများအား ပြန်လည်လျှော်ဖွပ် အသုံးပြုနိုင်သည့် နှာခေါင်းစည်းများအား အခမဲ့ဖြန့်ဝေပေးနိုင်ရန်သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ကူညီဆောင်ရွက်မှုဖြင့် ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။

"တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်တဲ့ နှာခေါင်းစည်း အခုရေ၅၀၀၀၀ ကို ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်းများ တာဝန်ယူချုပ်လုပ်လျက်ရှိပါတယ်၊ တစ်နေ့ကို နှာခေါင်းစည်း အခုရေ ၃၀၀၀ ကျော်လောက်ပြီးပါတယ်၊ အခုရေ ၅၀၀၀၀ ဆိုတော့ ၁၅ ရက်ကျော်လောက်ဆို ပြီးသွားမယ်လို့ထင်ပါတယ်"ဟု ဖြူဟွမ်စိုရ်လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်တာက ပြောသည်။



**တစ်ဖက်တစ်လမ်းက ကူညီ**

"ကျွန်တော်တို့ဆီမှာလည်း အပ်ချုပ်စက် အလုံး ၄၀ လောက်ရှိပါတယ်၊ အသင်းရုံးမှာ စက်ချုပ်သင်တန်းတွေ ဖွင့်ခဲ့တာလည်းရှိပါတယ်၊ တစ်ဖက်တစ်လမ်းက အစိုးရကို ကူညီရာလည်းရောက်တယ်၊ ပြည်သူလူထုရဲ့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပူးပေါင်းဆောင်ရွက်ပြီး အခမဲ့ချုပ်ပေးတာဖြစ်ပါတယ်၊ အသင်းမှာ လာရောက်ပြီး လုပ်အားဒါနအဖြစ် ပြုလုပ်ပေးနေသူ တစ်နေ့ကို ၄၀ မှ ၇၀ လောက် လာရောက် ပူးပေါင်းပြီး လုပ်အားဒါနအဖြစ် လုပ်ကိုင်ပေးနေပါတယ်၊ ပထမအဆင့်အနေဖြင့် နှာခေါင်းစည်း အခုရေ ၅၀၀၀၀ တာဝန်ယူထားပါတယ်၊ အသင်းမှာချုပ်တာက တစ်နေ့ကို နှာခေါင်းစည်း အခုရေ ၂၀၀၀ ကျော်လောက်ပြီးပါတယ်၊ ပြည်သူတွေလက်ထဲ အချိန်မီရောက်ရှိဖို့ဆိုရင် ဒီထက် ပိုမိုထုတ်နိုင်ဖို့လိုအပ်တဲ့အတွက် အပြင်မှာ ယူချုပ်နေတာတွေလည်းရှိပါတယ်၊ အသင်းမှာ ချုပ်တာနဲ့ အပြင်မှာ ယူချုပ်တာတွေပေါင်းလိုက်ရင် တစ်နေ့ကို ၃၀၀၀ ကျော်လောက်ပြီးပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီတွင် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ စိုက်ဧက ၁၀၀၀၀ ကျော်၌ စိုက်ပျိုးသွားမည်

**ပုသိမ် ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆန်အိုးကြီးတစ်ခုဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး မိုးစပါး ဧရိယာ ၃၇ ဒသမ ၅ သိန်းကျော် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး မြေဆီလွှာပြုပြင်သည့် လုပ်ငန်းများကို တောင်သူလယ်သမားများအား နည်းပညာပေးဆောင်ရွက်လျက်ရှိသည်။

ရေရှည်မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာများ ထည့်သွင်းရေး ဆောင်ရွက်လျက်ရှိရာ သစ်စိမ်းမြေဩဇာအဖြစ် ပိုက်ဆံလျှော်၊ ပဲမျိုးစုံ၊ ဒန့်ကျွဲ၊ ဥဘဏ်ပင်၊ ကုက္ကို (အရွက်) များကို ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ပိုက်ဆံလျှော်သီးနှံသည် အာဟာရဓာတ်အများဆုံးပါဝင်ပြီး အပင်စပေါက်စဉ်မှ ၄၅ ရက်သားအချိန်တွင် အာဟာရဓာတ်အများဆုံးအချိန်ဖြစ်၍ မိုးစပါးမစိုက်ပျိုးမီ ချိန်ဆ၍ ကြိုတင်စိုက်ပျိုးရသည်။ ၂၀၁၉ ခုနှစ်တွင် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းစမ်းသပ်ကွက် ၉၉၃ ဧက စိုက်ပျိုးပြသနိုင်ခဲ့သည်။

ယူရီးယားဓာတ်မြေဩဇာထည့်သွင်းရန် တစ်ကြိမ်လျော့နည်းခြင်းအပြင် မြေပြုပြင်ဆောင်ရွက်ရာရောက်ကြောင်း တစ်ဧကလျှင် ၃ ဒသမ ၆ တင်းမှ ၈ ဒသမ ၃ တင်းအထိ ပိုမိုထွက်ရှိကြောင်း စမ်းသပ်ကွက်စိုက်ပျိုး သုံးစွဲသူတောင်သူများက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးဇော်က ၂၀၁၉ ခုနှစ်ဆောင်းရာသီတွင် ပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ခင်း ဧက ၃၉၀ စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးထုတ်လုပ်မှုမှ ရရှိသည့် မျိုးစေ့ပင်များဖြင့် ယခုနှစ်မိုးရာသီတွင် တိုင်းဒေသကြီးအတွင်း ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာ ထည့်သွင်းခြင်းကို ဧက ၁၀၀၀၀ ကျော်အား စိုက်ပျိုးထည့်သွင်းသွားမည်ဖြစ်ကြောင်း၊ ဧပြီလနောက်ဆုံးပတ်မှစ၍ ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ စိုက်ခင်းများကို ဟင်္သာတ၊ ကန်ကြီးထောင့်၊ ဇလွန်၊ ဝါးခယ်မမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း ပြောကြားသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကြောင့် ဦးပိန်တံတားယာယီပိတ်ထားချိန်၌ ဟောင်းနွမ်းဆွေးမြည့်နေသည့်တိုင်လုံးများအား အသစ်လဲလှယ်မည်

**မန္တလေး မေ ၃၀**

ကိုဗစ်-၁၉ ရောဂါကြောင့် ဦးပိန်တံတားယာယီပိတ်ထားချိန်၌ ဟောင်းနွမ်းဆွေးမြည့်နေသည့် တိုင်လုံး ၁၂ လုံးအား အသစ်လဲလှယ်သွားမည်ဖြစ်ကြောင်း တောင်သမန်တံတား ထိန်းသိမ်းကြီးကြပ်ရေးနှင့် သန့်ရှင်းသာယာလှပရေး အဖွဲ့ဝင် တောင်မင်းကြီးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောသည်။

အဆိုပါ တိုင်လုံးများလဲလှယ်ခြင်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ တောင်သမန်တံတား ထိန်းသိမ်းကြီးကြပ်ရေးနှင့် သန့်ရှင်းသာယာလှပရေးအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါကြောင့် တောင်သမန်တံတားကို ယာယီပိတ်ထားပါတယ်၊ တံတားအလယ်လောက်မှာရှိတဲ့ အုတ်ခုံတွေနားက ရေထဲမှာ အောက်ခြေဆွေးမြည့်ပြီး ပျက်စီးနေတဲ့တိုင်လုံးတွေ လဲလှယ်သွားမှာပါ၊ လဲရမှာက တိုင် ၁၂ လုံးပါ၊ အောက်ခြေပြတ်ပြီး သိပ်ဆိုးနေတဲ့ တိုင်လေးလုံးကိုတော့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ ပညာရှင်များရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ လဲလှယ်ပြီးသွားပါပြီ၊ သင်္ကြန်မတိုင်ခင်က လဲလိုက်တာပါ၊ အသစ်လဲလှယ်ဖို့ ကျန်နေသေးတဲ့ တိုင်ရှစ်လုံးကို Myanmar Teak Wood Industries Co.,Ltd. က လှူဒါန်းထားပါတယ်၊ တံတားပြုပြင်ဖို့ လုပ်အားခကိုတော့ တောင်သမန်သစ္စာကုမ္ပဏီက ငွေကျပ် ၁၀ သိန်းလှူဒါန်းထားပါတယ်၊ လက်ရှိကာလက တံတားကိုပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်လို့ကောင်းတဲ့အချိန်ဖြစ်တာကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို လာမယ့်မေလဆန်းပိုင်းမှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပညာရှင်များနဲ့ပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့ရှိ ဦးပိန်တံတားသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများအပြားလာရောက်သော နေရာတစ်ခုဖြစ်ပြီး



အဆိုပါတံတား၏ အစိတ်အပိုင်းတစ်ခုဖြစ်သော တိုင်လုံးများမှာ အချိန်ကြာလာသည်နှင့်အမျှ ဟောင်းနွမ်းဆွေးမြည့်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် ဦးပိန်တံတားယာယီပိတ်ထားချိန်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လာမည့်မေလဆန်းပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# သာယာဝတီမြို့၌ မိုးရာသီစိုက်ပျိုးရန် ပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထား

**သာယာဝတီ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် (ပျိုးပင်) သစ်ပင်များ အခမဲ့ရယူစိုက်ပျိုးနိုင်ရန်အတွက် သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်အတွင်း ပျိုးပင်ပေါင်း ၃၅၀၀၀ ကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

လာမည့် ဇွန်၊ ဇူလိုင် မိုးကျရာသီတွင် ပျိုးပင်များအား အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသည့် အပင်များကို ပျိုးပင်အဖြစ် စိုက်ပျိုးပေးထားခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ကလည်း ပျိုးပင်ပေါင်း ၅၃၀၀၀ ကျော် ဖြန့်ဝေခဲ့ကြောင်း၊ ဒေသခံပြည်သူများအပြင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက အများဆုံး လာရောက်ထုတ်ယူစိုက်ပျိုးလျက်ရှိသည်။

ယခုနှစ် ပျိုးထောင်စိုက်ပျိုးထားသည့် အပင်များမှာ ကျွန်းပင် ၁၄၀၀၀၊ ပျဉ်းကတိုးပင် ၃၀၀၀၊ မန်ကျည်းရှားပင် ၁၆၀၀၀၊ ခရေပင် ၁၀၀၀နှင့် ကံ့ကော်ပင် ၁၀၀၀ တို့ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးမှူးရုံးမှ သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ်အတွင်း ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**နောင်တရား မေ ၃၀**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် လွယ်မောကျေးရွာအုပ်စု ပေါ့ခင်ကျေးရွာ၌ သောက်သုံးရေရှားပါးလျက်ရှိသောကြောင့် နောင်တရားမြို့အနီးတစ်ဝိုက်ရှိသောက်သုံးရေဖူလုံမှုရှိနေသော ကျေးရွာများက အဆိုပါကျေးရွာသို့ ယမန်နေ့တွင် မော်တော်ယာဉ် ရှစ်စီးဖြင့် ခန့်မှန်းရေဂါလန် ၁၀၀၀၀ ကျော် သောက်သုံးရေ သွားရောက်လှူဒါန်းသည်။

ပေါ့ခင်ကျေးရွာတွင် အိမ်ခြေပေါင်း ၁၅၀ ကျော်ရှိပြီး အိမ်ထောင်စုပေါင်း ၁၆၀ ကျော်နှင့် ကျွဲနွားများလည်းမွေးမြူထားသည့်အတွက် သောက်သုံးရေများ ရှားပါးလျက်ရှိသည်။ အဆိုပါကျေးရွာမှ သွယ်ယူထားသည့် စိမ့်စမ်းရေမှာ ထွက်ရှိမှုမရှိတော့ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

ပေါ့ခင်ကျေးရွာသို့ သောက်သုံးရေလှူနိုင်ရေးအတွက် လွယ်ဘောင်းဘုန်းတော်ကြီးကျောင်း ဒါယကာများနှင့် နောင်တရားမြို့အနီးတစ်ဝိုက်ရှိကျေးရွာများက နောင်ပီကျေးရွာ အုပ်စု ထီရီးကရင်ရွာမှ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင် လှူဒါန်းပေးနေကြောင်း သိရသည်။

မိုးတွင်းကာလတွင် ထီရီးကရင်ကျေးရွာ တောင်ပေါ်တစ်ဖက်ပိတ် မြေသားရေလှောင်ကန်မှ လေးမိုင်ဝေးသော ပေါ့ခင်ကျေးရွာသို့ ရေပိုက်ဖြင့် သွယ်တန်းပေးပို့နေပြီး နွေရာသီကာလတွင် အဆိုပါတောင်ပေါ်ရေလှောင်ကန်မှာ ခန်းခြောက်သွားသည့်အတွက် ရေရောက်ရှိခြင်းမရှိကြောင်း သိရသည်။ နွေရာသီကာလတွင် ထီရီးကရင်ကျေးရွာ၌ ကမ္ဘောဇအနာဂတ်အလင်းတန်းမှ တူးဖော်လှူဒါန်းသည့် စက်ရေတွင်းမှ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးလျက်သည်။

ပေါ့ခင်ကျေးရွာသည် အိမ်ထောင်စုများပြားပြီး လူဦးရေထူထပ်ခြင်းကြောင့် နွေရာသီတွင် စိမ့်စမ်းရေထွက်ရှိခြင်းမရှိသည့်အတွက် မြေအောက်ရေထုတ်ယူအသုံးပြုနိုင်ရေးအတွက် စက်ရေတွင်းအလှူရှင် လိုအပ်လျက်ရှိကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

# ကျေးလက်ဒေသသုံး ထင်းရှားပါးမှုကြောင့် ဝယ်ယူရသည့်ဈေးနှုန်း မြင့်တက်လာ

**ရေတာရှည် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် နေအိမ်သုံး ထင်းရှားပါးမှုများကြုံတွေ့နေရပြီး ဝယ်ယူရသည့် ဈေးနှုန်းမှာ ယခင်ထက်ပိုမိုမြင့်တက်လျက်ရှိသည်ကို သိရသည်။

"ဟိုးအရင်တုန်းကတော့ ကိုယ့်မှာ လှည်းနဲ့နွားရှိတော့ လူတစ်ယောက်လောက်ငှားပြီး တောမှာသွားခုတ်လို့ရတယ်။ ခုနောက်ပိုင်းကျတော လှည်းနဲ့နွားကရှားတွေမှာ အတော့်ကိုရှားပါးကုန်ပြီ၊ ရှိတဲ့လူကလည်း သူတို့တောင်းတဲ့ဈေးရမှတောမှာ သွားခုတ်ပေးတာ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

အချို့ကျေးရွာများတွင် မိမိတို့အိမ်ဝိုင်းအတွင်းရှိ မန်ကျည်းပင်၊ သရက်ပင်များနှင့် ကျေးရွာဝန်းကျင်ရှိ သစ်ပင်များကို ခုတ်လှဲ၍ လောင်စာထင်းအဖြစ်သုံးစွဲကြသည်များလည်း ရှိနေသည်။

လက်ရှိ ထင်းလှည်းတစ်စီးလျှင် ကျပ် ၃၀၀၀၀ ဝန်းကျင်ဖြင့် လည်းကောင်း၊ ထော်လာဂျီယာဉ် တစ်စီးလျှင် ကျပ် ၇၀၀၀၀ ဖြင့် လည်းကောင်း ရောင်းချရပြီး ရောက်ရှိလာသည့် ထင်းများအား လူဖြင့်ငှား၍ ပိုင်းဖြတ်ခြင်း၊ ခွဲစိတ်ခြင်းများ ပြန်လည်ပြုလုပ်ကြရသဖြင့် ငွေကျပ် ၁၅၀၀၀ ခန့် ထပ်မံကုန်ကျမှုများရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မြောက်ခင်ရန်းရွာ၌ မြေထိန်းနံရံတည်ဆောက်

**ဂန့်ဂေါ မေ ၃၀**

ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းရွာ၌ လယ်ယာမြေနှင့် လူနေအိမ်များသို့ မြစ်သာမြစ်ရေကြီးသည့်အခါတွင် ရေထိုးမှုမှ ကာကွယ်နိုင်ရန် မြစ်သာမြစ် မြေထိန်းနံရံကို ယခုနှစ်အတွင်း ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ မြေထိန်းနံရံကို အလျား ပေ ၆၀၊ အနံငါးပေ၊ အမြင့်ခြောက်ပေဖြင့် ဆောက်လုပ်လျက်ရှိပြီး ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

လုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခြင်းဖြစ်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မင်းထွန်းတို့ ပါဝင်သည့်အဖွဲ့သည် မေ ၂၉ ရက်က လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုကြပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။ **စိန်ကျော်**

# ပန်းဘဲတန်းမြို့နယ် ၂၆ လမ်းဈေးအတွင်း နေ့စဉ်စစ်ဆေးမှုများ ပြုလုပ်

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ၂၆ လမ်းဈေးတွင် ရောင်းချလျက်ရှိသော ဈေးသည်များအား မေ ၂၉ ရက်က စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ၂၆ လမ်းဈေးအတွင်း ကြည့်ရှုစစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေး ပြောကြားပြီး နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသည့် ဈေးဝယ်လာသူများ၊ လမ်းသွားလမ်းလာခရီးသွားပြည်သူများအားလည်း ကျန်းမာရေးအသိပညာပေးပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **နေခြည်(ပြန်/ဆက်)**



## သရက်သီးဆားဖက် (သရက်ချဉ်)ကို တစ်ပိုင်တစ်နိုင်သာပြုလုပ်

**မန္တလေး ဧပြီ ၃၀**

ယခုနှစ် သရက်သီးခားပေါက် (သရက်သီးခားပေါက်သရက်ချဉ်) လုပ်ငန်း ပြုလုပ်ခြင်းမရှိဘဲ အစိမ်းကြွေကျသည့် သရက်သီးများကို တစ်ပိုင်တစ်နိုင် သရက်သီး ဆားဖက်များသာ လုပ်ကိုင်ကြောင်း သရက်ခြံလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းထွန်း ထံမှ သိရသည်။

သရက်ခြံလုပ်ငန်း လုပ်ကိုင်သူများမှာ သရက်အသီးကင်းဝင်ချိန်မှ စတင်ကာ သရက်သီးအလေအလွင့်မရှိစေရန် စနစ်တကျ ဆောင်ရွက်ကြရသည်။ သရက် ကင်းများကြွေပါက ခားဖြင့်လှီးကာ သရက်သီးခြောက်ပြုလုပ်ကြပြီး သရက်သီး အနည်းငယ်ကြီး၍ ကြွေကျလာပါက သရက်သီးခားပေါက်ပြုလုပ်ကြကာ ရှဉ့်ကိုက်သရက်သီးမှည့်များနှင့် အလေအလွင့်များကို သရက်ပျဉ်ပြုလုပ် ကြသည်။

လက်ရှိကာလတွင် သရက်သီးခားပေါက်ပြုလုပ်ခြင်းမရှိဘဲ သရက်သီးဆားဖက် ကိုသာ ပြုလုပ်ကြသည်။ သရက်သီးဆားဖက်လုပ်ငန်းတွင် သရက်သီးများကို လှီးကာ ဆားရည်စိမ်ခြင်း၊ နေလှန်းခြင်းများ အဆင့်ဆင့်ပြုလုပ်ကာ အခြောက် သိုလှောင်ထားကြရသည်။

သရက်သီးရာသီကုန်သည့်အခါတွင် သရက်သီးဆားဖက်များကို ထုတ်ရောင်း ကြရသည်။ လက်ရှိကာလတွင် လေတိုက်၍ကြွေကျသော သရက်သီးများကို သရက်သီးဆားဖက်အဖြစ် ပြုလုပ်နေရကြောင်း သရက်ခြံလုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းထွန်းက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

# COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စေတနာ့ဝန်ထမ်း(Volunteer) အစီအစဉ်တွင် ပါဝင်ဆောင်ရွက်လိုသူများသို့ အသိပေးနှိုးဆော်ခြင်း

COVID-19 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အရေးကြီးသည့်လုပ်ငန်းစဉ် တစ်ရပ်မှာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ် ခြင်းအစီအစဉ် (Community Based Facility Quarantine) ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသည် Community Based Facility Quarantine ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရမည့်သူများဖြစ်ပါသည်။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်းမရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင် ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန် (၂၈)ရက် တာ ကာလအတွင်း စောင့်ကြည့်စောင့်ရှောက်မှုခံယူရခြင်း ဖြစ်ပါသည်။ ဤ အစီအစဉ်တွင် (၂၁)ရက်ပြီးမြောက်ပါက မိမိ၏နေအိမ်တွင် (၇)ရက်ထပ်မံ၍ Home Quarantine ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

Community Based Facility Quarantine လုပ်ငန်းစဉ်အတွင်း ပါဝင်သူ များအတွက် လိုအပ်သောစောင့်ရှောက်ကူညီမှုများကို စနစ်တကျလေ့ကျင့်ထား သော စေတနာ့ဝန်ထမ်း (Volunteer) များက ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။ အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ်နှင့် သတ်မှတ်ကာလအရ ပါဝင်ဆောင်ရွက် မည့် စေတနာ့ဝန်ထမ်းသည် မိမိဒေသရှိ Community Based Facility Quarantine Center တွင် လိုအပ်ချက်အလိုက်၊ မိမိပါဝင်ဆောင်ရွက်နိုင်သည့် အတိုင်းအတာအလိုက် အတွင်းစည်း(သို့မဟုတ်) အပြင်စည်းတွင် နေ့စဉ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ တွင် သတ်မှတ်ကာလ (၂၁)ရက်ပြည့်အောင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရမည် ဖြစ်ပြီး ထပ်မံ၍ (၇)ရက်ကို သတ်မှတ်ပေးထားသော နားနေရန်နေရာတွင် အနားယူအပန်းဖြေနေထိုင်ခြင်းပြုရမည်ဖြစ်ပြီး စုစုပေါင်း (၂၈)ရက်အပြည့် အနည်းဆုံး (၁)ကြိမ် ဆောင်ရွက်ရန်ဖြစ်သည်။ မိမိ၏ဆန္ဒအရ တစ်ကြိမ်ထက် ပိုပြီး ဆက်လက်၍ပါဝင်ဆောင်ရွက်နိုင်ပါသည်။

စေတနာ့ဝန်ထမ်း(Volunteer) အဖြစ် မိမိ၏အချိန်၊ လုပ်အား၊ ကျွမ်းကျင် မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလအပြည့် မိမိတစ်ဦးချင်းအနေဖြင့် ဆန္ဒအရပါဝင်ရန် ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။ လက်ရှိသက်ဆိုင်ရာ ဒေသအလိုက် Community Based Facility Quarantine Center များ၌ စေတနာ့ဝန်ထမ်း(Volunteer) များအဖြစ် ဆောင်ရွက်လျက်ရှိသူများကိုလည်း စာရင်းကောက်ယူမှတ်တမ်း တင်လျက်ရှိပါသည်။

ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းများပေးခြင်း၊ လုံခြုံရေးအကာအကွယ်များဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာကိစ္စများအတွက် စနစ်တကျ ပံ့ပိုးကူညီခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ (National Volunteer Steering Unit)ကို ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ဤစေတနာ့ဝန်ထမ်း(Volunteer)အစီအစဉ်တွင် သတ်မှတ်လုပ်ငန်းစဉ် နှင့် သတ်မှတ်ကာလအတွင်း ပါဝင်လိုသူများအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Facebook စာမျက်နှာဖြစ်သော Ministry of Social Welfare, Relief and Resettlement Myanmar သို့ ဝင်ရောက်၍ သတ်မှတ်ထားသော Volunteer Registration ပုံစံကို ဖြည့်စွက်ပြီး (၅.၅.၂၀၂၀) ရက်နေ့ ညနေ (၆) နာရီ နောက်ဆုံးထား စာရင်းပေးသွင်းကြရန် နှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူလူထုအတွက် ယခု COVID-19 ကာလအတွင်း ထိရောက်စွာ ကူညီပံ့ပိုးဆောင်ရွက်ပေးနေကြသော ပရဟိတအသင်းများ၊ ပရဟိတသမားများအားလုံးကိုလည်း အထူးကျေးဇူးတင် ဂုဏ်ယူပါသည်။ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြရန်လည်း မေတ္တာရပ်ခံ အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ဆိပ်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် နွေစပါးရေသွင်းစိုက်ပျိုး

**ဆိပ်ဖြူ ဧပြီ ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နွေစပါးစိုက်ပျိုး ရန် နှစ်စဉ်ရာသီချိန်မီ လယ်ယာမြေများပေါ်တွင် မြေအောက် ရေအသုံးချပြီး ကိုယ်ပိုင်ရေတွင်း၊ ကိုယ်ပိုင်ရေစုပ်စက်များ ဖြင့် နွေစပါးဖြစ်ထွန်းရေး နည်းပညာများရယူကြကာ စီးပွား ဖြစ်မစိုက်ပျိုးနိုင်သော်လည်း မိသားစုဝမ်းစာအတွက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်က အခြား နွေစပါးစိုက်ကြသည့် တောင်သူများကလည်း ပေါင်စနစ်ဖြင့် ပျိုးထောင်ကြပြီး သိပ္ပံနည်းကျစိုက်ပျိုးကြကြောင်း၊ ယခုနှစ် နွေစပါးကို မတ် ၅ ရက်က အစောဆုံးပျိုးထောင်ကြပြီး ပျိုးသက် ၁၂ ရက်ဖြင့် စိုက်ပျိုးကြကြောင်း၊ ရက်ပေါင်း (၁၃၀/၁၃၅)ရက်ဆိုလျှင် ရိတ်သိမ်းကြကြောင်း ရှင်းလင်း ပြောကြားသည်။ ဆိပ်ဖြူမြို့နယ်တွင် နွေစပါးစိုက်ဧက ၂၆၇ဧကရှိပြီး ရွာသာအေးအုပ်စု ရွာသာအေးကျေးရွာတွင်းရှိ နွေစပါးစိုက်ပျိုးဧက ၅၈ ဧကရှိသည့်အနက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပျိုးသက်နုကောက်ကွက်ကျဲ (SRI) စနစ်ဖြင့် ၁၀ ဧကအား စိုက်ပျိုးတောင်သူ ၁၀ ဦးဖြင့် မနောသုခမျိုးစပါးကို စံပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုမျိုး (ယောရော)**

## ရေရှားပါးသည့်နေရာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နွေရာသီကာလတွင် မြို့နယ်အတွင်းရှိ သောက် သုံးရေရှားပါးသော နေရာများသို့ ယမန်နေ့ မွန်းတည့် ၁၂ နာရီက သွားရောက်လှူဒါန်းခဲ့သည်။

ဇေယျာသီရိမြို့နယ် ပုပ္ပားကုန်းရပ်ကွက်နှင့် နန်းဩ ကျေးရွာသို့သွားရောက်ကာ ဇေယျာသီရိမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင် မြင့်ခိုင်နှင့်အဖွဲ့ဝင်များက ရေဂါလန် ၁၀၀၀ ဆံ့ ရေသယ် ယာဉ်တစ်စီးဖြင့် သွားရောက်လှူဒါန်းခဲ့ရာ ကျေးရွာ ကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။

သောက်သုံးရေလှူဒါန်းမှုကို ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီ ကာလသောက်သုံးရေရှားပါးသည့် ရပ်ကွက်၊ ကျေးရွာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

## သထုံမြို့၌ ဥစားကြက်မွေးမြူသူများ ဝင်ငွေကောင်းမွန်လျက်ရှိ

**သထုံ ဧပြီ ၃၀**

မွန်ပြည်နယ် သထုံမြို့အနီးပတ်ဝန်း ကျင်ရပ်ကွက်တချို့တွင် ကျန်းမာရေး နှင့်ညီညွတ်စေရန် သန့်ရှင်းသပ်ရပ်စွာ မွေးမြူသော တစ်နိုင်တစ်ပိုင် ဥစား ကြက်ခြံများတွင် ကြက်ဥဈေးကောင်း ရကာ မိသားစုဝင်ငွေများရရှိသဖြင့် စားဝတ်နေရေးအဆင်ပြေကြောင်း သိရသည်။

ဥစားကြက် ၁၆ ပတ် ရက်ပေါင်း ၁၁၂ ရက်သက်တမ်းရှိသောကြက် တစ်ကောင်လျှင် ကျပ် ၇၂၀၀ ကြက်စာ တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀ ဖြင့် ဝယ်ယူရပြီး နောက်ထပ်တစ်လ ရက်ပေါင်း ၃၀ ခန့် ထပ်မံမွေးမြူပါက ဥများဥကြပြီး ကြက်ဥတစ်လုံးလျှင် ပျမ်းမျှ ငွေကျပ် ၁၀၀ မှ ၁၂၀ ခန့်



အထိရရှိကာ ရပ်ကွက်အတွင်းရှိ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်များမှ ဝယ်ယူအားပေးမှု ပိုမိုများပြားလျက်ရှိ သည်။

**လှိုင်ထွန်းအောင်(သထုံ)**

# ဂျာဒန်ဆန်ချိုကိုရရှိရေး မန်ယူအသင်းက ကျောနံပါတ် ၇ ဝတ်ဆင်ခွင့်ပြုမည်ဟုဆို

မန်ယူအသင်းဟာတောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူနိုင်ရေးအတွက် အသင်းရဲ့ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်း၊ စီရော်နယ်လ်ဒို၊ ဘရိုယန်ရော့ဆင် စတဲ့ကစားသမားတွေ ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် ၇ ကို ဝတ်ဆင်ကစားခွင့်ပြုသွားဖို့လည်း ဆုံးဖြတ်ထားတယ်လို့ သိရပါတယ်။

ဒော့မွန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကလည်း မန်ယူအသင်းကို ပြောင်းရွှေ့ကစားခွင့်ရရှိမယ်ဆိုရင် အိုးထရက်ဖို့ဒ်မှာ ကျောနံပါတ် ၇ ဝတ်ဆင်ခွင့်ရရှိရေးတောင်းဆိုထားတယ်လို့ သိရပါတယ်။

လက်ရှိမှာဥရောပရဲ့ အကောင်းဆုံးလူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂျာဒန်ဆန်ချိုကို မန်ယူအသင်းအပြင် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိပြီး ချယ်လ်ဆီးအသင်းရဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ အိုဒိုအီကလည်း အင်္ဂလန်ကစားသမားဖြစ်တဲ့ ဂျာဒန်ဆန်ချိုကို စတမ်းဖို့ဒ်ဘရစ်မှာ လာရောက်ကစားဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။



မန်ယူအသင်းတိုက်စစ်မှူး မားကတ်စ်ရက်ဖို့ဒ်ကလည်း အိုးထရက်ဖို့ဒ်မှာ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုနဲ့အတူ တွဲဖက်ကစားဖို့ ဆန္ဒရှိနေတယ်လို့ ယခုလအစောပိုင်းက ပြောကြားခဲ့ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါကလပ်ဒော့မွန်အသင်းကတော့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုရဲ့ ပြောင်းရွှေ့ကြေးနဲ့ပတ်သက်ပြီး ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ရရှိလိုတယ်လို့တောင်းဆိုထားတာဖြစ်ပါတယ်။

မန်ယူအသင်းအမှုဆောင် ဒုတိယဥက္ကဋ္ဌဖြစ်သူကတော့ လက်ရှိအချိန်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ဒော့မွန်အသင်းကတောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးကိုပေးဖို့ ဆန္ဒမရှိဘူးလို့ဆိုပါတယ်။ အဲဒါကြောင့် ဒော့မွန်အသင်းအနေနဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုအတွက် တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးထက် လျော့နည်းနေပါက ကမ်းလှမ်းလာတဲ့အသင်းတွေကို လက်ခံသွားမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ ဒော့မွန်အသင်းနဲ့အတူ ၂၀၁၇ ခုနှစ်ကနေ လက်ရှိအချိန်အထိ ၆၉ ပွဲပါဝင်ကစားပေးထားရာမှာ ၂၇ ဂိုးအထိ သွင်းယူပေးထားတာဖြစ်ပြီး အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းအတွက်တော့ ၁၁ ပွဲမှာ နှစ်ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။



## ချယ်လ်ဆီးအသင်းက နာပိုလီတိုက်စစ်မှူး ဒရိုင်းမာတင်ကို ခေါ်ယူမည်

ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်အတွင်းက နာပိုလီတိုက်စစ်မှူး ဒရိုင်းမာတင်ကို ခေါ်ယူဖို့ ဆန္ဒရှိနေခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ဒရိုင်းမာတင်အနေနဲ့ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဒရိုင်းမာတင်ဟာ လာမယ့်တစ်ပတ်ထဲမှာ အသက် ၃၃ နှစ်ပြည့်တော့မှာဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေနဲ့ ဒရိုင်းမာတင်ကို ခေါ်ယူဖို့ ပြင်ဆင်နေတဲ့အပြင် နွေရာသီဈေးကွက်အတွင်း တိုက်စစ်မှူးတစ်ဦး၊ ဗဟိုခံစစ်မှူးတစ်ဦးနဲ့ ဘယ်နောက်ခံကစားသမားတစ်ဦးတို့ကို ခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

ဒရိုင်းမာတင်ဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်က ပီအက်စ်ဗွီအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းနဲ့ နာပိုလီအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ နာပိုလီအသင်းအတွက် ၃၀၉ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၂၁ ဂိုးသွင်းယူပေးထားတာလည်းဖြစ်ပါတယ်။

ဒရိုင်းမာတင်ဟာ ယခုနှစ်ဘောလုံးရာသီမှာတော့ နာပိုလီအသင်းအတွက် ၂၉ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၂ ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ငွေကြယ်– ရေးသားသည်

## အနုပညာ



### တေလာဆွစ်နဲ့ အတူရှိနေကြောင်း ဖော်ပြလိုက်တဲ့ ဂျိုးအော်ဝင်န်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ချစ်သူ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်တို့ဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေတဲ့ကာလအတွင်း အသွားအလာကန့်သတ်ထားချိန်မှာ အတူရှိနေကြောင်း မင်းသားက လတ်တလောမှာ လှစ်ဟပြခဲ့တယ်လို့ ဟောလိဝုဒ်မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ ဂျိုးအော်ဝင်န်ဟာ သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေလာဆွစ်ရဲ့ ကြောင်လေးဘန်ဂျမင်ဘတ်တန်ရဲ့ ဓာတ်ပုံတွေကို ဖော်ပြခဲ့ပါတယ်။ ဒီဓာတ်ပုံတွေမှာ ကြောင်လေးဟာ စက္ကူအိတ်တွေအတွင်း၊ ကော်ဇောအောက်နဲ့ စက္ကူသေတ္တာတွေအတွင်း ရောက်ရှိနေတဲ့ ပုံရိပ်တွေကို ရိုက်ကူးထားတာပါ။ ဒါကြောင့် သူ့ရဲ့ အချစ်ဆုံးကြောင်လေးနဲ့ အမြဲအတူရှိနေတဲ့ တေလာဆွစ်လည်း သူနဲ့အတူရှိနေကြောင်း ဂျိုးအော်ဝင်န်က ဖော်ပြလိုတာဖြစ်တယ်လို့ မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

အေးပြည့် – စုစည်းသည်

### မင်းသား ရစ်ရှီကပူးလ် ကွယ်လွန်

ဘောလိဝုဒ်ရုပ်ရှင်လောကမှာ ကျော်ကြားတဲ့ မင်းသားကြီးတစ်ဦးဖြစ်သူ ရစ်ရှီကပူးလ် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ဒေသတွင်းမီဒီယာတွေသာမက ပြည်ပမီဒီယာတွေကလည်း ရေးသားဖော်ပြခဲ့ကြပါတယ်။


ရစ်ရှီကပူးလ်ရဲ့ မိသားစုဝင်တွေ ပြောကြားချက်ကို ကိုးကားကာ စီအင်န်အင်န်သတင်းဌာနက ဖော်ပြခဲ့ရာမှာ မင်းသားဟာ ဧပြီ ၃၀ ရက်က ဆေးရုံမှာကွယ်လွန်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ မင်းသားကြီးဟာ သွေးကင်ဆာကြောင့် ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

မင်းသားကြီး ကပူးလ်ဟာ ၂၀၁၈ ခုနှစ်အတွင်း ကင်ဆာရောဂါခံစားခဲ့ရတာပါ။ ဒါကြောင့် နယူးယောက်မှာ ကုသမှုခံယူခဲ့ပြီး ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ဇာတိမြေကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ မင်းသားကြီးဟာ မကြာသေးမီက မွန်ဘိုင်းမှာ ဆေးရုံပြန်လည်တက်ရောက်ခဲ့ရတာဖြစ်ပြီး နောက်ဆုံးမှာ ကွယ်လွန်သွားခဲ့ပါတယ်။

ရစ်ရှီကပူးလ်ကွယ်လွန်ခဲ့တဲ့အပေါ် ဘောလိဝုဒ်အသိုင်းအဝိုင်းက ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒီလိုဖော်ပြခဲ့သူတွေထဲမှာ ဘောလိဝုဒ်သရုပ်ဆောင်တစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်မှာလည်း အောင်မြင်နေတဲ့ မင်းသမီး ပရီယင်ကာချိုပရာလည်း ပါဝင်ကြောင်း သိရပါတယ်။



### လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာတဲ့ တင်မိုးသီချဲလ်မက်နဲ့ လီလီရို့စ်ဒပ်



ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတွေအနက် လူငယ်စုံတွဲတစ်တွဲဖြစ်တဲ့ တင်မိုးသီချဲလ်မက်နဲ့ လီလီရို့စ်ဒပ်တို့ဟာ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူသက်တမ်း တစ်နှစ်ကျော်ကြာ လက်တွဲပြီးနောက် ယခုလို လမ်းခွဲလိုက်တာဖြစ်ကြောင်း ယူအက်စ်ဝီကလီးက ရေးသားဖော်ပြခဲ့ပါတယ်။

တင်မိုးသီချဲလ်မက်နဲ့ လီလီရို့စ်ဒပ်တို့ဟာ ယခုနှစ်အတွင်းမှာလည်း အများရှေ့မှာ အတူတွဲကာ မတွေ့ရပါဘူး။ သူတို့နှစ်ဦးနောက်ဆုံးတွဲကာ တွေ့ခဲ့ရတာကတော့ ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းကဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါကြယ်ပွင့်နှစ်ဦးဟာ နက်ဖ်လစ်ဇ်က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင် The King ကို ရိုက်ကူးခဲ့စဉ် စတင်တွေ့ဆုံခဲ့တာပါ။ နောက်ပိုင်းမှာ ချစ်သူတွေဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း တရားဝင်လက်တွဲခဲ့ကြပါတယ်။ မင်းသားကြီး ဂျွန်နီဒပ်နဲ့ ဗန်နစ်ဆာပါရာဒစ်တို့ရဲ့ သမီးဖြစ်သူ လီလီရို့စ်ဒပ်ဟာ ၂၀၁၉ ခုနှစ် ကန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို တင်မိုးသီချဲလ်မက်နဲ့အတူ တက်ရောက်လာခဲ့ကာ ပထမဆုံးအကြိမ် စုံတွဲလိုက် ကော်ဇောနီပေါ်အတူ လျှောက်လှမ်းခဲ့ကြပါတယ်။

နောက်ပိုင်းမှာ နှစ်ဦးအတူတွဲကာ မတွေ့ရတော့ဘဲ မကြာမီမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာပါတယ်။ လမ်းခွဲလိုက်တဲ့သတင်းကို ကာယကံရှင်တွေက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် မေလထုတ် Vogue မဂ္ဂဇင်းမှာပါရှိတဲ့ တင်မိုးသီချဲလ်မက်ရဲ့ အင်တာဗျူးမှာ မင်းသားဟာ လက်ရှိမှာ ချစ်သူမရှိဘဲ တစ်ကိုယ်တည်းသမားသာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

## မြန်မာဂိုးနည်းပြ ဦးနေလှိုင် လာအိုလက်ရွေးစင်အသင်းအပြင် လူငယ်လက်ရွေးစင် အသင်းများကိုပါ တာဝန်ယူမည်



ရန်ကုန် မေ ၁၀

လာအိုလက်ရွေးစင်အသင်းတွင် ဂိုးနည်းပြအဖြစ် ဆောင်ရွက်နေသည့် မြန်မာလူငယ် ဂိုးသမား ဦးနေလှိုင်သည် လာအိုလက်ရွေးစင်အသင်းအပြင် လူငယ်လက်ရွေးစင်အသင်းများကိုပါ တာဝန်ယူရမည်ဖြစ်သည်။ လာအိုဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်အသင်းတိုင်း၏ ဂိုးနည်းပြအဖြစ် ဦးနေလှိုင်အား တာဝန်ယူစေမည်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်အခြေအနေတည်ငြိမ်သွားပါက ပြိုင်ပွဲယှဉ်ပြိုင်ရမှုအပေါ်မူတည်၍ တာဝန်ပေးသွားမည်ဖြစ်သည်။

ဦးနေလှိုင်က "မထင်မှတ်ထားတဲ့ ကမ်းလှမ်းမှုကို ရခဲ့တာဖြစ်ပြီး လာအိုလက်ရွေးစင်အသင်းတွေမှာ ဂိုးနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်ရင်း အကောင်းဆုံး သင်ကြားသွားမှာပါ။ လစာထက် အတွေ့အကြုံကောင်းတွေလိုချင်တဲ့အပြင် နည်းပြဘဝ ပိုပြီးပြည့်စုံချင်လို့ ဖြစ်ပါတယ်။ လက်ရွေးစင်အသင်းအားလုံးကို တာဝန်ယူရမှာဖြစ်ပြီး ကျွန်တော်က မတ် ၁၀ ရက်မှာ လာအိုနိုင်ငံကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရောက်တဲ့အချိန်မှာ ယူ-၁၉ အသင်းကို ရက်ပိုင်းလောက်ပဲ ကိုင်တွယ်ခဲ့ရပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ လာအိုဘောလုံး အဖွဲ့ချုပ်သည် ဖေဖော်ဝါရီလတွင် စတင်ကမ်းလှမ်းခဲ့ပြီး ဦးနေလှိုင်သည် ရှမ်းယူနိုက်တက်အသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲကာ လာအိုအသင်း၏ကမ်းလှမ်းမှုကို လက်ခံခဲ့ခြင်းဖြစ်သည်။ ဦးနေလှိုင်သည် ၂၀၁၆ ခုနှစ်တွင် ဂိုးနည်းပြအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ဟံသာဝတီအသင်းတွင် တာဝန်ယူခဲ့ကာ ၂၀၂၀ ရာသီအစတွင် ရှမ်းယူနိုက်တက် ယူ-၂၁ အသင်းသို့ ပြောင်းလဲခဲ့သည်။

ရာသီအစမှာပင် လာအိုဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းမှုကို ရရှိခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်းက သွားရောက်ဆောင်ရွက်ခွင့်ရရန် နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

လာအိုဘောလုံးအဖွဲ့ချုပ်သည် ဦးနေလှိုင်ကို လက်ရွေးစင်အသင်းအပြင် ယူ-၂၃၊ ယူ-၁၉ နှင့် ယူ-၁၆ အသင်းများ၌ပါတာဝန်ယူစေမည်ဖြစ်သည်။ လာအိုဘောလုံးအဖွဲ့ချုပ်သည် ဦးနေလှိုင်မတိုင်မီက စင်ကာပူနိုင်ငံသား နည်းပြချုပ်တစ်ဦးနှင့် လက်ထောက်နည်းပြများ ခန့်အပ်ထားပြီး ဦးနေလှိုင်သည် ၎င်းတို့နှင့်အတူ ဆောင်ရွက်ရမည်ဖြစ်သည်။ ဦးနေလှိုင်သည် တစ်နှစ်စာချုပ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း ဗီဒီယိုဖြင့် လေ့ကျင့်ပေးခြင်းများ ပြုလုပ်နေသည်။ ဦးနေလှိုင်သည် မြန်မာ့ဘောလုံး ပရော်ဖက်ရှင်နယ်ပြောင်းလဲပြီး ပြည်ပလက်ရွေးစင်အသင်းတွင် ဂိုးနည်းပြအဖြစ် ပထမဆုံးဆောင်ရွက်ခွင့်ရသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ - စိုးညွန့်

## Chinese 8 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် (ခ) မောင်မောင် နှစ်ပွဲဆက် အနိုင်ရထား

ရန်ကုန် မေ ၁၀

Chinese 8 Ball ပြိုင်ပွဲ ဒုတိယပတ်ပွဲစဉ်များကို မေ ၂၈၊ ၂၉ ရက်က ကျင်းပရာ မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီသည် နှစ်ပွဲဆက် အနိုင်ရရှိထားသည်။

ဘုန်းမြင့်ကျော် (ခ) မောင်မောင်သည် အဖွင့်ပွဲအဖြစ် ကမ္ဘာ့ချန်ပီယံဟောင်း တရုတ်နိုင်ငံသား ယူဟိုင်ထောင်နှင့် တွေ့ဆုံခဲ့ရာ ၂၁ ပွဲ-၁၇ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပြိုင်ပွဲအစတွင် ပြိုင်ဘက်ကစားသမားနှင့် ပွဲငယ်များအပြန်အလှန် အနိုင်ရခဲ့ပြီး နောက်ပိုင်းတွင် ဦးဆောင်နိုင်ခဲ့ကာ ၁၇ပွဲ-၁၆ ပွဲအထိ ပြန်လည်နိုင်သော်လည်း ၂၁ ပွဲ-၁၇ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယူဟိုင်ထောင်နှင့် သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး နောက်ဆုံးနှစ်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဒုတိယပွဲအဖြစ် တရုတ်ကစားသမား လီဘိုနှင့် တွေ့ဆုံခဲ့ရာ ၂၁ ပွဲ- ၁၇ ပွဲဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် ပြိုင်ပွဲအစတွင် တောက်လျှောက်ဦးဆောင်နိုင်ခဲ့သော်လည်း ပြိုင်ပွဲတစ်ဝက်တွင် ပြိုင်ဘက်ကစားသမား၏ ပြန်လည်ဦးဆောင်ခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် ဘုန်းမြင့်ကျော်သည် နောက်မှလိုက်ကစားခဲ့ရပြီး ၁၆-၁၆ ပွဲစီ တူညီပြီးမှ ပြိုင်ပွဲပြီးခါနီးတွင် ဆက်တိုက်ဦးဆောင်ကာအနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် နှစ်ပွဲဆက် အနိုင်ရထားသောကြောင့် ရမှတ် ၁၂၀၀၀ ရရှိထားပြီး တစ်ပွဲအနိုင်ရပါက ရမှတ် ၆၀၀၀၊ ရှုံးနိမ့်ပါက ရမှတ် ၂၀၀၀ ရရှိမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ကစားသမားရှစ်ဦးဖြင့် ကျင်းပခြင်းဖြစ်ပြီး တရုတ်ကစားသမား ခုနစ်ဦးနှင့် မြန်မာကစားသမား ဘုန်းမြင့်ကျော်တို့ ယှဉ်ပြိုင်ခွင့်ရထားခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ကစားသမားများကို ပြိုင်ပွဲကို စပွန်ဆာကုမ္ပဏီပေးသည့်ကုမ္ပဏီက စိတ်ကြိုက်ရွေးချယ်ခြင်းဖြစ်ပြီး တရုတ်ကစားသမား ခုနစ်ဦးတွင် ကမ္ဘာ့ချန်ပီယံဖြစ်ဖူးသည့် ခြောက်ဦးအထိ ပါဝင်လာသည်။



ပထမအဆင့်ပွဲစဉ်များကို မေ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရှစ်ဦးပတ်လည် ယှဉ်ပြိုင်ကစားရကာ အဆင့် (၁) မှ (၄) အထိရရှိသည့် ကစားသမား လေးဦး၊ အဆင့် (၅)နှင့် (၆) ကစားသမားတို့ Play-off ကစားပြီး အနိုင်ရသည့်တစ်ဦး စုစုပေါင်း ငါးဦးမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် မေ ၃၊ ၅ ရက်တွင် ပွဲစဉ်များ ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-Ko Ar Ti Facebook


### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ မိဘပင်စင်စားများအား အသိပေးပန်ကြားခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏မိဘပင်စင်စားများသည် လစဉ်ပင်စင်လစာငွေများ လွယ်ကူလျှင်မြန်စွာ ထုတ်ယူနိုင်ရေးအတွက် ၂၃-၄-၂၀၂၀ ရက်နေ့မှ ၂၉-၄-၂၀၂၀ ရက်နေ့အတွင်း ရန်ကုန်မြို့တော်ဘဏ်၏ ATM ကဒ်များ ပြုလုပ်ရန် လျှောက်ထားရှိသူများအား ဘဏ်မှစိစစ်ပြီးဖြစ်ပါသဖြင့် ၄-၅-၂၀၂၀ ရက်နေ့မှစ၍ ရန်ကုန်မြို့တော်ဘဏ် ရုံးချုပ်၊ အမှတ်-၁၂/၁၈၊ စည်ပင်လမ်း၊မြို့တော်ခန်းမအနောက်ဖက်၊ ကျောက်တံတားမြို့နယ် ဖုန်းနံပါတ် ၀၉-၄၂၀၁၅၀၅၈၃၊ ၀၉-၄၂၀၁၅၀၆၀၅၊ ၀၉-၄၂၀၁၅၀၅၈၄ နှင့် ၀၉-၂၅၂၀၀၂၉၄၁ တို့သို့ ဆက်သွယ်၍ ဘဏ်ဖွင့်ချိန်အတွင်းလာရောက်ထုတ်ယူကြပါရန် အသိပေး ပန်ကြားအပ်ပါသည်။ **ရန်ကုန်မြို့တော်ဘဏ်**



### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် အောက်ပါလုပ်ငန်းများအား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) ကျောက်(၅၅,၀၀၀)ကျင်း ကြိတ်ခွဲထုတ်လုပ်ခြင်း [Tender No.23/DHPI (P&W)/2019-2020]

(ခ) စိန်လွန်တွင်းတူးဖော်ခြင်း(၁၆,၂၀၀)ပေနှင့် ဘိလပ်မြေဖိသွင်းခြင်း (၁၆,၂၀၀)ပေ [Tender No.24/DHPI(P&W)/2019-2020]

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် အဆိုပြုလွှာတင်သွင်းရမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(၅)ရုံး၊ အမှတ် (၁) တည်ဆောက်ရေး၊ ပန်းခင်းလမ်း၊ ပန်းခင်း (၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။ |
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၉-၄-၂၀၂၀ရက်မှ ၇-၅-၂၀၂၀ရက်ထိ |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက် | - | ၂၉-၅-၂၀၂၀ရက် |
| တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်အချိန် | - | အမှတ်စဉ်(၁)(က)ပါ လုပ်ငန်းအတွက် ၁၄:၀၀နာရီ |
| | - | အမှတ်စဉ်(၁)(ခ)ပါ လုပ်ငန်းအတွက် ၁၅:၀၀နာရီ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄**



### ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၇၈) ကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်းရေစက်ချမင်္ဂလာ အခမ်းအနားအား ရက်ရွှေ့ပြောင်းကျင်းပမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် ၅-၅-၂၀၂၀ ရက်နေ့ ၁၃:၀၀ နာရီအချိန်၌ ကျင်းပပြုလုပ်မည့် (၅၇၈) ကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနားကို လက်ရှိဖြစ်ပွားနေသော Covid-19 ကပ်ရောဂါ အခြေအနေကြောင့် ကျင်းပပြုလုပ်ရန် မဖြစ်နိုင်သဖြင့် ရက်ရွှေ့ပြောင်းကျင်းပသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ အလှူရှင်မိသားစုများမှ လှူဒါန်းထားသော အလှူတော်ငွေနှင့်ရွှေပြားသင်္ကန်းတော်များ ကုသိုလ်အစုစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် စုပေါင်း ရေစက်ချအခမ်းအနား ကျင်းပပြုလုပ်မည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်/အကြော/ဆေးဝါး) ရာထူးများအတွက် ရေးဖြေ/လူတွေ့ စစ်ဆေးမည့်ရက် ရွှေ့ဆိုင်းခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ၁၆-၃-၂၀၂၀ ရက်ထုတ် သတင်းစာတွင် ဆေးဘက်ကျွမ်းကျင်(၂)(ဓာတ်မှန်/အကြော/ဆေးဝါး) (လစာနှုန်း-၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ရေးဖြေ/လူတွေ့စစ်ဆေးခြင်းအား ၁၁-၅-၂၀၂၀ရက်၊ ၁၃-၅-၂၀၂၀ရက်၊ ၁၅-၅-၂၀၂၀ ရက်များတွင် ဖြေဆိုရန် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုရှိနေပြီး ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများအား တင်းကြပ်စွာဆောင်ရွက်နေချိန်ဖြစ်ပါသဖြင့် ရေးဖြေ/လူတွေ့ စစ်ဆေးခြင်းအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းပါကြောင်းနှင့် ဖြေဆိုရမည့်ရက်အား ထပ်မံကြော်ငြာပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုသရေးဦးစီးဌာန**



### ပျောက်ဆုံးကြောင်း

ကျွန်တော်များ NEW GENERATION STARS CO.,LTD, ADDRESS:BLOCK(1),ROOM(203), ZAYARMON HOUSING, BAYINTNAUNG ROAD, MAYANGONE TOWNSHIP,YANGON တွင် ရှိသော ဆန် ထုတ်ကုန်၊ သွင်းကုန်လိုင်စင်နံပါတ် YGN ELA 1920 02228(20-3-2020) သည် ပျောက်ဆုံးသွားပါ သည်။

**Ph:09-420079732**



### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ၊ မြို့မရပ်ကွက်နေ (အဖ) ဦးမောင်မောင်တင်[၉/သစန(နိုင်)၀၇၉၆၂၃]၊ (အမိ) ဒေါ်ရီရီမြင့် [၉/သစန(နိုင်)၁၀၀၈၄၃] တို့၏သမီး မစုသဥ္ဇာမြင့် (ခ) ငယ်လေး [၉/သစန(နိုင်)၁၈၇၀၆၃] သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

**ဦးမောင်မောင်တင်-ဒေါ်ရီရီမြင့်**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဌာနတွင် ၂၇-၂-၂၀၁၇ ရက်မှ စတင်အသုံးပြုခဲ့သော Linear Accelerator (Model-Precise, SN-153690,Sweden) စက်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်နှင့်- ၂၉-၄-၂၀၂၀ ရက်၊ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| အချိန် | နံနက် (၁၀:၀၀)နာရီ |
| တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် | -၂၈-၅-၂၀၂၀ရက်၊(ကြာသပတေးနေ့) ညနေ ၄:၀၀နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ စက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)**
**ဖုန်း-၀၆၇၃ ၄၂၁၄၆၂၊ ဖုန်း-၀၆၇၃ ၄၂၀၆၈၃**



### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ အနော်ရထာလမ်း၊ အမှတ် (၇၄)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (RC)(၆)ထပ်တိုက် အဆောက်အဦ၏ အမှတ်(၇၄/ခ)၊ (၄-လွှာ/ဘီ)၊ ပဥ္စမထပ်(ဘီ)၊ တိုက်ကို မျက်နှာမူလျှင်(ဘယ်ဘက်ခန်း)၊ ဧရိယာ ပေ(၁၉x၅၇)၊ (၁၀၈၃)စတုရန်းပေ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူနေထိုင်ခွင့် ခွင့်ပြုချက်ရရှိပြီးကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်စန္ဒာဝင်း [၁၂/သဃက(ပြု)၀၀၀၁၅၅]က ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသီ[၉/မရတ(နိုင်) ၁၁၀၃၉၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၅၀)**
**ရုံးခန်း-အမှတ်(၈၂)၊ အခန်း(၁)၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**



# ဥတုရာသီ တောကိုမှီ၏

C B BANK

Best Digital Bank 2020

Best Domestic Bank 2020

Best Corporate
&
Investment Bank 2020

in Myanmar

BEST BANK AWARDS
2020
ASIAMONEY

Customer များမှ CB Bank ၏ ဝန်ဆောင်မှုများကို
ယုံကြည် စိတ်ချစွာ အားပေးမှုကြောင့် 2020 ခုနှစ်တွင်
အထက်ပါဆု(၃)ဆုကို ရရှိခဲ့ခြင်းအတွက် Customer များကို
ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာဖြင့်
သတင်းကောင်းပါးအပ်ပါသည်။

## ဒေါ်စုစုထွန်း

**အသက် (၄၁) နှစ်**

**Chief Accountant**

**Yangon Metropolitan Development Public Co.,Ltd**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ်(၈၃)၊ ခုနစ်လွှာနေ ဦးထွန်းထွန်း-ဒေါ်ခင်စောဝေတို့၏သမီး၊ ဦးအေးကို-ဒေါ်နုနုမော်တို့၏သမီးချွေးမ၊ ဦးဇင်မင်းကို(M.D, Smart Sky Logistics )၏ချစ်လှစွာသောဇနီး၊ မခင်ကြည်စင်သန့် (G-3၊ ၄ဝါ၊ အထက-၁၊ ဒဂုံ)၊ မသန့်သီရိဇင်(မူကြို-၄၊ အလုံ)တို့၏ချစ်လှစွာသောမိခင် ဒေါ်စုစုထွန်းသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း ဒါယိကာမကြီး

## ဒေါ်ကြည်

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၀၇)၊ ကျွန်းတောလမ်းနေ (ဦးတန်ကွိချူ)၏ဇနီး၊ (ဦးပေါ)-ဒေါ်ရီရီ၊ ဦးတိုက်စိန်-ဒေါ်ခင်ခင်သန်း၊ (ဦးသိန်းဦး)၊ ဦးသန်းမြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးတက်တိုး-ဒေါ်စန်းစန်းဝင်း၊ ဦးလျှံကျင့်ဖု-ဒေါ်ထားထားရီ၊ ဦးကျော်ဦး-ဒေါ်အေးအေးခိုင်၊ ဦးကျော်နိုင်-ဒေါ်ယုယုဆွေ၊ ဦးစိုးလွင်-ဒေါ်ယဉ်ယဉ်နွဲ့တို့၏မိခင်ကြီး၊ မြေး ၂၅ ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘွား ဒေါ်ကြည်သည် ၂၄-၄-၂၀၂၀ (သောကြာနေ့) နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂:၅၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၅၉)နှစ်**

**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်**

**လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန**

ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်)သည် ၂၉-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၁၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း-ဒေါ်စမ်းစမ်းငွေး**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမြင့်ဆွေ(လ/ထ ညွှန်မှူး)၊ ကညန(ငြိမ်း)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၂၆-၄-၂၀၂၀(တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ အမှတ်-၂၀တည်ရှိရာ ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂အိုင်၊ မြေကွက်အမှတ်-၄၄၉ဘီ ၂/၄၃၈-စီ၂၊ ဦးကျော်မြင့်[၁၂/ဇဟန(နိုင်)၀၀၇၉၃၃]အမည်ပေါက် ဂရန်ရှိမြေပိုင်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ဦးကျော်မြင့်သည် ၆-၈-၂၀၁၉ ရက်တွင် ကွယ်လွန်၍ ဒေါ်ပိုး[၁၂/ဇဟန(နိုင်)၀၀၇၉၃၂]မှ ဦးကျော်မြင့်ပိုင်ဆိုင်ခဲ့သော ဖော်ပြပါမြေနှင့် အဆောက်အအုံတို့ကို ဇနီးဖြစ်သူ ၎င်းတစ်ဦးတည်းမှပင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၁၅-၁-၂၀၂၀ရက်၊ ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်အမှတ်စဉ်-၁/၁၉၈၆/၂၀၂၀ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကိုတင်ပြ၍ ဒေါ်ပိုးကိုယ်စား မှတ်ပုံတင် GP ၂၄၈၀၀/၂၀၁၉ အရ ဦးကျော်မြတ်ဦး[၁၂/ကမရ(နိုင်)၀၁၃၈၃၇]မှ ၎င်းသို့လွှဲအပ်သော GP နှင့် GP လွှဲသူသက်ရှိထင်ရှားရှိကြောင်း၊ GP ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စောယဉ် (၉၇) နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက် စာရင်းဌာနမှ ဒုတိယ စာရင်းကိုင်ချုပ် ဒေါ်မေမေခင်၏မိခင် ဒေါ်စောယဉ် အသက် (၉၇) နှစ်သည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေးဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ**
**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၅၉)နှစ်**

**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်**
**လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန**

ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်)သည် ၂၉-၄-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)၊ ည ၈:၁၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာညီညီကျော်-ဒေါ်ခင်သန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**သစ်တောဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးလှထွန်း(လ/ထ ညွှန်မှူး-ငွေ)

**ကညန(ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ (ဒေါ်မြအေး ဦး/ရှိ-ငြိမ်း)ကညန၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၀၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်လေးယု(ခ) Ruth Samual

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော် ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)နေ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)၏ ချစ်ဇနီး ဒေါ်ခင်လေးယု(ခ) Ruth Samual သည် ၂၈-၄-၂၀၂၀ ရက် ည ၉:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မာမီကောင်းကင်ဘုံ၌ အေးချမ်းစွာ အနားယူနိုင်ပါစေ။**

**ဦးစိုးဝင်း ဇနီး ဒေါ်ခင်ခင်အုန်း**
**မိသားစု**
**ရဲချုပ်(ငြိမ်း)**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၅၉)နှစ်**

**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်**
**လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန**

ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်)သည် ၂၉-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့)၊ ည ၈:၁၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း (၅၉)နှစ်

**ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ**
**သစ်တောဦးစီးဌာနရုံးချုပ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ အမှတ်(၁၅၃/၇)နေ ဒေါ်ခင်သီတာစိုး (မသက်)၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးဝင်း (1985 Bath B.Sc. Forestry) ညွှန်ကြားရေးမှူး သစ်တောဦးစီးဌာနရုံးချုပ်သည် ၂၉-၄-၂၀၂၀ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး**
**မြန်မာ့သစ်လုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မြသီတာဝင်း

**အသက်(၇၈)နှစ်**

ကိုရဲလင်းသူ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်မြသီတာဝင်းသည် ၂၃-၄-၂၀၂၀ ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းတို့ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**LD90 (1998) Batch မှ သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**အသက်(၅၉)နှစ်**

**ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်**
**လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန**

ဦးစိုးဝင်း (ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဖွံ့ဖြိုးရေးဌာန၊ နေပြည်တော်)သည် ၂၉-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ည ၈:၁၀နာရီတွင် နေပြည်တော်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်ဝင်း

**Managing Director ၊ အောင်စကြာကုမ္ပဏီလီမိတက်**

**အသက် (၅၈) နှစ်**

ဒေါ်နုနုစန်း၏ခင်ပွန်း၊ ကိုထွန်းမြတ်အောင်နှင့် မခင်မေဆင့်တို့၏ဖခင် ဦးခင်ဝင်းသည် ၂၈-၄-၂၀၂၀(အင်္ဂါနေ့)တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**TRIANGLE တာယာမိသားစု**
**IME INTERNATIONAL CO.,LTD**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး

### ဦးဇော်သိန်း

**အသက် (၆၈) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နေ ကိုဝေမင်းဟန် (အောင်မြင့်မြတ်ဆန်စက်)-မချိုသက်ဇော်(အောင်မြင်မြင့်မိုရ်ဆေးရုံ)၊ ကိုမြတ်မင်းဇော်( Star City ရေသန့်စက်)-မနန်းစိန်ပွင့်တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်စန်းစန်းငွေး (အောင်မြင်မြင့်မိုရ်ဆေးရုံ/စိန်ပုလဲရွှေဆိုင်)၏ချစ်လှစွာသောခင်ပွန်း ဦးဇော်သိန်းသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) ည ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၃-၇၇ ဓာတုဗေဒသူငယ်ချင်းများ**
**ပုသိမ်ကောလိပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးဝင်း

**ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ**
**သစ်တောဦးစီးဌာနရုံးချုပ်**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ အမှတ်(၁၅၃/၇)နေ ဒေါ်ခင်သီတာစိုး (မသက်)၏ ချစ်လှစွာသောခင်ပွန်း ဦးစိုးဝင်း [1985 batch B.Sc-Forestry] ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာနရုံးချုပ်သည် ၂၉-၄-၂၀၂၀ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသစ်တောကျောင်း**
**ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းမိသားစု**
**ပြင်ဦးလွင်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စုစုထွန်း

**အသက်(၄၁)နှစ်**

**Chief Accountant**

**Yangon Metropolitan Development Public Co.,Ltd**

ဦးဇင်မင်းကို (M.D,Smart Sky Logistics)၏ ချစ်လှစွာသောဇနီး မခင်ကြည်စင်သန့် [G-3 ၄ဝါ၊ အထက(၁)ဒဂုံ]၊ မသန့်သီရိဇင် (မူကြို-၄ အလုံ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်စုစုထွန်းသည် ၂၉-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၂၃နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်မူထပ်မျှဝမ်းနည်းရပါသည်။

**Yangon Metropolitan Development Public Co.,Ltdမှ**
**Director နှင့်ဝန်ထမ်းများ**

---

နိုင်ငံ

သာယာ

ဝပြောဖို့

သဘာဝ

တောတွေ

ထိန်းသိမ်းစို့

---

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း[၁၂/မရက(နိုင်)၀၉၁၁၅၇]၊ (S/OKA-၁၁၉၇၃၂)သည် ဒေါ်တင်တင်ဝင်း [၁၂/လကန(နိုင်)၁၃၁၃၅၇]အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၃၆/၂၀၂၀) (၁၁-၃-၂၀၂၀)လွှဲအပ်ခဲ့ပြီးနောက် မြေကွက်အရောင်းအဝယ်အား ရောင်းသူ၊ ဝယ်သူနှစ်ဦးနှစ်ဖက် သဘောတူဖျက်သိမ်းခဲ့ပြီးဖြစ်သောကြောင့် အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ(LL.B)(LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**ရုံးခန်း-အမှတ်(၈၂)၊ အခန်း(၁)၊ စည်ပင်လမ်း၊**
**(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

---

## ဝမ်းနည်းကြေကွဲရပါကြောင်း

### ဦးစိုးဝင်း

**[1985 batch B.Sc-Forestry]**

**ညွှန်ကြားရေးမှူး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ**
**သစ်တောဦးစီးဌာနရုံးချုပ်**
**အသက်(၅၉)နှစ်**

သူငယ်ချင်း ကိုစိုးဝင်း ၂၉-၄-၂၀၂၀ ရက် ညနေပိုင်းမှာ မမျှော်လင့်ဘဲ ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**[1985 batch B.Sc-Forestry]**
**သူငယ်ချင်းများ**

---

ကိုရိုနာဗိုင်းရပ်စ် (COVID-19)
ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ တိုက်အမှတ်(၁၀)(၆-လွှာ)(B)ဟုခေါ်တွင်သော ပေ(၁၂ ၁/၂x၅၀)အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ရေ၊ မီးအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၏ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်မေ LL.B,H.G.P**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၈၀)**
**ဖုန်း-၀၉-၅၄၁၃၈၅၉၊ ၀၉-၇၆၂၆၉၈၅၉၁**
**၃၁၅၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

---

တော တောင် ပျက် ပြုန်း
မြေ ဆီ သုဉ်း ၏

## ကျေးဇူးတင်ရှိခြင်း

၂၈-၄-၂၀၂၀ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဒေါ်ခင်လေးယု(ခ)Ruth Samual၏စျာပနကိစ္စအဝဝတွင်ကူညီဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် အရာရှိ စစ်သည်များ၊ အမှတ်(၂)တပ်မတော်ဆေးရုံမှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းနှင့် အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသော ကားတိုင်အသင်းတော်၊ အင်းစိန် ခရစ်တော်ဘွဲ့နာမခံအသင်းတော်၊ အင်းစိန် နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ(ငြိမ်း)နှင့် မိသားစု**

---

### ဒေါ်နှင်းဝေဝေ
### အသက်(၆၈)နှစ်
**B.E (Civil) (EX MOGE)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၀၈/စီ)၊ အရှေ့ရွှေဂုံတိုင်လမ်းနေ (ဦးရွှေ-ဒေါ်အေးတင်)တို့၏ သမီးလတ်၊ အရှေ့ရန်ကင်း၊ တိုက်နံပါတ်(၂၆၃)၊ အခန်း(၉)နေ (ဦးသန်းမောင်-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊ တိုက်နံပါတ်(၁၁၈)၊ (၄၁)လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်သန်း(EX MOGE)၏ ဇနီး၊ ဗဟန်းမြို့နယ်နေ ဒေါ်နှင်းရီရီ၊ ဦးမောင်မောင်၊ ဒေါ်ခင်နွယ်နွယ်တို့၏ညီမ/အစ်မ ဒေါ်နှင်းဝေဝေသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁-၅-၂၀၂၀(သောကြာနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်နွယ် (မြိတ်)
အထက(၁) ဗဟန်း၊ အလယ်တန်းပြ-ငြိမ်း

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၂၆)၊ ယုဇနလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးနွဲ့အုံ-ဒေါ်ထွန်းမေ)တို့၏သမီး၊ (ဦးပျိုသိမ်းအုံ-ဒေါ်ချမ်းရွှေ)တို့၏သမီးချွေးမ၊ဒုတိယဗိုလ်မှူးကြီးအုန်းမြင့် (ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမျိုးသန့်(Famous Group of Co.,Ltd)-ဒေါ်စန်းစန်းယု၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ (ဦးစိုးသူ)-ဒေါ်နွယ်နှောင်းဝင်း၊ ဦးသန့်စင်-Dr.ခိုင်သီသီဦး၊ ဒေါ်ခင်မျိုးတင့်၊ ဒေါ်ဖြူဖြူသင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏ဘွားဘွားကြီး သည် ၂၉-၄-၂၀၂၀ ရက် ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၀ (အင်္ဂါနေ့)တွင် သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးဝင်း
ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန(နေပြည်တော်)

### အသက်(၅၉)နှစ်

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးရုံး**
**ဝန်ထမ်းမိသားစုများ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစိုးနိုင် (တောင်တွင်းကြီး)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုကြွေမြေ

### အသက်(၈၀)

ရန်ကုန်မြို့နေ (ဦးဘမွန်-ဒေါ်လှခင်)တို့၏ သား၊ (ဦးဖေညွှန့်-ဒေါ်ကြွေ)တို့ သားသမက်၊ ဒေါ်ခင်သန်းနွဲ့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြတ်သူဇာနိုင်၊ ဦးဇော်မိုးနိုင်-ဒေါ်ချောစုမ၊ ဒေါ်ငြိမ်းငြိမ်းနိုင်-ဦးသောင်းမြင့်၊ ဒေါက်တာကျော့ကျော့နိုင်၊ ဦးဝေဖြိုးနိုင်-ဒေါ်ဖြူသွယ်ချိုတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးစိုးသိန်း (တရားလွှတ်တော်ရှေ့နေ)
### အသက်(၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးဘစိုး-ဒေါ်ယုလှ)တို့၏သား၊ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရိပ်သာ၊ တိုက်(၁၇)၊ အခန်း(၁)နေ ဒေါ်တင်တင်အေး(အငြိမ်းစား၊ အမက-၁၇၊ မရမ်းကုန်း)၏ ခင်ပွန်း၊ ဦးမျိုးမောင်မောင်စိုး (တရားလွှတ်တော်ရှေ့နေ)-ဒေါက်တာဒေါ်ခိုင်ခိုင်ဆု (ပန်းပျိုးအိမ်စာသင်ဝိုင်း)၊ ဦးရဲလွင်ဦး-ဒေါ်ယဉ်ယဉ်စိုး (အမက-၁၇၊ မရမ်းကုန်း)၊ ဦးအောင်ခင်စိုး-ဒေါ်စိမ်းစန္ဒာဖြူ(အလက-၄၊ အင်းစိန်)၊ ဦးညီညီစိုး (တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းမြင့်၊ ဦးဖုန်းဟေကို (Photography)- ဒေါ်ပြည့်ပြည့်ပပစိုး (အထက်တန်းရှေ့နေ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဟိန်းထက်အောင်စိုး၊ မောင်မျိုးချစ်သုစိုး၊ မသဒ္ဒါအောင်တို့၏ အဘိုးသည် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စိန်စိန်သွင်
### အသက်(၇၅)နှစ်

မုဒုံမြို့နေ (ဦးငြိမ်း-ဒေါ်ရှိန်)တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ၈/C၊ ယုဇနလမ်း၊ အေးရိပ်မွန်ရိပ်သာနေ ဦးမြင့်ဦး၏ ဇနီး၊ ဦးတင်ထွန်းအောင်-ဒေါ်သွင်သွင်ဟန်၊ ဒေါ်ခတ္တာမြင့်ဦး၊ ဒေါက်တာထင်အောင်ကျော်-ဒေါ်ငုဝါမြင့်ဦးတို့၏မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ညွှန့်ညွှန့်သန်း (၇၄)နှစ်
ယာဉ်/စက် (ငြိမ်း)
စီးပွားကူးသန်း (ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ အမှတ်(၈၄၂)၊ ဗိုလ်ချို လမ်းနေ (ဦးလှမြင့်)၏ ဇနီး၊ ဦးသန့်ဇော်-ဒေါ်စမ်းသီတာ၊ (ဦးဝင်းဇော်-ဒေါ်နန်းထွေးလှ)၊ Mr.Sangkom- ဒေါ်ယဉ်ယဉ်နု၊ ဦးညီညီထွန်း-ဒေါ်အိန္ဒြာမြင့်တို့၏ မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ညွှန့်ညွှန့်သန်းသည် ၃၀-၄-၂၀၂၀ ရက် ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အာနိစ္စ

သစ်
တော
နဲ့
သစ်ပင်
ချစ်ခင်
တဲ့
လူမျိုး
သစ်ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကို
စိုး

---

### ဒုတိယဗိုလ်မှူးကြီး ခင်မောင်လင်း(ငြိမ်း)
### အသက်(၈၆)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှုဆောင်ရွက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ မြင်သာ(၅)လမ်း၊ အမှတ်(၁၂၈/၁+၂)နေ ဒေါ်ခင်လှိုင်ဝင်း၏ ခင်ပွန်း ဦးခင်မောင်လင်းသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး

### ဦးဟန်ထွန်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး (ငြိမ်း)

### အသက် (၈၆) နှစ်

ပခုက္ကူမြို့နေ (ဦးစိုး-ဒေါ်လေးချယ်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်လှ)တို့၏ သားသမက်၊ (ဦးဆင်ပေါက်-ဒေါ်ချစ်စိန်)တို့၏ မောင်၊ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ [ဦးကျော်ဇောထွန်း (WFP)]-ဒေါက်တာကေသီအေး(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု (ဖြူစင်စတိုး၊ ပခုက္ကူမြို့)၊ ဗိုလ်ကြီးရဲမြတ်ထွေးအောင်၊ ဒေါ်နုရည်ထွန်း (မြဝတီဘဏ်၊ ရန်ကုန်မြို့)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်အောင်ဇော်ထွန်း၊ မရင်ဖြူဖြူလှိုင်၊ မဖြူစင်ကို၊ မောင်နေမင်းလွင်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၄-၂၀၂၀ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် (၃) မိုင်ကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်(ခ)ဦးခင်မောင်လေး (တောင်ငူမြို့)
(မင်္ဂလာမောင်မောင် ဘုရားဖူးပို့ဆောင်ရေး)

### အသက်(၇၄)နှစ်

(ဦးကျင်-ဒေါ်ပု)တို့၏ သား၊ ဦးအောင်မင်း-(ဒေါ်သန်းသန်းလွင်)တို့၏ မောင်၊ အမှတ်(၂၆၇-အေ)၊ (ခြောက်လွှာ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အေးအေးစန်း၏ ခင်ပွန်း၊ ဦးဇော်ဇော်-မထွေးထွေး၊ ကိုကျော်ကျော်မောင်-မဝင်းမမ၊ ကိုခိုင်လင်းမောင်-မသန္တာအေး၊ ကိုဖြိုးမောင်မောင်ကျော်-မချောချောတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ဖြူဖြူဝင်း (၇၄) နှစ်
B.A (History) ,B.Ed
ကျောင်းအုပ်ဆရာမကြီး
အ.မ.က(၃) သင်္ဃန်းကျွန်း(ငြိမ်း)၊ အ.မ.က (၈) သင်္ဃန်းကျွန်း (ငြိမ်း)၊
အ.မ.က(၁) ဗဟန်း (ငြိမ်း)
မိုးသောက်ပန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ သင်္ဃန်းကျွန်း

ရန်ကုန်မြို့နေ (ဦးကြွယ်သိန်း-ဒေါ်လှမြိုင်)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးထင်ကျော်-ဒေါ်ဖွားတင်)တို့၏သမီးချွေးမ၊ [ဦးသိန်းစိန်(မြန်မာ့ရေနံ-ငြိမ်း)]၏ဇနီး၊ ကိုဝင်းအောင်-မကေသွယ်ဦး၊ ကိုအောင်ဇော်မျိုး (ခ) ဘိုဘို၊မခင်မမစိုးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးနှစ်ယောက်တို့၏ချစ်လှစွာသောအဘွား ဒေါ်ဖြူဖြူဝင်းသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ညောင်ရမ်းထိပ်တင်မကြီး
### အသက်(၉၄)နှစ်
ဆွေတော်မျိုးတော်များ ကန်တော့ခံ
အိုးအိမ်(ငြိမ်း)၊ ကွင်းကောက်ယောဂီ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၂)လမ်း၊ အမှတ်(၃၉)နေ (ညောင်ရမ်းထိပ်တင်မြတ်ကြီး-ဒေါ်ကျင်ဆိုင်)တို့၏ သမီးကြီး၊ (ဦးသိန်းဟံ(ခ)မတ်စော့)၏ ဇနီး၊ ဦးမျိုးဇော်(IWT-ငြိမ်း)-ဒေါ်ကြူကြူဝင်း (ဆလရ-ငြိမ်း)၊ (ဦးဝင်းအောင်)-ဒေါ်နီလာဇော်၊ ဦးဝင်းထွန်း-ဒေါ်ဝါဝါဇော် တို့၏ မိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၃၅ နာရီတွင် ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၂၀ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအုန်းထွန်း(ခ)အဖိုးလေး
### အသက်(၈၄)နှစ်
ယန္တရား(ငြိမ်း) ဆည်မြောင်းဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံ(၂၇)လမ်း၊ အမှတ်(၆၉၄)နေ ဦးအုန်းထွန်း(ခ)အဖိုးလေးသည် ၂၇-၄-၂၀၂၀(တနင်္လာနေ့)မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးအေးကျော်(Kenneth Thaung) (ထုံးဘိုမြို့)
အထပြ (ငြိမ်း)

### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၉၁၈)နေ (ဦးကျော်သောင်း-ဒေါ်သန်းရီ)တို့၏သား၊ ဒေါ်မြင့်မြင့်ခင်၏ ခင်ပွန်း၊ ကိုဝင်းနိုင်-မအေးမြတ်မော်၊ ကိုရဲထွန်းကျော်-မအိအိခိုင်၊ကိုတင်ဝင်းထွန်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၂၀ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးစိုးဝင်း
ညွှန်ကြားရေးမှူး (လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန)
သစ်တောဦးစီးဌာန၊ နေပြည်တော်

### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ကမာကြည်လမ်း၊ အမှတ်(၁၅၃/၇)နေ (ဦးကြိုင်)-ဒေါ်မြသွယ်တို့၏ သားငယ်၊ ဒေါ်ခင်သီတာစိုး(မသက်)၏ချစ်လှစွာသောခင်ပွန်း၊ဦးအောင်ကျော်မြင့်(ဦးစီးအရာရှိ- ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)-ဒေါ်တင်တင်သိန်း(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကုန်သွယ်ရေးဦးစီးဌာန)၊ ဒေါက်တာစောယုမြင့် (စုစံဝင်းဆေးခန်း)တို့၏ညီ/မောင်၊ ကိုစိုးပြည့်ထွန်း(B.E-EC)-မမေဇင်ဦး၊ မောင်ရဲပြည့်အောင်(Fourth Year Computer-UCSY)တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၈:၁၀ နာရီတွင် နေပြည်တော်နေအိမ်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဦးသာအေး
(MTM) Bernhard Schulte Ship Management

### အသက် (၅၇) နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၇၃)၊ ရိပ်သာလမ်းနေ (ဦးမောင်ကျန်မွေး-ဒေါ်နှင်းငုံ)တို့၏သား၊ (ဦးကြီးမြင့်-ဒေါ်မြသန်း) တို့၏သားသမက်၊ ဒေါ်သီတာဦး၏ခင်ပွန်း၊ကိုမျိုးမျိုးအောင်(Dream Team FC)-မဖြူသီရိခိုင်တို့၏ဖခင်ကြီး၊ မောင်ဉာဏ်ဘုန်းပြည့်၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးသာအေးသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ ရက် နံနက် ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၀) ကျင်းပ

နေပြည်တော် ဧပြီ ၃၀

ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၀) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြေညာထား**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက်တွင် စတင်ကျင်းပရန် ကြေညာထားပြီး ဖြစ်ပါကြောင်း၊ ယခု ခေါ်ယူထားသည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

### ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ခေတ္တရွှေ့ဆိုင်းကြောင်းနှင့် ပတ်သက်၍ ပြည်သူလူထုကို အသိပေး

စာမျက်နှာ » ၇

### ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများအတွက် ကိုရိုနာပိုင်းရပ်စ်ဆိုင်ရာ ဖုန်းလိုင်းဖွင့်လှစ်

စာမျက်နှာ » ၁၁

### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅





### ဂျာဒန်ဆန်ချိုကို ရရှိရေး မန်ယူအသင်းက ကျောနံပါတ် ၇ ဝတ်ဆင်ခွင့်ပြုမည်ဟုဆို

စာမျက်နှာ » ၂၅

# ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား၇၆ ဦးအား ပထမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဧပြီ ၃၀

ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေအရ နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသား ၇၆ ဦးအား ယနေ့တွင် အင်ချွန်းလေဆိပ်မှ မြန်မာနိုင်ငံသို့ ရန်ကုန်-အင်ချွန်း-ရန်ကုန် ခရီးစဉ်အတိုင်း မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ရာ ယနေ့ ည ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခက်အခဲကြုံတွေ့နေရသည့် အခြေအနေ၊ မြန်မာနိုင်ငံတွင် ၎င်းတို့အား အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှု (Facility Quarantine) ထားရှိနိုင်မှု အခြေအနေ၊ သွားရောက်ခေါ်ဆောင်မည့် နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့် အဆိုပါနိုင်ငံတွင်း ခရီးသွားလာနိုင်မှုအခြေအနေ၊ လေယာဉ်ခရီးစဉ် ဆောင်ရွက်နိုင်မှု

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✪

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာအရင်းအနှီးများ ရရှိစေရေးအတွက် နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေ၊ ကျေးလက်ဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA, Two Step Loan) နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နှစ်ဆင့်ချေးငွေ (MEB, Two Step Loan) တို့ကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူ တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်စေရေးအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁) ရက်နေ့တွင် အတိုးနှုန်း (၁) ကြိမ် လျှော့ချပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ထပ်မံ၍ နိုင်ငံတော်အစိုးရနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ လက်ရှိထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးရေးချေးငွေ၊ JICA, Two Step Loan ချေးငွေ၊ MEB, Two Step Loan ချေးငွေများအပေါ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ
အထူးထုတ်
နိုင်ငံတော်အစိုးရ၏
**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာ ဖြင့် ဖော်ပြထားပါသည်။

KBZ LIFE
Insurance
BEST LIFE INSURANCE COMPANY IN MYANMAR
01-2307001 | 09-957-777-999
Awarded by World Finance (2015) | (2016)
Asian Banking & Finance (2017, 2018, 2019)

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၊ ၂၀၂၀ (သောကြာနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလ အပါအဝင် (၄) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ

**တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံ - ကေကေ၊ UCSB**

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးပြည့်ဝမှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။ ထို့အတူ နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ရိုးဖြောင့်မှု၊ စိတ်အားတက်ကြွမှု၊ တာဝန်ကျေပွန်မှုနှင့် အရည်အချင်းကို အခြေခံဆောင်ရွက်မှုများ တိုးပွားလာခြင်းဖြင့် ပြည်သူများအတွက် ဝန်ဆောင်မှုကောင်းများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ထိုသို့ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ရေးတာဝန်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စတုတ္ထ (၁) နှစ်တာကာလ အပါအဝင် (၄) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းကို ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -

**မေး။** ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ စတုတ္ထ (၁) နှစ်တာကာလ အပါအဝင် (၄) နှစ်တာကာလအတွင်း သိသာထင်ရှားတဲ့ ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။

**ဖြေ။** ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်ကစပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီ ဖွင့်လှစ်နိုင်ရေးအတွက် တက္ကသိုလ်တွေရဲ့ ရည်ရွယ်ချက်နဲ့ ဦးတည်ချက်တွေ၊ အမှတ်တံဆိပ်နဲ့ ဆောင်ပုဒ်တွေ၊ သင်ရိုးဇယားတွေ၊ ဝန်ထမ်းတွေနဲ့ သင်တန်းသားတွေရဲ့ တူညီဝတ်စုံတွေ ပြင်ဆင်သတ်မှတ်ခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ကို (အောက်မြန်မာပြည်)လို့ ပြင်ဆင်ခြင်း၊ ပညာဌာနတွေအဖြစ် စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာနနဲ့ ICT ပညာဌာန စတဲ့ ပညာဌာန ခုနစ်ခုတို့နဲ့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံတွေ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ကိုးလမြောက်တဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒီတက္ကသိုလ်တွေမှာ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းနဲ့ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းတွေကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းသားတွေ နေထိုင်ရေးနဲ့ စာသင်ဆောင်တွေကို အသစ်တည်ဆောက်ပေးခြင်း မွမ်းမံပြင်ဆင်ခြင်း စတာတွေ ဆောင်ရွက်ပေးခဲ့သလို သန္ဓေဝန်ထမ်းတွေအတွက် သင်ကြားစီမံရုံး၊ ဝန်ထမ်းအိမ်ရာတွေ စီစဉ်ပေးခြင်း၊ အဆောက်အဦအဟောင်းတွေ အကြီးစားမွမ်းမံပြင်ဆင်ပေးခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒီလို တည်ဆောက်ပေးတဲ့အတွက် သင်တန်းသားတွေဟာ အရင်က Hall Type ခန်းမဆောင်ကြီးအတွင်း စုပေါင်းနေထိုင်ရခြင်းကနေ Single တစ်ဦးချင်း သီးသန့်အခန်းတွေနဲ့ ကိုယ့်အခန်းတွင်းမှာ စိတ်အေးသက်သာစွာ လေ့လာသင်ယူနိုင်ပြီ ဖြစ်ပါတယ်။ စာသင်ဆောင်တွေကို စနစ်တကျပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းတွေ ဆောင်ရွက်ခဲ့တဲ့အတွက် သင်တန်းသားတွေ သက်သောင့်သက်သာစွာနဲ့ စာပေတွေကို သင်ယူနိုင်ပြီ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြမယ့် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ ပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်စီမံခန့်ခွဲမှုတွေ အားကောင်းလာစေရေး ရည်ရွယ်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ရဲ့ နည်းပညာပံ့ပိုးကူညီမှုနဲ့ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှာ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက် ၂၀၁၇ - ၂၀၂၀ ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ စီမံချက်ပါ လုပ်ငန်းစဉ်အရလည်း နိုင်ငံတကာက ဝန်ထမ်းတွေနဲ့ အတွေ့အကြုံဖလှယ်နိုင်ဖို့ ပြည်ပနိုင်ငံတွေ သွားရောက်ခြင်းတွေ၊ ချိတ်ဆက်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN Cooperation on Civil Service Matters – ACCSM) မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံနိုင်ငံနဲ့ တခြားနိုင်ငံတွေမှာ ကျင်းပတဲ့ အစည်းအဝေးတွေ၊ လေ့လာရေးခရီးတွေ အလုပ်ရုံဆွေးနွေးပွဲတွေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ ကိုယ်စားပြု တက်ရောက်လျက်ရှိပါတယ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း

**မေး။** ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးအတွက် ရွေးချယ်မှုပုံစံပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။

**ဖြေ။** ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ ပုဒ်မ ၈ (က)အရ ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးမှာ အရည်အချင်းပြည့် နိုင်ငံ့ဝန်ထမ်းတွေ စနစ်တကျရွေးချယ်ပေးနိုင်ရေးအတွက် မေးခွန်းပုံစံနဲ့ အမျိုးအစားတွေ စာစစ်ဌာနတွေ ပြင်ဆင်ကျင်းပခြင်း၊ ကွန်ပျူတာနဲ့ ဆန်ခါတင်စစ်ဆေးခြင်း (Screening Test) ဆောင်ရွက်ခဲ့သလို နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ e-Government စနစ်ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး ရည်ရွယ်ပြီး ပြည်သူတွေကို Online Application System (OAS) စနစ်နဲ့ Service ပေးလျက်ရှိပါတယ်။

**မေး။** နိုင်ငံ့ဝန်ထမ်းရေးရာ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြောပြပေးပါ။

**ဖြေ။** နိုင်ငံ့ဝန်ထမ်းရေးရာ ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်းအနေနဲ့ UNDP၊ UNAPCICT၊ EU(GOPA)၊ Hanns Seidel

အထူးကဏ္ဍ [ ၁ ] သို့ »»»




ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၂/၂၃-၈-၂၀၁၉ ရက်နေ့တို့တွင် ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ၏ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ**




နေပြည်တော် Grand Amara Hotel ၌ ၁၈/၁၉-၁၁-၂၀၁၉ ရက်နေ့က ကျင်းပသည့် Inter-Sectoral Dialogue Forum on Public Service Motivation to Support the Realisation of ASEAN Community Vision 2025 and Sustainable Development Goals သို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ က ] မှ

Foundation (HSF)၊ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေ၊ တောင်ကိုရီးယားနိုင်ငံက KOICA၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံက China National Academy of Governance - CNAG၊ ရန်ကုန်မြို့အခြေစိုက် အမေရိကန်သံရုံးမှ အထောက်အပံ့ပေးတဲ့ (Grant) အစီအစဉ်၊ Organization for Economic Cooperation and Development (OECD)၊ နယူးဇီလန်နိုင်ငံက State Services Commission ၊ စီမံအုပ်ချုပ်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများနှင့် တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Association of Schools and Institutes of Administration - IASIA)၊ အာဆီယံ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး နိုင်ငံ့ဝန်ထမ်းတွေ စွမ်းရည်တိုးတက်မြင့်မားစေရေး လေ့ကျင့်သင်တန်းပေးခြင်းကိစ္စရပ်တွေကို ဆောင်ရွက်ပေးနိုင်ခဲ့သလို ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့ သင်တန်းတွေမှာ ပြင်ပဘာသာရပ်တွေအနေနဲ့ သင်ကြားပို့ချနိုင်ရေး ပြည်ပနိုင်ငံတွေက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ပြီး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိရာ နိုင်ငံ့ဝန်ထမ်းတွေ အရည်အသွေးတိုးမြှင့်ရေးအတွက် ပြည်ပနိုင်ငံတွေသို့ ပညာသင်တွေအဖြစ် စေလွှတ်နိုင်ရေး ပညာသင်ဆုအတွက် ခွဲဝေခြင်းဆောင်ရွက်ခဲ့ရာ (၄)နှစ်တာကာလအတွင်း ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေအတွက် နိုင်ငံပေါင်း ၇၅ နိုင်ငံကို ပညာသင်ဦးရေ ၁၇၆၆၁ ဦး ခွဲဝေပေးနိုင်ခဲ့ပါတယ်။ အလားတူ ကျွန်တော်တို့အဖွဲ့မှာရှိတဲ့ ဝန်ထမ်းတွေအတွက် နိုင်ငံပေါင်း ၁၉ နိုင်ငံသို့ ၂၈၇ ဦးကို စေလွှတ်ပေးနိုင်ခဲ့ပါတယ်။

**မေး။** MSDP အရ လုပ်ဆောင်တဲ့ Project Bank မှာ ရာထူးဝန်အဖွဲ့အနေနဲ့ ပါဝင်လုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို သိပါရစေရှင့်။

**ဖြေ။** မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ လုပ်ဆောင်တဲ့ Project Bank မှာ ရာထူးဝန်အဖွဲ့အနေနဲ့ "e-Recruitment and Integrated Civil Service System" Project Proposal ကို ရေးဆွဲထားပါတယ်။ ၂၀၂၀ - ၂၀၂၁ မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းထားပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ရန် လျှောက်ထားချိန်ကစပြီး အငြိမ်းစားယူသည်အထိ နိုင်ငံ့ဝန်ထမ်းတွေကို စီမံခန့်ခွဲတဲ့စနစ် Automation စနစ်ကို သွားနိုင်ဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အရ လုပ်ဆောင်တဲ့ Project Bank မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ "e-Recruitment and Integrated Civil Service System" Project Proposal ကို ရေးဆွဲခဲ့ပြီး ၂၀၂၀ - ၂၀၂၁ တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားရှိပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အုပ်ချုပ်ရေးယန္တရားမှာ ICT ကို အသုံးပြုပြီး ပြည်သူတွေကို e-Service တွေပေးရာမှာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ICT ဆိုင်ရာ Awareness ICT Competency ကျွမ်းကျင်မှု တိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းနဲ့ ပူးပေါင်းပြီး နယ်လှည့်နည်းပညာဟောပြောပွဲကို ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်မှာစတင်ပြီး အပိုင်း (၃)ပိုင်း ခွဲခြားကာ တိုင်းဒေသကြီး ငါးခုနဲ့ ပြည်နယ်ခြောက်ခုကို သွားရောက်ခဲ့ပါတယ်။

**မေး။** နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးမူဝါဒ ထုတ်ပြန်ခဲ့တာနဲ့ပတ်သက်ပြီး သိချင်ပါတယ်။

**ဖြေ။** ၂၀၁၈ ခုနှစ်မှာ ဝန်ထမ်းတွေကို သတ်မှတ်ထားရှိတဲ့ စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်သိက္ခာတွေနဲ့အညီ စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး ၂၀၁၈ ခုနှစ် ဇွန် ၁၃ ရက်မှာ နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ (Civil Service Training Policy) ကို ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး ကောင်းမွန်စွာ လည်ပတ်နိုင်ရေးနဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ အစိုးရအဖွဲ့တွေ ပြောင်းလဲနေပေမယ့် နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ တစ်ပြေးညီဖြစ်စေရေးရည်ရွယ်ပြီး "မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းစနစ်" ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၄ ရက်မှာ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

**မေး။** ရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေ၊ နိုင်ငံ့ဝန်ထမ်းဂျာနယ်၊ ဝန်ထမ်းကျင့်ဝတ်စာစောင်တို့အပြင် ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ပြင်ဆင်ထုတ်ဝေမယ်လို့ သိရပါတယ်။

**ဖြေ။** နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ရုံးလုပ်ငန်းတွေ စည်းကမ်းကျနပြီး တညီတညွတ်တည်း ဖြစ်စေရေးနဲ့ ပိုမိုထိရောက်ထက်မြက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ခေတ်နဲ့အညီ လိုအပ်ချက်အလိုက် ပြင်ဆင်ထုတ်ဝေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခု ပုံနှိပ်သည့်အဆင့် ရောက်ရှိပြီဖြစ်ပါတယ်။

**မေး။** ၂၀၂၀ ပြည့်နှစ်ကို နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးနှစ် (Myanmar Civil Service Training Year 2020) အဖြစ် သတ်မှတ်ဆောင်ရွက်မှုကို သိလိုပါတယ်ရှင့်။

**ဖြေ။** ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေ ဖွင့်လှစ်ခဲ့ပြီးတဲ့နောက် ပို့ချတဲ့ဘာသာရပ်တွေကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေ ပြင်ဆင်နိုင်ရေးအတွက် တက္ကသိုလ်အကြံပေးအဖွဲ့၊ တက္ကသိုလ်ပညာရပ်အဖွဲ့၊ နည်းပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့တို့နဲ့ သုံးသပ်ပြင်ဆင်မှုတွေ ဆောင်ရွက်ပြီး ပြဋ္ဌာန်းစာအုပ်တွေ၊ သင်တန်းသား လေ့လာသူလမ်းညွှန်စာအုပ်တွေနဲ့ ပို့ချသူမှတ်စုတွေ ရေးဆွဲခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ရာမှာ (၃)နှစ်အတွင်း သင်တန်းသား စုစုပေါင်း ၁၇၆၉ ဦးကို ဘွဲ့လွန်ဒီပလိုမာတွေ ပေးအပ်နိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ် မတ် ၁၂ ရက်မှာ အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပြီး (၂)နှစ်အတွင်း သင်တန်းသား ၅၈၅ ဦးကို အဆင့်မြင့်ဒီပလိုမာ ပေးအပ်နိုင်ခဲ့ပါတယ်။

သင်ကြားရေးနည်းစနစ်ပိုင်းမှာ စီမံခန့်ခွဲမှုနဲ့ ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းတွေကို စီမံခန့်ခွဲမှုလေ့ကျင့်သင်ကြားရေးဆိုင်ရာ

အထူးကဏ္ဍ [ ဂ ] သို့ »»»

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းများအား
ပြည်ပ အစည်းအဝေး/ လေ့လာရေးခရီး/ ဆွေးနွေးပွဲ/ သင်တန်းသို့ စေလွှတ်ခဲ့သည့် ဦးရေ

| စဉ် | နိုင်ငံ | ဦးရေ | | | | | ပေါင်း |
|---|---|---|---|---|---|---|---|
| | | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (ခြောက်လတာ) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | |
| ၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈ | ၁၀ | ၉ | - | ၂၆ | ၅၃ |
| ၂ | ကိုရီးယားသမ္မတနိုင်ငံ | ၅ | ၃ | ၅ | ၃ | ၃ | ၁၉ |
| ၃ | စင်ကာပူသမ္မတနိုင်ငံ | ၈ | ၁၄ | ၄ | ၁၅ | ၁၂ | ၅၃ |
| ၄ | ထိုင်းနိုင်ငံ | ၅ | ၅ | ၅ | ၁၂ | - | ၂၇ |
| ၅ | ဂျပန်နိုင်ငံ | ၄ | ၉ | ၆ | ၇ | ၃ | ၂၉ |
| ၆ | မလေးရှားနိုင်ငံ | ၃ | ၂၆ | - | - | - | ၂၉ |
| ၇ | ဖိလစ်ပိုင်နိုင်ငံ | - | ၅ | ၁ | ၆ | - | ၁၂ |
| ၈ | ပြင်သစ်နိုင်ငံ | ၁ | - | - | - | - | ၁ |
| ၉ | နယူးဇီလန်နိုင်ငံ | - | ၇ | - | ၁ | - | ၈ |
| ၁၀ | အိန္ဒိယသမ္မတနိုင်ငံ | ၂ | ၃ | ၃ | ၅ | ၁ | ၁၄ |
| ၁၁ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၁ | - | - | - | - | ၁ |
| ၁၂ | ကမ္ဘောဒီးယားနိုင်ငံ | - | ၂ | ၂ | ၂ | ၂ | ၈ |
| ၁၃ | ဗြိတိန်နိုင်ငံ | - | ၂ | - | - | - | ၂ |
| ၁၄ | ဗီယက်နမ်နိုင်ငံ | - | ၃ | - | ၁ | ၁ | ၅ |
| ၁၅ | အင်ဒိုနီးရှားနိုင်ငံ | - | ၂ | ၂ | ၂ | | ၆ |
| ၁၆ | အိုင်ယာလန်နိုင်ငံနှင့် အင်္ဂလန်ကွန်ဒိုမီနီယံနိုင်ငံ | - | - | ၁၄ | - | - | ၁၄ |
| ၁၇ | ဘရူနိုင်းဒါရုဆလမ်နိုင်ငံ | - | - | - | ၂ | - | ၂ |
| ၁၈ | ကနေဒါနိုင်ငံ | - | - | - | ၁ | ၂ | ၃ |
| ၁၉ | ပေါ်တူဂီနိုင်ငံ | - | - | - | ၁ | - | ၁ |
| | စုစုပေါင်း | ၃၇ | ၉၁ | ၅၁ | ၅၈ | ၅၀ | ၂၈၇ |

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေ ဖွင့်လှစ်ခဲ့ပြီးတဲ့နောက် ပို့ချတဲ့ဘာသာရပ်တွေကို နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာတွေ ပြင်ဆင်နိုင်ရေးအတွက် တက္ကသိုလ်အကြံပေးအဖွဲ့၊ တက္ကသိုလ်ပညာရပ်အဖွဲ့၊ နည်းပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းအဖွဲ့တို့နဲ့ သုံးသပ်ပြင်ဆင်မှုတွေ ဆောင်ရွက်ပြီး ပြဋ္ဌာန်းစာအုပ်တွေ၊ သင်တန်းသား လေ့လာသူလမ်းညွှန်စာအုပ်တွေနဲ့ ပို့ချသူမှတ်စုတွေ ရေးဆွဲခဲ့**

»»» အထူးကဏ္ဍ [ ခ ] မှ



နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၊ နိုင်ငံခြားပညာသင်စိစစ်ရွေးချယ်စေလွှတ်ရေးလုပ်ငန်းကော်မတီ၏ ပုံမှန်အစည်းအဝေး ကျင်းပစဉ်။

ချဉ်းကပ်မှုနည်းလမ်းနဲ့ ပညာရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းတို့နဲ့ လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေဟာ ရာထူးအဆင့်အလိုက် တက်ရောက်ရန် သတ်မှတ်ထားတဲ့ သင်တန်းတွေကို မဖြစ်မနေ တက်ရောက်ပြီးမှသာ ရာထူးတိုးမြှင့်ခံရခြင်း၊ ချီးမြှင့်မြှောက်စားခံရခြင်းတွေ စတဲ့ ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ လက်ရှိ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သင်တန်းတက်ရောက်ရန် ကျန်ရှိမှုစာရင်းတွေ ကောက်ခံလိုက်တဲ့အခါမှာ သင်တန်းသားများစွာ ကျန်ရှိနေတာကို သိရပါတယ်။ ဒါကြောင့် ထိရောက်စွာ လေ့ကျင့်ပေးနိုင်ဖို့ သင်ရိုးဇယား ပြင်ဆင်ခြင်း၊ အဓိကဘာသာရပ်တွေ သင်ကြားခြင်း၊ သင်တန်းကာလ လျှော့ချခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

**မေး။** မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးနှစ် ၂၀၂၀ အဖြစ် ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်ကို သိပါရစေရှင့်။

**ဖြေ။** မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ရေးနှစ် ၂၀၂၀ (Myanmar Civil Service Training Year 2020) ကို အကောင်အထည်ဖော်ရာတွင် အသေးစိတ်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ ရှိပါတယ်။ အပိုင်း(၂)ပိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အပိုင်း(၁)အနေနဲ့ သင်တန်းပို့ချသူ ဆရာ ဆရာမတွေ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပိုင်း(၂)က လက်ရှိသင်ကြားပို့ချလျက်ရှိတဲ့ သုတပညာအခြေပြုသင်ရိုးညွှန်းတမ်း (Knowledge-based Curriculum)မှ ကျွမ်းကျင်မှု အခြေပြုသင်ရိုးညွှန်းတမ်း (Competency-based Curriculum)အဖြစ် ပြင်ဆင်ပြောင်းလဲခြင်းတို့ဖြစ်ပါတယ်။

**မေး။** ဗဟိုဝန်ထမ်းတက္ကသိုလ်တွေကို နိုင်ငံတကာအသိအမှတ်ပြုတဲ့ သင်တန်းကျောင်း တစ်ကျောင်းအဖြစ် မျှော်မှန်းဆောင်ရွက်နေတာတွေကို ပြောပြပေးပါဦး။

**ဖြေ။** ဗဟိုဝန်ထမ်းတက္ကသိုလ်တွေကို နိုင်ငံတကာအသိအမှတ်ပြုတဲ့ သင်တန်းကျောင်း တစ်ကျောင်းအဖြစ် မြှင့်တင်နိုင်ရေး ရည်ရွယ်ပြီး စီမံအုပ်ချုပ်မှုလေ့ကျင့်ရေး သင်တန်းကျောင်းတွေနဲ့ တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (International Association of Schools and Institutes of Administration - IASIA) သို့ ဗဟိုဝန်ထမ်းတက္ကသိုလ်(၂)ခုမှ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်နေတဲ့အပြင် International Commission on Accreditation of Public Administration Education and Training Programs (ICAPA) မှ တရားဝင်အသိအမှတ်ပြုမှု (Accreditation) ရရှိနိုင်ဖို့ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

# လက်ရှိ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သင်တန်းတက်ရောက်ရန် ကျန်ရှိမှုစာရင်းတွေ ကောက်ခံလိုက်တဲ့အခါမှာ သင်တန်းသားများစွာ ကျန်ရှိနေတာကို သိရပါတယ်။ ဒါကြောင့် ထိရောက်စွာလေ့ကျင့်ပေးနိုင်ဖို့ သင်ရိုးဇယား ပြင်ဆင်ခြင်း၊ အဓိကဘာသာရပ်တွေ သင်ကြားခြင်း၊ သင်တန်းကာလ လျှော့ချခြင်းတွေ ဆောင်ရွက်ခဲ့

**မေး။** ဗဟိုဝန်ထမ်းတက္ကသိုလ်က သင်တန်းပို့ချတဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြှင့်တင်ရေးအပိုင်းကို သိပါရစေ။

**ဖြေ။** သင်တန်းပို့ချတဲ့ ဆရာ ဆရာမတွေ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ခြင်းအပိုင်းအနေနဲ့ ရာထူးအဆင့်အလိုက် ပြည်တွင်း ပြည်ပမှာ ဖွင့်လှစ်လျက်ရှိတဲ့ Ph.D၊ MPA၊ MBA၊ MPP Diploma တွေ၊ Workshop၊ Seminar၊ Training တွေ စေလွှတ်ခဲ့ပါတယ်။ ဒ့ါအပြင် Training of Trainers-ToT သင်တန်းပေးမှုအနေနဲ့ ရန်ကုန်မြို့အခြေစိုက် အမေရိကန်နိုင်ငံ Fulbright Specialist Program ရဲ့ နိုင်ငံ့ဝန်ထမ်း အရည်အသွေးမြှင့်တင်မှု (Capacity Enhancement of Myanmar Civil Service) သင်တန်းတွေ၊ အမေရိကန်နိုင်ငံ English Language Fellow Program (ELFP) အစီအစဉ်နဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှာ (ToT) Course for English Faculty သင်တန်းနဲ့ English Language Proficiency သင်တန်းတွေ ပေးခဲ့ပါတယ်။

ဆက်လက်ပြီး UNDP ရဲ့ ပံ့ပိုးကူညီမှုနဲ့ နယူးဇီလန်နိုင်ငံ State Services Commission က ပို့ချတဲ့ Course Analysis and Curriculum Design ရေးဆွဲခြင်းသင်တန်း၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့နဲ့ပူးပေါင်းပြီး Capacity Building and Training of Trainers on Pedagogy သင်တန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ - CNAG အစီအစဉ်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့မှာ 2019 Training Course for Myanmar Trainers in Myanmar သင်တန်းတွေကို ဖွင့်လှစ်ပြီး သင်တန်းပေးခဲ့ပါတယ်။ ဒီသင်တန်းတွေကို နည်းပြ ဆရာဆရာမ ၄၅၂ ဦး စေလွှတ်တက်ရောက်စေခဲ့ပါတယ်။

**မေး။** နိုင်ငံ့ဝန်ထမ်း အရာထမ်းတွေအတွက် အင်္ဂလိပ်စာအရည်အသွေး မြှင့်တင်ရေးအပိုင်းနဲ့ပတ်သက်ပြီး သင်တန်းဖွင့်လှစ်ဆောင်ရွက်နေတာရှိတယ်လို့ သိရပါတယ်။ ဘယ်လိုသင်တန်းမျိုးတွေ ဖွင့်လှစ်နေတယ်ဆိုတာ သိရှိလိုပါတယ်။

**ဖြေ။** ရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းအရာထမ်းတွေ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်နိုင်ဖို့ နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်နဲ့ ပူးပေါင်းပြီး English Language Training for Government Official သင်တန်းကို ဝန်ကြီးဌာနအဖွဲ့အစည်းတွေမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ညွှန်ကြားရေးမှူးအုပ်စု၊ လက်ထောက်ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူးအုပ်စု၊ ဦးစီးအရာရှိတွေအုပ်စု စသည်ဖြင့် တစ်အုပ်စုကို (၃၅)ဦးစီနဲ့ အုပ်စု (၃)ခုခွဲပြီး သင်တန်းကာလ (၅) လခန့်ကို (၃) ကြိမ်ခွဲပြီး (၃) နှစ်အတွင်းမှာ စုစုပေါင်း ၃၂၄ ဦး သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။

**မေး။** ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇ - ၂၀၂၀)ပါ လုပ်ငန်းစဉ်တွေအရ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေ၊ လေ့ကျင့်ပညာပေးခြင်း၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတွေနဲ့ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေရှိရင် သိချင်ပါတယ်။

**ဖြေ။** မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) ရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအစည်းအဝေးတွေ အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွေနဲ့ အခြားဆက်စပ်အစည်းအဝေးတွေ စုစုပေါင်း (၁၀) ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီစီမံချက် ထုတ်ပြန်ပြီးနောက်ပိုင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို ချပြဆွေးနွေးနိုင်ဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တစ်ခုကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ ကျင်းပပြုလုပ်သွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှုတွေထဲက ၂၀၁၉ ခုနှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းစဉ် (၄)ခုနဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဆောင်ရွက်မယ့် လုပ်ငန်းစဉ် (၁) ခုတို့ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။

လုပ်ငန်းစဉ် (၁) ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်အရာထမ်းများ၏ ကျွမ်းကျင်မှုအခြေပြုလုပ်ငန်း တာဝန်သတ်မှတ်ချက် (Competency-based Job Descriptions for Senior Officials of the Civil Service)၊ လုပ်ငန်းစဉ်(၂)ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း အဆင့်မြင့်



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း နေပြည်တော် Grand Amara Hotel ၌ ၃၀-၇-၂၀၁၉ ရက်နေ့က ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

စီမံခန့်ခွဲမှု အရာထမ်းခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်စာတမ်း (Senior Executive Leadership Development Scheme–SELDS)၊ လုပ်ငန်းစဉ် (၃) ဖြစ်တဲ့ အစိုးရဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ သဘောထားအမြင်စစ်တမ်း (Public Perception Survey of Government Services–PPSoGS)၊ လုပ်ငန်းစဉ် (၄) ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး ရလဒ်ကိုအခြေခံသည့် အားလုံးပါဝင်သော စွမ်းဆောင်ရည်အကဲဖြတ်သည့် စနစ်နှင့် စွမ်းဆောင်ရည် အကဲဖြတ်ခြင်းပုံစံ (Transparency and Result – based Performance Evaluation System for the Civil Service) တွေကို ပြုစုရေးဆွဲခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဆောင်ရွက်မယ့်လုပ်ငန်းစဉ် (၁)ခုက နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (Code of Ethics) မူကြမ်းကို ရေးဆွဲခဲ့ပါတယ်။

**မေး။** **"အစိုးရဝန်ထမ်းတွေအပေါ် ပြည်သူတွေရဲ့ သဘောထားအမြင်စစ်တမ်း" ကောက်ယူမှုကနေ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လို အကျိုးကျေးဇူးတွေရတယ်၊ ဆက်စပ်ပြီး ဘာတွေ ဆက်လက်ဆောင်ရွက်နေသလဲဆိုတာ သိပါရစေ။**

**ဖြေ။** "အစိုးရဝန်ထမ်းတွေအပေါ် ပြည်သူတွေရဲ့ သဘောထားအမြင်စစ်တမ်း" ကို အိမ်ထောင်စုပေါင်း ၂၅၂၀ ကနေ ကောက်ယူခဲ့ပြီး ထုတ်ပြန်ကြေညာထားပါတယ်။ အကျိုးကျေးဇူးအနေနဲ့ ပြည်သူလူထုသို့ ဝန်ဆောင်မှုပေးရာမှာ ပိုမိုထိရောက်မှုရှိစေဖို့နဲ့ မြန်ဆန်စွာ တုံ့ပြန်နိုင်စေဖို့၊ ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ လက်ရှိနိုင်ငံ့ဝန်ထမ်းတွေ တိုးတက်ကောင်းမွန်လာစေဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေနဲ့ဆက်စပ်ပြီး **မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒနည်းလမ်းတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးဖိုရမ်**ကို နေပြည်တော် သင်္ဂဟဟိုတယ်မှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်မှာ ကျင်းပခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံ အာဆီယံလူ့စွမ်းအား ဗဟိုဌာန (ARC)အနေနဲ့ **"ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာနဲ့ ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း (Public Service Motivation)"** ဆိုတဲ့ ပဓာနအာဘော် Theme ကို သတ်မှတ်ပြင်ဆင်ခဲ့ပါတယ်။ ဒါနဲ့ဆက်စပ်ပြီး အာဆီယံဒေသတွင်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ "The Regional Workshop on Public Service Motivation" ကို နေပြည်တော်မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ကနေ ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။



၂၀–၂–၂၀၂၀ ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၁၇)၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်းနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Senior Advisory ဖြစ်သူ Mr. Peter Middlebrook တို့အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အလားတူ အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN Cooperation on Civil Service Matters – ACCSM) Work Plan (2016–2020) အစီအစဉ်အောက်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဦးဆောင်ပြီး အာဆီယံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရန်ပုံငွေ (ASEAN Development Fund–ADF) ရဲ့ ထောက်ပံ့မှုနဲ့ အာဆီယံအသိုက်အဝန်း မဏ္ဍိုင်မျှော်မှန်းချက် ၂၀၂၅ နဲ့ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်ကို နားလည်သဘောပေါက်နိုင်စွမ်း မြှင့်တင်ဖို့အတွက် **"နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ခြင်းဆိုင်ရာ ဖိုရမ်"**ကို နေပြည်တော် Grand Amara Hotel မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်ကနေ ၁၉ ရက်အထိ နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် (Code of Ethics) မူကြမ်းကို ရေးဆွဲခဲ့ပါတယ်။ ကျင့်ဝတ်သိက္ခာနဲ့ပြည့်စုံတဲ့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်လာစေဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေရဲ့ ခေါင်းဆောင်မှု၊ ထိရောက်မှု၊ လိုက်လျောညီထွေ ဖြစ်စေမှုနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုဆိုင်ရာ နှစ်စဉ် လုပ်ငန်းဆောင်ရွက်ချက် ၂၀၂၀ (Leadership, Effectiveness, Adaptability and Professionalism – LEAP ANNUAL WORK PLAN 2020) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒီထဲကမှ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု (Human Resource Management– HRM Policy) အပေါ် မူတည်ပြီး ဌာနအဖွဲ့အစည်းရဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ သတ်မှတ်စံနှုန်းတွေ (Standard Operation Procedures – SOPs) ကို ရေးဆွဲရန် စီစဉ်ထားပါတယ်။




**အရည်အချင်းကို အခြေခံပြီး စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးတဲ့၊ ကျား မ ကွာဟမှု ကျဉ်းမြောင်းစေတဲ့ ဝန်ထမ်းသစ် ခန့်အပ်တဲ့စနစ် ရာထူးတိုးမြှင့်ရေးစနစ်တွေကို အထောက်အကူပြုစေဖို့ ခေတ်မီလူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံး**

**မေး။** **နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်အတွင်း စိတ်အားထက်သန်တက်ကြွမှု ရှိစေရေးလှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာ စစ်တမ်းကို ဘယ်လိုကောက်ယူခဲ့တယ်ဆိုတာလည်း သိရှိလိုပါတယ်။**

**ဖြေ။** နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်အတွင်း စိတ်အားထက်သန်တက်ကြွမှုရှိစေရေး လှုံ့ဆော်မြှင့်တင်ပေးခြင်းဆိုင်ရာစစ်တမ်း (Public Service Motivation Survey) ကို ဌာန (၅) ခုက ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူး ရာထူးအဆင့်ရှိ အရာရှိ ၄၀၉ ဦးကို စစ်တမ်းကောက်ယူခဲ့ပြီး ရလဒ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြအတည်ပြုချက်ရယူပြီး ထုတ်ပြန်ကြေညာခြင်းနဲ့ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေထံ ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** **ဝန်ထမ်းသစ်ခန့်အပ်တဲ့စနစ်၊ ဝန်ထမ်းတွေ ရာထူးတိုးမြှင့်ရေးစနစ်တွေနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာတွေကို သိရှိလိုပါတယ်ရှင့်။**

**ဖြေ။** အရည်အချင်းကို အခြေခံပြီး စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးတဲ့၊ ကျား မ ကွာဟမှု ကျဉ်းမြောင်းစေတဲ့ ဝန်ထမ်းသစ် ခန့်အပ်တဲ့စနစ်၊ ရာထူးတိုးမြှင့်ရေးစနစ်တွေကို အထောက်အကူပြုစေဖို့ ခေတ်မီလူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပြီး ရှေ့ပြေးစမ်းသပ်မှု (Pilot Test) ဆောင်ရွက်မှုအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ဖို့ စီစဉ်နေတာရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ မဟာဗျူဟာလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက် ဝန်ထမ်းတွေရဲ့ အရည်အချင်းအပေါ် မူတည်ပြီး အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားခြင်း၊ ရွေးချယ်ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်းနဲ့ ရာထူးတိုးမြှင့်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လာနိုင်မှာဖြစ်သလို ပိုမိုအားကောင်းတဲ့ သင်ကြားသင်ယူမှု အစီအစဉ်တွေကြောင့် ဝန်ထမ်းတွေအားလုံးရဲ့ စွမ်းဆောင်ရည်တွေ ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)တွင် နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ် ပူးပေါင်းဆောင်ရွက်မှုဖြင့် English Language Training for Government Official သင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။